
www.burmeseclassic.com

WOCATS PUBLICATION

မောင်မျိုး
စီစဉ်သည်

# …ကိုရဲ့

## ကျွန်တော်နှင့်
## ရိုက်ကွင်းပေါ်မှ
## …ယအလွဲများ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၆၆၉/၀၀(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၉၃/၀၁(၈)
ထုတ်ဝေသူ
ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ
၈/၆၅၊ အောင်သိဒ္ဓိလမ်း
အင်းစိန်မြို့နယ်။
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
အမှတ်(၁၄)၊ ၁၁၄ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၂ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ဩနှေတော်နှင့်ရှိက်ကြင်းပေါ်မှ ခုဏ်ယဒဆိုး

# ဈဂုဲ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ "လဲမယ်...လေ"

၂။ "ပုဂံက မင်းသမီး" (ပုဂံကအပြန်...)

၃။ ဇက်ပေါ်က ဇာတ်

၄။ ဂေါ်လံလို မဟုတ်ဘူး

၅။ သမီးက ရှက်တတ်တယ်လေ...

၆။ လွင်မိုး 'ကျနော်'... ကျနော်...'လွင်မိုး'

၇။ သို့ မကြည်ပြာ

၈။ ပင်လယ်ကြီးကို ကျေးဇူးတင်ရသော...
မြွေတစ်ကောင်ရဲ့ ရင်ခုန်သံ

၉။ ကျွန်နုပ်တို့ဒါရိုက်တာနှင့်
ဆိုင်ကယ်စီးဦးထုပ်နဲ့ ရပ်နေတဲ့ ပင်လယ်




www.burmeseclassic.com

www.burmeseclassic.com

အမှာ...

ကျွန်တော် ရိုက်ကွင်းပေါ်မှအလွဲများကို ဒုတိယအကြိမ် ရေးဖြစ်ပါတယ်။

ကျွန်တော် ပထမအကြိမ် ရေးခဲ့တုန်းက ကျွန်တော်ကျင်လည်ရတဲ့ ဒုတိယဇာတ်ညွှန်းသမားဘဝကို အမှတ်တရ ရေးချင်လွန်းလို့ ရေးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကြုံရတဲ့အခက်အခဲ၊ လွဲမှားမှုအဲဒါတွေကို ပရိတ်သတ် သိစေချင်တဲ့ ဆန္ဒနဲ့ ရေးဖြစ်ခဲ့တာပါ။

ရုပ်ရှင်နဲ့ VDO ဟာ ပရိတ်သတ်နဲ့ အရမ်းနီးစပ်ပေမယ့် ရုပ်ရှင်နဲ့ VDO တစ်ကားဖြစ်ဖို့ ကြိုးစားရပုံ... အခက်အခဲ စတာတွေနဲ့ ပရိတ်သတ်ကျတော့ ဝေးလွန်းပါတယ်။ ကျွန်တော်တို့ကားကလေးများကောင်းခဲ့ရင်... ဒီလိုအခက်အခဲလေးတွေ ရှိလို့ပါ ခင်ဗျာလို့.. ပရိတ်သတ်သိအောင် ရေးခဲ့တာပါ။ ဒါတောင်မှ... မရေးဖြစ်တဲ့ အခက်အခဲတွေ ရှိနေပါသေးတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဗမာလူမျိုးက မှတ်တမ်းမှတ်ရာ ထားခဲပါတယ်။ စာလည်း ရေးဖြစ်၊ မှတ်တမ်းမှတ်ရာလည်းကျန်... ဆိုတဲ့ စိတ်နဲ့ ရေးဖြစ်တာပါ။

ကျွန်တော်ရေးရတဲ့အခါမှာ အခက်အခဲတစ်ခုက... ကျွန်တော်နဲ့ ဆုံခဲ့ဖူးတဲ့ အတွေ့အကြုံမှာ မင်းသား၊ မင်းသမီးနဲ့ ဒါရိုက်တာတွေရဲ့

[illegible]

www.burmeseclassic.com

နာမည်ကို အရင်းအတိုင်း ရေးရခြင်းပါ။ တစ်ခြားနာမည်တစ်ခုနဲ့ ရေးရင် ပရိတ်သတ်အတွက် ဘာမှကို ခံစားလို့ ရတော့မှာ မဟုတ်လို့ နာမည် အရင်းကိုပဲ သုံးရတာပါ။ ကျွန်တော်ရေးတဲ့အခါ ကျွန်တော့်အတွေ့အကြုံ အမှန်နဲ့ သူတစ်ပါးက ပြောတယ်ဆိုရင်လည်း အပြောခံရတဲ့ ကာယကံ ရှင် မင်းသား၊ မင်းသမီး၊ ဒါရိုက်တာကို မေးပြီးမှ ကျွန်တော်ရေးပါတယ်။

ဒါကြောင့် ဟာ တကယ်အစစ်လားဆိုတော့... အဖြစ်အပျက်အမှန် ဖြစ်ပြီး စာရေးဆရာရဲ့ဂိုဟ်နဲ့ ဖတ်ကောင်းအောင်၊ လိုရင်းရောက်အောင် ပို့ပေးတာကလွဲရင် အစစ်ပါလို့ ပြောရမှာပါပဲ။ ·

အခု... ဒုတိယအလွဲမှာ မင်းသားလွင်မိုးရယ်၊ ချောင်းသာကို သွားရတဲ့ အကြောင်းတွေရယ် များပါတယ်။ ကျွန်တော် ဇာတ်ညွှန်း (၃၈)ပုဒ် ရေးခဲ့ပြီးတဲ့အချိန်မှာ ချောင်းသာကို (၁၄)ခေါက် ရောက်ခဲ့ပါတယ်။ အဲဒီ (၁၄)ခေါက်မှာ မင်းသားလွင်မိုးနဲ့က (၇)ခေါက်ပါ။ ထားဝယ်ကမ်းခြေ ကိုက တစ်ခေါက်ပါ။ ကျွန်တော်ရေးခဲ့တဲ့ ဇာတ်ညွှန်း (၃၈)ပုဒ်မှာ မင်းသား လွင်မိုးနဲ့ ရေးဖြစ်တာ အားလုံး (၂၁)ပုဒ်ပါ။ ဒီတော့ သူ့အကြောင်းက ကျွန်တော့်အတွေ့အကြုံမှာ ပိုများနေပါတယ်။ အဲဒီအတွက်...

ဒီ...ဒုတိယရိုက်ကွင်းပေါ်က အလွဲဟာ မောင်မိုးနဲ့ ပင်လယ်တွေ သိပ်များနေတယ်လို့ မထင်ဘဲ ကျွန်တော့်အတွက် အမှတ်တရမှတ်တမ်း တစ်ခုလို့ သဘောထားပြီး ခံစားနိုင်ကြပါစေ...။

ပရိတ်သတ်အားလုံးကို ခင်မင်ခြင်းအားဖြင့်

[နီကိုရဲ]



www.burmeseclassic.com

www.burmeseclassic.com



"လဲမယ်...လေ"

www.burmeseclassic.com

www.burmeseclassic.com



"လဲမယ်...လေ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေတဲ့ ညှို့ခန်းထဲမှာ မျက်ဝန်းနှစ်စုံ ပြင်းထန်စွာ ဆုံတွေ့ကြတယ်။ မျက်ဝန်းတစ်စုံက ဒေါသမာန၊ နာကျည်းခြင်း။ မျက်ဝန်းနောက်တစ်စုံက အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ တောင်းပန်ခြင်း။ တောက်ခတ်သံ တစ်ချက်နဲ့ မာနမျက်လုံးနဲ့ မျက်နှာဟာ ချာခနဲ လှည့်ထွက်သွားတယ်။

"မင်းကို ငါ သိပ်ချစ်ခဲ့တယ်၊ သိပ်ယုံခဲ့တယ်။ မင်းကို ငါ ဘာဖြစ်လို့ ချစ်တာလဲ သိလား၊ မင်းဟာ ငါ့အတွက် ငါပိုချစ်တဲ့ ငါ့အနုပညာကို လေးစားတယ်၊ တန်ဖိုးထားတယ်၊ မြတ်နိုးတယ်လို့ ငါ ယုံခဲ့လို့ကွ သိလား"

ထိတ်လန့်နေတဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲတက်လာတယ်။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာတယ်။ စကားတစ်ခွန်းချင်းစီ



www.burmeseclassic.com

www.burmeseclassic.com



အားယူဟန် တူပါရဲ့။ ဒါပေမဲ့ ဘာစကားမှ ပြောမထွက်ခဲ့ပါဘူး။

"အေး…ဒါပေမဲ့ မင်း ငါ့ကို လိမ်တယ်၊ ညာတယ်၊ မင်း ငါ့စာတွေကို ဝေဖန်တာတွေအားလုံးဟာ မင်းကိုယ်တိုင် ငါ့စာတွေကို ဖတ်ပြီး ဝေဖန်နိုင်တာ မဟုတ်ဘူး။ မင်း အတွင်းရေးမှူးကောင်မလေးဆီက မင်းမေးပြီး ငါ့ကို လာပြောတာတွေချည်းပဲဆိုတာ ငါ အခု သိရပြီ။ ကဲ…မင်း ငါ့ကို ဘာပြောချင်သေးလဲ၊ ပြောလေကွာ၊ ပြောစမ်း"

ဒေါသမျက်ဝန်းဟာ အဆုံးအထိ လောင်ကျွမ်းပြီး ဝုန်းခနဲ ထရပ်တယ်။ ထိတ်လန့်နေတဲ့ မျက်ဝန်းလည်း အဆုံးအထိရောက်သွားပြီးမှ တစ်စတစ်စပြန်ကျလာတယ်။ နှုတ်ခမ်းကိုကိုက်ရင်း မျက်ဝန်းတွေဟာ တစ်စတစ်စ တည်ငြိမ်လာတယ်။ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တဲ့ မျက်ဝန်းမျိုးပါပဲ။

"ဟုတ်ပါတယ် မောင်၊ တို့ မောင့်စာတွေကို မဖတ်ဖြစ်ခဲ့ပါဘူး၊ ကလျာဆီက မေးပြီး မောင့်ကို ရင်းနှီးအောင် လုပ်ခဲ့တာ ဝန်ခံပါတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတာ တို့မပြောဘဲ မောင် သိသင့်ပါတယ်။ တို့ မောင့်ကို သိပ်ချစ်လို့ပါ"

နာကျည်းတဲ့ရယ်သံကြီးတစ်ခု ထွက်လာပါတယ်။ ရယ်သံတစ်သံချင်းဟာက နံရံတွေကို နာကျင်စွာ တွန်းတိုက်ပြီး ထွက်လာတဲ့ ရယ်သံနက်ကြီးပါ။

"ဟား ဟား ဟား…ချစ်လို့ ဟုတ်လား၊ ချစ်လို့…ချစ်လို့ ဟား ဟား ဟား…"

ဆက်ရယ်နေရာက ရယ်သံက ရုတ်တရက်ကြီး ရပ်သွားတယ်၊ ဒေါသမျက်ဝန်းဟာ အရောင်ပျိုးပျက်လက်သွားပါတယ်။

"မင်း မြဲမြဲမှတ်ထား၊ ချစ်တဲ့လူဟာ ကိုယ်ချစ်တဲ့လူကို တယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မလိမ်ဘူးကွ၊ မယုတ်မာဘူးကွ၊ အချစ်ကို လိမ်ညာမယူဘူးကွ"

"အဲဒီလို မပြောပါနဲ့မောင်၊ မောင့်ကို ချစ်လို့ တို့ လိမ်ခဲ့တာ၊ အကြောင်းအရာအရ မှားချင်မှားမယ်၊ ခံစားချက်က မမှားဘူးမောင်၊ မောင့်ကို သိပ်ချစ်..."

"အဲဒီစကားကို နောက် ဘယ်တော့မှ ထပ်မပြောနဲ့၊ အဲဒီစကားကို ကြားရတာ ငါ့မျက်နှာကို ဓားနဲ့အလှီးခံရသလို ငါနာတယ်၊ မင်းမျက်နှာကို မြင်ရတိုင်း မိန်းမတစ်ယောက်ရဲ့ ပိပိရိရိလိမ်တာကို ခံခဲ့ရတဲ့ ငါ့ဘဝကို ငါ အမြဲရှက်နေရတဲ့ဒုက္ခက လွတ်အောင် ငါ အခုဒီက ထွက်သွားတော့မယ်။ အဲဒါ မင်းအတွက် မင်းရသင့်တဲ့ အမှန်ဆုံး အပြစ်ဒဏ်ပဲ"

စကားဆုံးတာနဲ့ ဒေါသမျက်ဝန်းဟာ လှမ်းထွက်တယ်။

"မောင်...မောင် တို့ကို အဲဒီလို မရက်စက်ပါနဲ့၊ မထားခဲ့ပါနဲ့...မောင်"

ထိတ်လန့်နေတဲ့ မျက်ဝန်းက ပြေးထွက်ပြီး လက်မောင်းကို ဆွဲ အစွမ်းကုန် တောင်းပန်တယ်။

"သွားစမ်းကွာ"

လက်မောင်းကို ဆွဲဖြုတ်ပြီး ပစ်တွန်းလိုက်တော့ ထိပ်လန့်တဲ့မျက်ဝန်းဟာ ဆိုဖာပေါ်ကို လွင့်ခနဲ ကျသွားတယ်။ လူးလဲထပြီး အထိတ်တလန့် အော်တယ်။

"မောင်...မောင် မသွားပါနဲ့ မောင်..."

အော်နေရင်းနဲ့ သူ အကြောက်ဆုံးအရာတစ်ခုကို သူ့ရင်ဆိုင် လိုက်ရပြီဆိုတာ သိသွားတယ်။ ရှိုက်သံတစ်ချက်နဲ့ မျက်ရည်တွေ ဝေခနဲ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဆင်းလာကြတယ်။

အားလုံး ငြိမ်သက်တိတ်ဆိတ်နေကြတယ်။

တသိမ့်သိမ့်...တသိမ့်သိမ့်။

Cut ဆိုတဲ့ အသံ ထွက်လာတယ်။ ထိုးထားတဲ့ မီးတွေ ရှပ်ခနဲ ပိတ်သွားတော့မှ ကျွန်တော် သက်ပြင်းချနိုင်ပါတယ်။

မမို့ (မို့မို့မြင့်အောင်)က လဲကျနေတဲ့ ဆိုဖာပေါ်က ထရင်း လက်မောင်းကိုနှိပ်ရင်း ကိုသားကြီး(ဒွေး)ကို လှမ်းပြောပါတယ်။

"သားကြီးရယ်...နာလိုက်တာ၊ တအားတွန်းတာပဲ၊ ကံကောင်းလို့ နံဘေးမှာ ဆိုဖာရှိနေလို့ပေါ့"

"ကျွန်တော်သိပါတယ် အစ်မရဲ့၊ ဆိုဖာပေါ်ချိန်ပြီး တွန်းတာပါ"

ကိုသားကြီးက ရယ်ရင်းမောရင်း ပြောပါတယ်။ ကိုပြည့်ဝက လည်း နောက်တစ်ခန်းအတွက် ပြင်ရင်းဆင်ရင်း စက်အဖွဲ့ကို နေရာ ရွှေ့ဖို့ ပြောရတယ်။

အခုရိုက်နေတဲ့ ကားက နေနော်ရဲ့ 'ရင်ဘတ်ထဲက လိပ်ပြာ' ဆိုတဲ့ ဇာတ်ပါ။

ဇာတ်ညွှန်းကိုတော့ ကျွန်တော်ပြန်ခွဲပါတယ်။ မမို့ရော ကိုသား ကြီးရောက သရုပ်ဆောင်ရင် ရင်ထဲကနစ်ပြီး သရုပ်ဆောင်ကြတာပါ။ နှစ်ယောက်စလုံးက သဘာရှိတဲ့၊ ကျွမ်းကျင်တဲ့ သရုပ်ဆောင်တွေမို့ သူတို့သရုပ်ဆောင်ရင် အနားမှာရှိတဲ့ မှန်တွေ၊ မီးတွေ၊ လူတွေ၊ ကင်မရာ တွေကို သူတို့ရော သူတို့ကိုကြည့်နေတဲ့ ပရိသတ်ပါ မေ့သွားတဲ့အထိ သရုပ်ဆောင်ကောင်းကြတဲ့ ပညာရှင်တွေပါ။

သူတို့ သရုပ်ဆောင်တာကို ကြည့်ရတာ တစ်ခန်းပြီးရင် တစ်ခါ မောမောသွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသားကြီးနဲ့ ကျွန်တော်ကတော့ ဘယ်နှစ်ကားမြောက်လဲ မသိပေမယ့် မမို့နဲ့ကတော့ ပထမဦးဆုံး စတွဲတဲ့ စရေးဖြစ်တဲ့ကားပါ။

တစ်ခန်းပြီးသွားလို့ ခဏနားတဲ့ မမို့နဲ့ ကျွန်တော် စကားပြောဖြစ်ပါတယ်။

"မမို့ရယ်...ကြည့်ရတာ မောသွားတာပဲ"

"ကြည့်ရတာတောင် မောတယ်ဆို သရုပ်ဆောင်ရတဲ့လူဆို တွေးသာတွေးကြည့်တော့ ကိုရဲရေ...၊ သရုပ်ဆောင်တယ်ဆိုတာလည်း အဲဒီလို အပေးအယူတည့်ရင် တစ်ခါတည်း ပါသွားတာ၊ အဲဒါ အခု မနည်းပြန်ပြန်ပြီး သတိနဲ့ထိန်းရတာ၊ မမို့က နှလုံးရောဂါ အစပျိုးနေတော့ စိတ်ကို အရင်တုန်းကလို အဆုံးအထိလွှတ်ပေးလို့ မရဘူး"

"ဟုတ်လား၊ မမို့ရောဂါက..."

"အင်း...နှလုံးရောဂါကြီးရယ်လို့ အတိအကျတော့ မဟုတ်ဘူး ပေါ့၊ အရင်တုန်းက နှလုံးကို နှစ်ပြီး လုပ်ခဲ့ရတာ အကြိမ်ကြိမ်ဆိုတော့ နှလုံးက မခံနိုင်ဘူး၊ ပြီးရင် မောမောပြီး ကျန်ခဲ့လို့"

မမို့ စကားထဲမှာ ကျွန်တော် စိတ်ဝင်စားသည့် အချက်တစ်ချက် ပါသွားတာ သိလိုက်ပါတယ်။ ဒါနဲ့ မမို့ကို မေးဖို့ ကြိုးစားရတယ်။

"ခုနက မမို့ပြောတဲ့အထဲမှာ မျောပါသွားတဲ့စိတ်ကို ပြန်ထိန်းမိရတယ်လို့ ပါတယ်။ မမို့တို့က သရုပ်ဆောင်တဲ့အချိန်မှာ စိတ်က နှစ်မျိုး ဖြစ်နေတာပေါ့ ဟုတ်လား၊ ဆိုလိုတာက စိတ်နှစ်ခုရှိတယ်ပေါ့ သရုပ်ဆောင်နေတဲ့ စိတ်ရယ်၊ အဲဒီစိတ်ကို လျှော့နိုင်ထိန်းနိုင်တဲ့စိတ်ရယ်"

"အမယ်လေး အရေးထဲ Interview နဲ့ တွေ့နေပြန်ပြီ"

"မဟုတ်ပါဘူး မမို့ရဲ၊ ကျွန်တော်က ကြုံလို့ မေးကြည့်တာပါ၊ ဒါမျိုးက မမို့တို့လို လူမျိုးကို မေးမှ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ကိုရဲရ..."

မမို့က စကားစပြီး တစ်ချက်စဉ်းစားပါတယ်။ မမို့ဆိုတာက ဖြတ်သန်းခဲ့တဲ့ အနုပညာခရီးက နည်းခဲ့တာမှ မဟုတ်တာ။ သူ့လို လူမျိုးဆိုမှာ မပြောဖြစ်တဲ့ အတွေ့အကြုံတွေက အများကြီးရှိနေမှာ။

"ဒီလိုလေ၊ စိတ်နှစ်မျိုးဆိုပေမယ့် တစ်မျိုးက အခံစိတ်ပါ။ သရုပ်ဆောင်တဲ့ စိတ်လောက် မထင်ရှားဘူးပေါ့။ ဒါပေမဲ့ ရှိရှိနေတယ်၊ အဲဒါကို နားလည်အောင်ပြောရရင် မမို့တို့ စသရုပ်ဆောင်ကာစက Mood ကို မထည့်တတ်ဘူးပေါ့နော်။ သရုပ်ဆောင်နေရင်း ငါ သရုပ်ဆောင်နေတယ်ဆိုတာကြီးကို သိနေတယ်။ အဲဒီတော့ သရုပ်ဆောင်နေတဲ့ စိတ်ရယ် Mood မဝင်တဲ့ စိတ်ရယ်ပေါ့။ အဲဒီကဆက်ပြီး ကြိုးစားတော့ Mood ကို ဖမ်းတတ်သွားတယ်။ စိတ်နှစ်လိုက်ရင် နှစ်လိုက်တဲ့စိတ်က တစ်ခါတည်းနဲ့ Mood ဖြစ်သွားတယ်။ ဘာမှ မသိတော့ဘူး။ မမို့ မေ့တောင် လဲဖူးတာ။ အဲဒီလို Mood ကို နိုင်သွားတဲ့အခါကျတော့ စိတ်ကို ခွဲလို့ ရလာတယ်။ အဲဒီမှာ ခုနကပြောတဲ့ ထိန်းနိုင်တဲ့ စိတ်ကလေး ပြန်ရလာတာ၊ မမို့ပြောတာ ရှင်းရဲ့လားမသိဘူး"

ကျွန်တော်ကတော့ နားလည်သွားပါတယ်။ Mood ကို မနိုင်ခင် ကလည်း စိတ်နှစ်စိတ်ရှိတယ်။ Mood ကို နိုင်သွားတော့လည်း စိတ်နှစ်စိတ်ပြန်ရတယ်။ နောက်ဆုံး ပြန်ရတဲ့ စိတ်နှစ်ခုက ပထမစိတ်လိုမျိုး တော့ မဟုတ်တော့ပါဘူး။ စွမ်းအင်အပြည့်နဲ့ပါ။ Mood ကို ထိန်းနိုင် လျှော့နိုင် တိုးနိုင်တဲ့ Mood ကို ထိန်းတဲ့စိတ်ပါ။ မမို့စကားနဲ့ဆိုရင်တော့ အခံစိတ်ကလေးပေါ့။

အဲဒီနေ့က မမို့နဲ့ စကားပြောဖြစ်တာ ကျွန်တော့်အတွက်တော့ တော်တော်အကျိုးရှိသွားပါတယ်။ ဒါမျိုးဆိုတာက သူတို့လို ဖြတ်သန်းမှု



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းတဲ့ ဝါရင့်သရုပ်ဆောင်တွေဆီမှာ ရှိတာမဟုတ်လား။ ရှားပါးတဲ့ ကိုယ်တွေ့ အတွေ့အကြုံမျိုးပါပဲ။

နောက်နေ့တွေမှာ မမို့နဲ့ ကျွန်တော် စကားတော်တော်ပြောဖြစ်ပါတယ်။ ပြောဖြစ်တဲ့အကြောင်းအရာတွေက စာအုပ်တွေအကြောင်းပါ။ ထင်မထားပါဘဲ မမို့ဟာ စာအတော်ဖတ်တဲ့ မင်းသမီးလို့ သိခဲ့ရပါတယ်။ ထူးခြားတာက မမို့အကြိုက်ဆုံး စာရေးဆရာမ ဆရာမကြည်အေး ဖြစ်နေတာပါပဲ။ ဆရာမကြည်အေးရဲ့ ဝတ္ထုတော်တော်များများအကြောင်းကို ပြောနိုင်ပါတယ်။ နွမ်းလျှအိမ်ပြန်၊ မိ မောင် ကိုကိုနဲ့ မြနန္ဒာတို့ တမ်းတတတ်သည်တို့ အကုန်နီးပါးပါပဲ။ ကားကြီးရိုက်ရမယ့် ဝတ္ထုတွေကိုလည်း သူ အသေအချာဖတ်ပါတယ်တဲ့။

ကျွန်တဲ့စာရေးဆရာတွေထဲက ဂျာနယ်ကျော်မမလေး၊ မစန္ဒာ၊ နုနုရည်အင်းဝ၊ ဂျူး စတာတွေကိုလည်း သူဖတ်ကြောင်း ဝတ္ထုနာမည်တွေနဲ့ သူကြိုက်တဲ့ ဝတ္ထုတွေကို ပြောဖြစ်ကြတယ်။ ရင်ဘတ်ထဲက လိပ်ပြာက ချောင်းသာမှာ ဇာတ်သိမ်းတာဆိုတော့ ချောင်းသာမှာ ပိုစကား ပြောဖြစ်ပါတယ်။ မမို့ရဲ့ ဘဝတစ်စိတ်တစ်ပိုင်းနဲ့ ခံစားချက် ခံယူချက်တွေကိုလည်း ကျွန်တော် အထိုက်လျောက် ထိသိခွင့် ရခဲ့ပါသည်။

အဲဒီကားပြီးတော့ မမို့နဲ့ ကျွန်တော်တို့ ထပ်မဆုံဖြစ်ကြဘူး။

ရှစ်လလောက်ကြာပြီးတော့မှ သန်လျင်ဘက်မှာ ကားရိုက်ကြရင်း မမို့နဲ့ ကျွန်တော် ထပ်ဆုံဖြစ်ကြတယ်။ မိုးတွေရွာနေလို့ ရိုက်ကွင်းနားနေရတုန်း မမို့နဲ့ ကျွန်တော် အေးအေးလူလူ စကားပြောဖြစ်ကြရင်း မထင်မှတ်ဘဲ မမို့လွဲခဲ့ဖူးတဲ့ ရိုက်ကွင်းပေါ်က အလွဲတစ်ခုကို [illegible] ကျွန်တော့်ကို ပြောပြတယ်။

မမို့ရိုက်ခဲ့တဲ့ကားကြီးတွေထဲက 'ဖွေးဆိုသော မိ[illegible]' ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကားမှာပါ။ အဲဒီကားကို ကြည့်ဖူးတဲ့ ပရိသတ်လည်း ရှိမှာပါ။ ဇာတ်လမ်း အကျဉ်းက အမွှာပူး ညီအစ်မနှစ်ယောက် ငယ်စဉ်ကတည်းက ကွဲနေကြတယ်။ တစ်ယောက်က လူဆိုး ကြမ်းတယ်၊ ရမ်းတယ်၊ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ကိုယ်ခံပညာတွေလည်း တတ်တယ်၊ မတတ်လို့လည်း မရဘူးလေ၊ သူကျင်လည်ရတာက လူဆိုးလူမိုက်အသိုင်းအဝိုင်းမှာကိုး။

ကျန်တဲ့တစ်ယောက်က ပထမတစ်ယောက်နဲ့ ဆန့်ကျင်ဘက်ပါ။ ရိုးသားသိမ်မွေ့တယ်၊ မိန်းကလေးပီသတယ်၊ ကြောက်တတ်လန့်တတ်တယ်။ ဒီစရိုက်နှစ်ခုစလုံးကို မမို့ကပဲ နှစ်ကိုယ်ခွဲ သရုပ်ဆောင်တာပါ။ အဲဒီလို စရိုက်မတူတဲ့ နှစ်ယောက်ဟာ နေရာလွဲပြီး ရောက်သွားတဲ့အခါ လူကောင်းကို လူဆိုးထင်၊ လူဆိုးကို လူကောင်းထင်ပြီး လွဲကြ၊ လူဆိုး ဖြစ်တဲ့ ကောင်မလေးက လူကောင်းဖြစ်တဲ့ သူ့အစ်မရဲ့ ချစ်သူကို စိတ်ဝင်စား၊ နောက်ဆုံး လူဆိုးတွေက ဖမ်းသွားကြတဲ့ သူ့အစ်မကို ပြန်ကယ်တင်ရင်းနဲ့ လူဆိုးကောင်မလေး သေသွား စတဲ့ အကြမ်းအရမ်း အလွမ်းကားပေါ့။

အဲဒီမှာ လူဆိုးလုပ်တဲ့ကောင်မလေးရဲ့ ဇာတ်ဝင်ခန်းတွေကို ရိုက်ဖို့ ရုပ်ရှင်အဖွဲ့ တောင်ကြီးကို တက်ရပါတယ်။ လူဆိုးကောင်မလေးရဲ့ စရိုက်ကို စပြီးပြတဲ့ အခန်း။ ဇာတ်လမ်းအရ လူဆိုးကောင်မလေး က ဘိန်းဖြူအရောင်းအဝယ်လုပ်ဖို့ ဆိုင်ကယ်စီးပြီး လူဆိုးတွေရှိတဲ့ တိုက်အိမ်ခြံဝန်းထဲကို ဝင်လာမယ်။ ပြီးတော့ ဆိုင်ကယ်ပေါ်က ဆင်း၊ ခြံထဲက လူဆိုးခေါင်းဆောင်နဲ့တွေ့၊ ဘိန်းဖြူနဲ့ ငွေအိတ်လဲအပြီး လူဆိုး ခေါင်းဆောင်က ဆိုင်ကယ်သော့ကို ယူထား။ ပြီးတော့မှ သူတို့ပေးလိုက်တဲ့ ငွေအိတ်နဲ့ ဆိုင်ကယ်သော့ကို ပြန်လဲခိုင်း။ ဆိုင်ကယ်ပါမှ ကောင်မလေးက ခြံထဲက ပြန်ထွက်လို့ ရမှာကိုး။ အဲဒီမှာ ဆိုင်ကယ်သော့ကို

www.burmeseclassic.com



ပြန်မယူဘဲ မမို့က ခြံထဲက လူဆိုးတွေနဲ့ ချရမှာ။

ရိုက်ဖို့စီစဉ်ကြတဲ့အခါ အခက်အခဲတစ်ခုက မမို့က လူဆိုးခေါင်းဆောင်လုပ်တဲ့လူကို မကြိုက်ဘူး ဖြစ်နေတယ်။ ဒီအခန်းမှာ လူဆိုးခေါင်းဆောင်ဟာ Style ရှိရှိ ကြောက်စရာကောင်းတဲ့ ဇာတ်ရုပ်မျိုးကို မမို့က လိုချင်တယ်။ ပါလာတဲ့လူကြမ်းတွေက မမို့လိုချင်တဲ့ Style မျိုး မရဘူးဖြစ်နေတော့ မမို့က ဒါရိုက်တာကို ပြောပြီး လူဆိုးကောင်းကောင်း လိုချင်ကြောင်း ပြောပြတယ်။

"ဒီအခန်းက လူဆိုးညီမလေးရဲ့ စရိုက်ကို စပြတာဆိုတော့ Style ကောင်းကောင်းလူဆိုးနဲ့ စတွေ့တာ ပြချင်တယ်။ အခုရှိတဲ့လူတွေကို ငါ အားမရဘူး။ လူဆိုးက ကောင်းမှ အဲဒီလူဆိုးကို နိုင်နိုင်တဲ့ သမီးရဲ့ ကျွမ်းကျင်မှုကို ပရိသတ်က လက်ခံမှာ"

ဒါရိုက်တာက… ဇာတ်တစ်ဇာတ်မှာ တစ်ယောက်နဲ့တစ်ယောက် အပေးအယူကောင်းမှ၊ လူကြမ်းဆိုလည်း အော့နှလုံးနာလောက်အောင်၊ ကြောက်စရာကောင်းလောက်အောင်ကြမ်းမှ တစ်ဖက်မှာ လွမ်းရတာ။ လူဆိုးအရမ်းတော်တာကို ပြထားပြီးမှ အဲဒီလူဆိုးကို အနိုင်ယူနိုင်တဲ့ မင်းသားကို ပရိသတ်က အရမ်းတော်တယ်လို့ ယုံတာကိုး။

ဒါပေမဲ့ ကားရိုက်ဖို့ ခေါ်လာတဲ့ လူကြမ်းတွေက အထိုး အကြိတ် လူကြမ်းတွေချည်းပဲ ဖြစ်နေတယ်။ Style ကောင်းကောင်းနဲ့ မှင်သေသေ လူမိုက် မရှိဘူး။ တောင်ကြီးကနေ ရန်ကုန်ကို လူတစ်ယောက် လှမ်းရှာခိုင်းဖို့ကလည်း ရန်ကုန်မှာ အဲဒီလူ ရမရ မသေချာတာရယ်၊ ရပြီဆိုရင် ဒီတစ်ခန်းကို ရိုက်ဖို့အတွက် ရန်ကုန်က တောင်ကြီးကို ဒီလာဖို့ စောင့်ရမဲ့ ရက်ကို လူလေးငါးဆယ်နဲ့ စောင့်ဖို့က မဖြစ်နိုင်ပါဘူး။ ဒီတော့ ခေါင်းချင်းဆိုင် စဉ်းစားကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ဒီလူ လျှောက်စဉ်းစားရင်း မမို့က လူတစ်ယောက်ကို သတိရတယ်။

"ဆရာ…အတော်ပဲ၊ ဆရာ့ဆီ လာလာနေတဲ့ လူလေ၊ မနေ့ ညကတောင် ဆရာနဲ့ ဘီယာလာသောက်တဲ့လူ၊ ဆရာ မိတ်ဆက်ပေး တယ်လေ"

မမို့ပြောတဲ့လူက တောင်ကြီးက ဒါရိုက်တာရဲ့ မိတ်ဆွေပါ။ ကုန်သည်လုပ်တယ်၊ ချမ်းသာတယ်၊ ရုပ်ရည်က အပျံစား။ အသက် ကလည်း လေးဆယ်လောက်ရှိပါပြီ။ အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ သူ့ပုံစံက နိုင်ငံခြားမင်းသားပုံစံမျိုး။

"အာ…သူက တို့လိုချင်တဲ့ ပုံစံတော့ ရောက်ပါတယ်၊ ဒါပေမဲ့ တစ်ခါမှ ဒါမျိုးလုပ်ဖူးတာ မဟုတ်ဘူး။ ဝါသနာပါတယ်လို့လည်း မပြော ဖူးဘူး။ ဆရာနဲ့တော့ ရင်းနှီးတာ မှန်ပါတယ်။ အကူအညီတောင်းဖို့ ဆိုတာက…"

"ဆရာကလည်း ပြောကြည့်တာပေါ့၊ အကူအညီတောင်းတာ ပဲ၊ သမီးလည်း အကူအညီတောင်းမယ်လေ၊ သူဆိုရင်တော့ Style က အပျံစား ဆရာ"

ဒါနဲ့ပဲ နောက်ဆုံးမှာ အဲဒီလူကို ယာယီအကူအညီတောင်းဖို့ သဘောတူကြတယ်။ ညနေစောင်းကြတော့ သူကလည်း ဘီယာသောက် ဖို့ ထုံးစံအတိုင်း ဒါရိုက်တာနဲ့ မင်းသမီး မင်းသား တည်းတဲ့ Hotelကို လာပါတယ်။ ဒါရိုက်တာကြီးရော မမို့ရော အကူအညီတောင်းတော့ ကိုယ့်ဆရာက စဉ်းစားပါတယ်။

"မင်းသားသူငယ်ချင်းတို့ ဘာတို့တွေ စိတ်မဝင်စားဘူးဗျာ၊ လူဆိုးအခန်းတွေ ဘာတွေပဲ စိတ်ဝင်စားတာ။ နိုင်ငံခြားက လူကြမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငွေအိတ်ကို စစ်နေတုန်းမှာ ဆိုင်ကယ်အနား ရပ်နေတဲ့ ကိုယ့်ဆရာရဲ့ ဘယ်ညာတစ်ယောက်က ဆိုင်ကယ်သော့ကို မမို့ မမြင်အောင် လှမ်းဖြုတ်ပြီး ယူထား။ ငွေတွေပြည့်လို့ မမို့က ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ပုံစံနဲ့ ဆိုင်ကယ် နားထွက်အသွားမှာ တပည့်ဖြစ်သူက ဖြုတ်ထားတဲ့ ဆိုင်ကယ်သော့ကို ကိုယ့်ဆရာဆီ လှမ်းပစ်ပေး။ ကိုယ့်ဆရာက သော့ကို ဖမ်းပြီး လက်ညှိုးမှာ လှည့်ကစား၊ မမို့ဆိုင်ကယ်နားရောက်တော့ သော့မရှိတော့ ဒေါသတကြီး ကိုယ့်ဆရာကို လှမ်းကြည့်၊ အဲဒီမှာ ကိုယ့်ဆရာက ပြုံးပြုံးကြီး ဆိုင်ကယ် သော့ကို ငွေ့ရမ်းကစားပြရင်း ရယ်မော။

''ရှင် ဒါ ဘာလုပ်တာလဲ''လို့ မမို့က မေးတဲ့အခါမှာ ကိုယ့် ဆရာက သော့ကို လှည့်ကစားရင်းနဲ့ ရယ်မောရင်း ''သော့နဲ့ လဲမယ် လေ'' လို့ ပြောရမှာ။ အမှန်တော့ ပစ္စည်းရော ငွေရောကို လုအားကိုးနဲ့ အပိုင်ကြံတဲ့သဘောပါ။ ကိုယ့်ဆရာပြောရမယ့် စကား(Dialogue) ကလည်း ဒီတစ်ခွန်းတည်းပါပဲ။ ''သော့နဲ့ လဲမယ်လေ''ပါ။ အဲဒီမှာ မမို့က လူကြမ်းတွေအများကြီးရော ဂိုင်းစတား ကိုယ့်ဆရာကိုပါ ဖိုက်တင် ချပြီး နိုင်သွားတာပေါ့။

အားလုံး စီစဉ်ပြီး ရိုက်ကြတော့ စရိုက်ကတည်းက ကိုယ့်ဆရာ တော်တော်တုန်လှုပ်နေပါတယ်။ ဒါကလည်း ဖြစ်တတ်တဲ့ သဘာဝပါ။ မို့မို့မြင့်အောင်ဆိုတာက မြန်မာ့ရုပ်ရှင်လောကမှာ လျှမ်းလျှမ်းတောက်နေတဲ့ ကြယ်တစ်ပွင့်လေ။ အဲဒီလို လူမျိုးနဲ့ အပြိုင်သရုပ်ဆောင်ရတာဆိုတော့ ဘယ်လောက် စိတ်တင်းထားထား တုန်လှုပ်ကြတာပါပဲ။ ဒါကလည်း သဘာဝတစ်ခုပါ။ နာမည်ရှိတဲ့ မင်းသမီး မင်းသားနားကို တော်ရုံလူ မကပ်ရဲဘူး။ စိတ်တင်းပြီး ကပ်ကြတဲ့အခါမှာလည်း မမြင်ရတဲ့ အရာ တစ်ခုခုက တွန်းထားသလို ခံစားရတတ်ပါတယ်။ အမှန်ကတော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



တွန်းထားတာ မဟုတ်ပါဘူး။ သူတို့လည်း သာမန်လူလို လူပါပဲ။ ဒါပေမဲ့ ကိုယ်က သူတို့ကို ချစ်တဲ့စိတ်၊ အထင်ကြီးတဲ့စိတ်၊ ဦးစားပေးတဲ့စိတ်၊ အမြတ်တနိုးထားတဲ့ စိတ်တွေက ကိုယ့်ကို ပြန်တွန်းတာပါ။

ရီဟာဇယ်တွေလုပ်ပြီး ရိုက်ကြတော့ ပထမ ရိုက်ချက်တွေ အဆင်ပြေပါတယ်။ သော့ကို ဝှေ့ရမ်းပြီး ဇာတ်အတွက် အရေးကြီးတဲ့ စကားပြောခန်းကျမှ ကိုယ့်ဆရာပုံစံက မျက်နှာငယ်ကလေးနဲ့ သော့နဲ့လဲမယ်လေ ဖြစ်နေတယ်။ သူပြောတဲ့လေသံက မမို့ကို လန့်ပြီး အသံက မမာနိုင် မတင်းနိုင်ဘဲ ကြောက်သံကြီးထွက်နေတာပါ။ ဟန်ကောင်းပေမယ့် အသံကြ လိမ်လို့ မရဘူးကိုး။

ဒါနဲ့ ဒါရိုက်တာက ကဒ်...ကဒ် အော်ပြီး ရိုက်တာကို နားရတယ်။

"ကိုယ့်ဆရာ အဲဒီလေသံနဲ့ မရဘူးလေ။ ကိုယ့်ဆရာ ပြောတဲ့လေသံက စီးပိုင်နေရမှာ။ သူက ဒီသော့မရလို့ မဖြစ်ဘူး။ ကိုယ်က ပစ္စည်းရော ငွေရောကို လူအားကိုးနဲ့ အပိုင်ကြံတာ၊ သော့နဲ့လဲမယ်လေ ဆိုတာ အပိုင်တွက်ထားတဲ့လေသံ။ အဲဒီစကားမပြောခင် ရယ်တဲ့အသံက မင်း ဘာတတ်နိုင်သေးလဲ ရယ်တဲ့ရယ်သံ။ အားလုံး ကိုယ့်အတွက် အပိုင်တွေချည်းပဲ။ ဟုတ်ပြီနော်၊ ကဲ ရီဟာဇယ်လုပ်မယ်"

ဒါရိုက်တာကြီး အားလုံး ညွှန်ကြားပြီး ရီဟာဇယ်လုပ်တော့မှ ကိုယ့်ဆရာက အခြေအနေ ပိုဆိုးသွားပါတယ်။ သော့နဲ့လဲမယ်လေ ဆိုတဲ့ အသံက ပိုညှောင်နာနာဖြစ်ပြီး တုန်နေတယ်။ ရယ်တာကလည်း ရယ်တဲ့ပုံစံမဟုတ်တော့ဘဲ ကြောက်ကန် ကန်တဲ့ပုံစံ ဖြစ်နေတယ်။ ဒီတော့ မမို့က အစကတည်းက စိုးရိမ်ထားတဲ့အတိုင်းဖြစ်နေပြီ၊ သူ ဘာကို လန့်နေတယ်၊ ဘာကြောင့် ဒီလို ဖြစ်နေတယ်ဆိုတာကို ဝါရင့်



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်တစ်ယောက်အနေနဲ့ သိပြီ။ ဒီတော့ မမို့ ဝင်ပြောပါတယ်။

"အစ်ကို ကျွန်မကို မလန့်နဲ့၊ ဇာတ်ရုပ်အရ အစ်ကိုက ကျွန်မကို လုံးဝအပိုင်နိုင်ထားတဲ့ ပုံစံဖြစ်ရမှာ။ အစ်ကို့မှာ အဲဒီ Style ရှိပြီးသား။ အစ်ကိုက ဝါရင့်ဂိုင်းစတား၊ ကျွန်မက အခုမှ လူသစ်၊ ယောက်ျားတွေ အများကြီးရှိတဲ့ ဒီခြံထဲမှာ ကျွန်မလို မိန်းကလေးတစ်ယောက်ကို အထင်သေးပြီး အပိုင်ကြံတဲ့လေမျိုး။ အစ်ကို ရယ်ကတည်းကိုက ကျွန်မကို အထင်သေးပြီး မင်း ဘာတတ်နိုင်သေးလဲဆိုတဲ့ ရယ်သံမျိုး။ နိုင့်ထက်စီးနင်း ရယ်သံမျိုး။ ပြီးတော့ သော့ကို အပိုင်ဖွဲ့ရမ်းပြီး အသံက သေချာတဲ့အသံမျိုးနဲ့ ပြောရမှာ။ သော့နဲ့လဲမယ်လေ၊ ဟုတ်ပြီလား"

"သော့...သော့နဲ့ လဲမယ်လေ"

"မဟုတ်ဘူး၊ သော့နဲ့ လဲမယ်၊ အဲဒီလိုလေသံမျိုး'

"သော့နဲ့ လဲမယ်"

"OK ဟုတ်ပြီ၊ အဲဒီလေသံပဲ၊ အစ်ကို ပထမပြောတဲ့ လေသံက ရုပ်ကွက်ထဲမှာ ကြားနေကျ ပဲလှော်နဲ့လဲမယ်၊ ပဲလှော်နဲ့လဲမယ်ဆိုတဲ့ လေသံမျိုးဖြစ်နေတာ။ အဲဒီလို ပျော့လို့မရဘူး၊ လေသံက အထက်စီး လေသံမျိုး"

မမို့က ကိုယ့်ဆရာကို သင်ပေးရင်း ရင်းနှီးအောင်နေရင်း ရိုက်ကွင်းကို ငါးမိနစ်လောက် နားပါတယ်။ ဒါမှ သူ့စိတ်ထဲမှာ စိုးရိမ်နေတာတွေ၊ ကြောက်နေတာတွေ ပြေသွားမှာကိုး။ အိုက်တင်ဆိုတာက ဒီလိုပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် အပေးအယူရှိရပါတယ်။ တစ်ဖက် က ပေးမယ့်လူက ဒွန်နဲ့ မာန်နဲ့ရှိမှ ယူသူကလည်း သူ့လေသံ သူ့ အမူအရာကြောင့် အခံရုပ်က ပျော့သွားတတ်ပါတယ်။

Actor ဆိုတာ တစ်ယောက်တည်း လုပ်လို့ရတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



အတူသရုပ်ဆောင်သူချင်း အပေးအယူရှိရပါတယ်။ ဒါကြောင့် မမို့ကလည်း သူ့ကို ပေးနိုင်ဖို့ ပြောရတာပါ။ သူက ခပ်ထွေထွေအိုက်တင်နဲ့ သော့နဲ့လဲမယ်လေလို့ ပြောနိုင်မှ မမို့ကလည်း ဒီဘက်မှာ မိန်းကလေး တစ်ယောက်တည်းမို့ ငါ့ကို စော်ကားလေခြင်း။ ငါ့ကို မတရားလုပ်လေခြင်း ဆိုတဲ့ အခံရုပ်နဲ့ သူတို့ကို ရင်ဆိုင်ဖို့ မာန်တင်းရမှာပါ။

ကိုယ့်ဆရာရဲ့ သော့နဲ့လဲမယ်လေ...ဟာ အဲဒီလို အရေးကြီးပါတယ်။ ငါးမိနစ်လောက်နားပြီး ရိုက်ဖို့ ပြင်ဆင်ကြတော့ ထုံးစံအတိုင်း ရီဟာဇယ်လုပ်ပါတယ်။ ကိုယ့်ဆရာက ခပ်ထွေထွေရယ်တယ်။ ပြီးတော့ သော့ကို လက်ညှိုးမှာ ဝှေ့ရမ်းရင်း ပြောတယ်။

"ဟား...ဟား...ဟား သော့နဲ့လဲမယ်လေ"

"OK ရပြီ၊ ဒီအတိုင်းပဲ ရိုက်မယ်"

သူဌာန်သူ့မာန် ဝင်တုန်းမှာ အားလုံးက ပါးနပ်ကြပါတယ်။ ချက်ချင်းပဲ ဆင်စရာရှိတာတွေ ပြင်ဆင်ပြီး Final ရိုက်ဖို့ ပြင်ကြပါတယ်။ ကိုယ့်ဆရာကလည်း မာန်တွေတင်းလို့ပေါ့။ အားလုံးကလည်း အရေးတကြီးပါပဲ။

မမို့က ငွေအိတ်ကိုယူပြီး ထွက်သွားတယ်။ ကိုယ့်ဆရာက သော့ကို လက်ညှိုးမှာထည့်လှည့်ရင်း တဟားဟားရယ်တယ်။ ရယ်သံက ကွက်တိပါပဲ။ အဲဒီရယ်သံကြောင့် မမို့က အံ့သြပြီး လှည့်အကြည့် ကိုယ့်ဆရာက သော့ကို ဝှေ့ရင်းရမ်းရင်း အပြုံးနဲ့ ပြောပါတယ်။

"ပဲလှော်နဲ့ လဲမယ်လေ"...တဲ့။

ရယ်လိုက်ကြတာ တစ်ရှူတင်လုံး အုန်းခနဲပါပဲ။ ကိုယ့်ဆရာကတော့ သော့ကြီးကို ဝှေ့ရင်း ရမ်းရင်း ကြောင်တက်တက်ဖြစ်နေပါ။ မမို့လည်း သဘောပေါက်သွားတော့ တဟားဟားရယ်ပါတယ်။ ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း ဘယ်နေမလဲ ရယ်တာပေါ့။ Style တွေ ဘာတွေကောင်း နေမှ ကင်မရာက သူ့ကို တစ်ယောက်ထဲယူထားမှ သူပြောချတာ လွဲတာကိုး။

အားလုံးရယ်မောပြီးမှ ကိုယ့်ဆရာက သူ မှားပြောတာကို သူသိသွားတယ်။ သူလည်း ရယ်တာပါပဲ။ သူပြောတာ သော့နဲ့လဲမယ်လေ ပါ ငြင်းလို့ ဖမ်းထားတဲ့ အသံကို ပြန်ဖွင့်ပြရတယ်။ ဒီတော့မှ သူလည်း ယုံသွားတာ။ ဘာပဲဖြစ်ဖြစ် တစ်ရှုတင်လုံးရဲ့ ရယ်သံတွေကြားမှာ သူလည်း နှလုံးပွင့်ပြီး ရဲသွားဟန် တူပါရဲ့။ နောက်တစ်ကဒ်ပြန်ရိုက်တော့ မှန်သွား တယ်။

ကျွန်တော် အခု ပြောပြခဲ့တဲ့ အခန်းတစ်ခန်းလုံးက ရုပ်ရှင် ထဲမှာဆိုရင် အားလုံးပေါင်း တစ်မိနစ်စာပါ။ ဒါပေမဲ့ အဲဒီတစ်မိနစ် စာကို ဖန်တီးရတာ အတော်ခက်ပါတယ်။ ပရိသတ်ကတော့ အမှန်ကိုပဲ ကြည့်ရလို့ အဲဒီနေရာကို သက်သက်သာသာပဲ ကြည့်သွားကြမှာပါ။

ကိုယ့်ဆရာလည်း အဲဒီလွဲမှားမှုကြောင့်လား၊ သူဆုံးဖြတ်ထားတဲ့ အတိုင်း ဒီတစ်ခန်းပဲ ကူညီမယ်ဆိုတာကြောင့်လားတော့ မသိဘူး အဲဒီကားရဲ့ အဲဒီတစ်ခန်းနဲ့ပဲ သရုပ်ဆောင်ခြင်းကို အပြီးသတ်သွားပါတယ် နောင် မတွေ့ရတော့ပါဘူး။

ကားပိတ်ကားပေါ်မှာ ဘာမှ မဟုတ်တဲ့ အခန်းလေးတစ်ခန်း ကို ခက်ခက်ခဲခဲဖြစ်ခဲ့ရတဲ့အကြောင်း အကယ်ဒမီများပိုင်ရှင် မိုးမြင့်အေး က ပြောပြလို့ ကျွန်တော်က ရေးပါတယ်။ ပြောပြတဲ့ မမိုးနဲ့ လွဲခဲ့သော ကိုယ့်ဆရာကို ကျေးဇူးအထူးတင်ရပါတယ်။ ပြန်ပြောပြတဲ့ မမိုးကိုလည်း အထူးပေါ့။

စာနဲ့ ရေးပြရတာ သိပ်အားမရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ကီချန်းကို သတိရတယ်။ သူက သူ့ကားတွေမှာ လွဲခဲ့သမျှကားပြီးရင် ပြန်ပြတာကိုး။ ဒီတော့ ရုပ်ရှင်တစ်ကားရိုက်ဖို့ ကဒ်တစ်ကဒ်ရဖို့ ရုပ်ရှင်သမားတွေ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ သိရတာပေါ့။ ကျွန်တော်တို့ဆီမှာလည်း ဒါမျိုးရှိသင့်ပါတယ်။ အဲဒီလိုပြန်ပြရင် ကျွန်တော်ရေးပြတာထက် ပိုပြီး ထိရောက်ပါတယ်။

ကဲ...


"ပဲလှော်နဲ့ လဲမယ်"





www.burmeseclassic.com

www.burmeseclassic.com



ပုဝံမှ အပြန့်

www.burmeseclassic.com

www.burmeseclassic.com



"ပုဂံက မင်းသမီး"

(ပုဂံမှ အပြန်)

ကြောင်နှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရုပ်ရှင်သမားသည် တစ်ပါးသူ၏ မျက်နှာရိပ် မျက်နှာကဲကို သာမန်လူထက် ပို၍ သိတတ်ကြသည်။

သာမန်လူကတော့ ရင်းနှီးခင်မင်နေသူများကိုသာ မျက်နှာရိပ်ကဲ ဖမ်းတတ်ကြ၏။ သူစိတ်ဆိုးသွားတယ်၊ ဒါဆို မကျေနပ်တဲ့ပုံပဲ၊ ငါ့ကို တမင်ဒီစကားလာပြောတာ အစရှိသည်ဖြင့် သိတတ်ကြသည်။ ကျွန်တော်တို့ ရုပ်ရှင်သမားများကျတော့ အိုက်တင်ဆိုသည်မှာ ကိုယ့်အသက်မွေး ဝမ်းကျောင်းပညာ တစ်ခုဖြစ်သည့်အတွက် အမြဲဂရုတစိုက် လေ့လာတတ် ကြသဖြင့် လူ့သဘောသဘာဝနှင့် ဖြစ်လေ့ရှိသော အိုက်တင်ကို သာမန် သူထက် ပို၍ သိခြင်း၊ နားလည်ကြခြင်းဖြစ်သည်။

အိုက်တင်ဆိုသည့် ဘာသာစကားက နှလုံးသားနှင့် အသိဉာဏ် ကို သိသွားသည့်အခါ ဖြစ်ပေါ်လာသော ခံစားမှုအပြောင်းအလဲဝင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ ဇာတ်ညွှန်းရေးသည့် လူများအနေနှင့်လည်း ဇာတ်လမ်းတစ်ပုဒ်တွင် မင်းသား မင်းသမီးတို့ လုပ်ရပြောရမည့် အိုက်တင်နှင့် စကားလုံးတွေကို အသေအချာရွေးချယ်ကာ ညွှန်းကြရသည်။ ဇာတ်အရှိန်နှင့်ပြောသော စကားလုံး အံဝင်ခွင်ကျ ထိမိမှ သရုပ်ဆောင်သူတို့လည်း အိုက်တင်ရမည်။ ကြည့်သူပရိတ်သတ်လည်း ခံစားရမည်ဖြစ်၏။ အသံမှာ ရှိသောဟန်၊ ဟန်မှာရှိနေသော အသံတို့ကို နားလည်ရသည်။

ပြီးတော့…ကိုယ်အမြဲရောနေသည့် မင်းသား မင်းသမီး ဇာတ်ပို့များ၏ အိုက်တင်ကိုလည်း လေ့လာ နားလည်ထားရ၏။ ဘယ်ဇာတ်ပို့ဘယ်နေရာ ပိုတော်သည်၊ အံဝင်ခွင်ကျဖြစ်သည်ဆိုတာကို သိထားမှသူ့ကို ဒီစကား ဒီဇာတ်ရုပ်နေရာမှာ ထားမည်ဆိုတာ ရွေးချယ်၍ ရပေမည်။

ဇာတ်ပို့ လူရွှင်တော်ချင်းအတူတူ အိုက်တင်၊ အရွှင်၊ အတည်၊ အလေးအပေါ့၊ အကျအချကျတော့ မတူကြ။ ဥပမာ ကင်းကောင်လို သရုပ်ဆောင်မျိုးကို Drama (အလွမ်း)ခန်းတွင် သုံး၍မရ။ သူ့ပုံစံကိုက (မျက်နှာ အနေအထားကိုက) ရယ်နေရသဖြင့် ဖြစ်သည်။ မျက်နှာက ရှည်ရှည်၊ ဆံပင်က ပျော့ပျော့ပါးပါး၊ မျက်လုံးက အတော်စောင်းကာ စကားပြောရန် ပါးစပ်ဟလျှင် သွားတွေက တောင်ထပ် မြောက်ထပ်၊ ဟိုချွန်ဒီထွက် ရယ်စရာဘက်သို့သာ ရောက်ရောက်သွားတတ်သဖြင့် ရယ်စရာမလုပ်ရဘဲ ရယ်ရသော လူရွှင်တော်တစ်ယောက် ဖြစ်၏။

ထို့ကြောင့် ရယ်စရာဆိုလျှင် ကင်းကောင်၊ အရွှင်ရောအတည်ပါဆိုလျှင် ကိုအရိုင်း၊ အတည်ဖောက်သည့်နေရာဖောက်၊ အငြိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



မင်းသား မင်းသမီး နားဝင်အောင်ပြောရမည့် အခန်းဆိုလျှင် ပိုးဖြူ အုဘုတုနှင့် ခံရမည့်အခန်းဆိုလျှင် ငှက်ပျောကြော်၊ အလွမ်းအကြမ်းနှင့် အခြောက်ခန်းတွေဆိုလျှင်တော့ ကုသိုလ် စသည်ဖြင့် သူတို့ကောင်းကွက်တွေကို အကြမ်းဖျင်းတော့ သိထားရလေသည်။

သို့သော် ထိုအကိုင်း ပုံသေအမြဲကာမ်း သွားနေစရာတော့ မလို။ ဘစ်ခါက ကျွန်တော်နှင့် ကိုမျိုးမင်းတို့ ကင်မရာထဲ ရုပ်ပေါ်သည်နှင့် ရယ်ရပါသော ကင်းကောင်ကို Drama အလွမ်းခန်းတစ်ခန်းတွင် သရုပ်ဆောင်ခိုင်းဖူး၏။ ပင်လယ်ရယ်သံဟူသော ကားတွင်ဖြစ်သည်။

နန္ဒာလှိုင်နှင့် လွင်မိုးတို့ ချောင်းသာကမ်းခြေမှာ တွေ့ကြ ပျော်စရာတွေ ကြုံကြ၊ ခွဲရခါနီး မောင်မိုးက နန္ဒာ့ကို ရည်းစားစကားပြောရန် ကြိုးစားချိန်တွင် နန္ဒာလှိုင်မှာ နောက်တစ်လကြာလျှင် သေရတော့မည့်ရောဂါ ရှိနေသဖြင့် နှစ်ယောက်စလုံး မခံစားကြရရေးအတွက် ကင်းကောင်က မောင်မိုးကို ရည်းစားစကားမပြောရန် တားသောအခန်းဖြစ်သည်။

ထိုအခန်းတွင် ကင်းကောင်က မောင်မိုးကို ကျအောင် ရအောင်ပြောမှရမည် ဖြစ်သည်။ နန္ဒာက မောင်မိုးကို ချစ်နေသည်ဆိုတာကိုလည်း မင်းသမီး၏ အမူအရာအရ သိနေသဖြင့် မောင်မိုးအနေနှင့်လည်း နန္ဒာ့ကို ဖွင့်ပြောချင်နေသည်။ ထိုသို့ ကင်းကောင်စကားကြောင့် နန္ဒာ့ကို ဖွင့်မပြောတော့ဘဲ နားလည်သွားမှ နောက်တစ်နေ့တွင် ခွဲခါနီး နောက်ဆုံးညမောင်မိုးက နန္ဒာ့ကို နှုတ်ဆက် ခေါ်တွေ့ကာ ဘာစကားမှ မပြောဘဲ သောင်စပ်သဲပြင်တွင် အသည်းပုံ မီးရှို့ကာ နန္ဒာက အသည်းပုံ [illegible] မှာထိုင်။ မောင်မိုးက အသည်းပုံ မီးပုံကို လှည့်ကာ နန္ဒာ့ကို [illegible] လမ်းလျှောက်ကာ Back Ground Music ဖြင့် [illegible]

www.burmeseclassic.com



အခန်းဖြစ်သည်။ နောက်ခံသီချင်းက ထူးအိမ်သင်၏ 'တကယ်လို့များ' ဆိုသော သီချင်းဖြစ်သည်။

ထို့ကြောင့် ကင်းကောင်အခန်းသည် နောက်တစ်ခန်းအလွမ်းကို ရအောင် ဇာတ်ရှိန်ကို မြှင့်ကာ ပရိသတ်က ချစ်လျက်နှင့် တစ်ယောက်ကို တစ်ယောက် ငဲ့ညှာနားလည်သော ချစ်သူနှစ်ဦးအဖြစ်ကို ခံစားနိုင်အောင် လုပ်ပေးရမည့် အခန်းတစ်ခန်းဖြစ်၏။

ကျွန်တော် ကိုမျိုးမင်းနှင့် တိုင်ပင်ကာ ညှိရသည်။ ရိုက်ကြတော့ သောင်စပ်ကမ်းခြေမှာ ညအခန်းဖြစ်သည်။ နန္ဒာသေမည်ဟု ကင်းကောင်က မပြောရက် ပြောရက် ပြောတော့ မောင်မိုး အံ့သြသွား၏။ ပြီးတော့ မဖြစ်နိုင်ကြောင်း အကြောက်အကန်ငြင်းသည်။ ကင်းကောင်က သေချာကြောင်း၊ နောက်တစ်လကြာလျှင် သေတော့မည့် သမီးကလေး ပျော်ရွှင်ပါစေဟု မိဘများက လွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မောင်မိုးကို နှစ်ယောက်စလုံး မခံစားရစေရေးအတွက် နန္ဒာ့ကို ဖွင့်မပြောပါနဲ့တော့ဟု တားသည်။

"မဖြစ်နိုင်ဘူးကွာ၊ ငါ နန္ဒာ့ကို သိပ်ချစ်တယ်၊ သူ့မျက်လုံးတွေ၊ သူ့အမူအရာတွေကိုလည်း ငါသိတယ်။ အေး...မင်းတို့ပြောသလို နန္ဒာ နောက်တစ်လကြာရင် သေမယ်ပဲ ထားကွာ၊ နန္ဒာဟာ မသေခင်အချိန်မှာ သူချစ်တဲ့ ချစ်သူတစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင် နေမသွားသင့်ဘူးလား"

မောင်မိုးစကားကြောင့် ကင်းကောင်က မောင်မိုးမျက်နှာကို ငေးနေရာမှ လွှဲသွားသည်။

"မင်း...နန္ဒာ့ကို သိပ်ချစ်တယ်ဆိုတာ ငါ...ငါနားလည်ပါတယ်။ နန္ဒာကလည်း မင်းဖွင့်ပြောလိုက်တာနဲ့ မင်းကို နှစ်နှစ်ကာကာတုံ့ပြန်မယ် ဆိုတာ ငါတို့သိတယ်။ ဒါပေမဲ့ မင်း သိပ်လောဘကြီးတယ်။ မင်းအချစ်က



www.burmeseclassic.com

www.burmeseclassic.com



သိပ်လောဘကြီးတယ် မောင်မိုး။ မင်း စဉ်းစားကြည့်စမ်း…၊ နန္ဒာဟာ နောက်တစ်လကြာရင် လူ့ဘဝမှာ ကြောက်စရာအကောင်းဆုံး သေခြင်းတရားဆိုတာကြီးကို ရင်ဆိုင်ရတော့မယ့်အပြင် မင်းဖွင့်ပြောလို့ ချစ်သူတွေဖြစ်ကြရင် ချစ်သူနဲ့ ကွေကွင်းခြင်းဆိုတဲ့ ဒုက္ခ။ အဲဒီဒုက္ခကြီးကိုပါ ရင်ဆိုင်ရတော့မှာကွ၊ မင်း နန္ဒာ့အပေါ် ရက်စက်သင့်သလား။ နန္ဒာ့ကို အဲဒီဒုက္ခပါ ပိုခံစားစေချင်သလား။ ပြောစမ်း…ပြောလေကွာ''

ကင်းကောင်က မောင်မိုးပခုံးကို ဆွဲခါကာ အော်ပြောရင်း နှုတ်ခမ်းတွေတုန်ကာ မျက်ရည်တွေ ဝဲကာလာ၏။ မောင်မိုး ခေါင်းငိုက်စိုက် ကျသွားသည်။ သူ နန္ဒာ့ကို ဖွင့်မပြောတော့ပါဟု ကတိပေးသည်။

Cut ဟူသော အသံနှင့် ကိုမျိုးမင်းထံမှ လက်ခုပ်သံ ဖြောင်းခနဲ ကြားလိုက်ရတော့မှ လွင်မိုးက ကင်းကို သဘောကျကာ ပြောသည်။

''အိုက်တင်တွေ တယ်ကောင်းနေပါလား၊ လူရွှင်တော်မလုပ်နဲ့တော့။ မင်းသားပဲ လုပ်တော့ ရှီးပဲ၊ သူနိုင်အောင် မနည်းလုပ်ယူရတယ်''

ဘာမှ အလွဲအမှားမရှိဘဲ လိုချင်သည့် လေသံရော အိုက်တင်ပါ တစ်ကြိမ်တည်းနှင့် ရသွားသော ရှားရှားပါးပါးအကြိမ်ဖြစ်ပါသည်။ ကျွန်တော်တို့လည်း ပျော်ကြရ၏။

''ငါလည်း အမြဲတမ်း မျက်နှာပြောင်နေရတာ တစ်ခါတလေ အငြိမ်ကလေးဆိုတော့ Feel ဝင်ပြီး လုပ်ရတာပေါ့ ဟဲ…ဟဲ''

သရုပ်ဆောင်ဆိုသည်မှာ ကိုယ်ကျွမ်းကျင်ရာတစ်ခုတည်းမဟုတ် တစ်ခါတလေလည်း ဇာတ်ရုပ်ဖောက်ကာ ကျရာနေရာက တာဝန်ယူကြရသည်မျိုးလည်း ရှိတတ်ပြန်သည်။ ကျွန်တော်တို့ဆီမှာ သရုပ်ဆောင်သင်ပေးသော အကယ်ဒမီ၊ တက္ကသိုလ်ကလည်း မရှိဆိုတော့ သရုပ်ဆောင် ဝါသနာပါသူသည် စာပေဖတ်၊ ကားကြည့်၊ လူတွေကို ဆည်းသော



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ဆည်းပူးကြရသည်။

ထို့ကြောင့် ကျွန်တော်တို့ သရုပ်ဆောင် ရုပ်ရှင်သမားများသည် တစ်ပါးသူ၏ အိုက်တင်ကို သာမန်ထက် ပိုသိကြသည်။

သရုပ်ဆောင် ကုသိုလ်၏ အဖြစ်ကလေးတစ်ခုကို ပြောပြချင်ပါသည်။

ကိုကုသိုလ်ဆိုတာက လူ့သဘာဝ ဓလေ့စရိုက်ကို တော်တော် လေ့လာအားကောင်းသူ တစ်ဦးဖြစ်၏။ ရုပ်ရှင်နယ်မှ မိန်းမလျာများကို လေ့လာကာ မိန်းမလျာနှင့်မခြား ချွတ်စွပ်သရုပ်ဆောင်နိုင်သည့် ဝါရင့် သရုပ်ဆောင်တစ်ဦးဖြစ်သည်။

ထိုစဉ်က နယ်ထွက် ပုဂံသို့တက်ကာ ကားရိုက်ကြစဉ်က ဖြစ် သည်။ သရုပ်ဆောင်တွေ၊ ရုပ်ရှင်အဖွဲ့တွေအားလုံး အလုပ်လည်း လုပ်ရ၊ ဘုရားလည်းဖူးကြရသဖြင့် ပျော်စရာတော်တော်ကောင်းပါသည်။

ရုပ်ရှင်အဖွဲ့၊ ဗီဒီယိုအဖွဲ့ လာသဖြင့် ပုဂံမြို့က လူတွေလည်း ပျော်ကြသည်။ မင်းသား မင်းသမီးတွေလည်း ကြည့်ရ ဈေးလည်း ရောင်းရ မဟုတ်လား။

ဓာတ်လမ်းအရ ကျွန်တော်တို့တတွေလည်း ဘုရားတွေ တစ်ခု ပြီးတစ်ခု ပြောင်းရိုက်၊ လိုက်အားပေးတဲ့ အဖွဲ့ကလည်း ပုဂံနေကို မမှုကြ။ တစ်အုပ်ကြီး လိုက်ကြည့်ကြသည်။ ကိုကုသိုလ်က ရယ်စရာ လည်း ပြောတတ်၊ အာဝဇ္ဇန်းကလည်း ရွှင်၊ အခြောက်လိုလည်း ရဆို တော့ ဓာတ်ပို့ကောင်မလေးတွေက ရိုက်ကွင်းတွင် သူတို့ မပါချိန်ဆိုလျှင် ကိုကုသိုလ်နှင့် နေတတ်ကြသည်။ ကိုကုသိုလ်နှင့်နေလျှင် မပျင်းရ၊ တစ်နေကုန် ပျော်တတ်ရသည်ကိုး...။

ညနေ ကားရိုက်အပြီး ဟိုတယ်ရှိရာပြန်ကြတော့ ဓာတ်ပုံတောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ Auto ရေးသူ၊ ဓာတ်ပုံတွဲရိုက်သူတို့နှင့် ပျော်စရာကြီးကို ဖြစ်နေပြန်သည်။ ဒီမှာပင် ထူးထူးခြားခြား ကိုကုသိုလ်ကို မိတ်ဆက်ဓာတ်ပုံအတူတွဲရိုက်သော ကောင်မလေးတစ်ယောက် ပါလာ၏။

အနုပညာသမားဆိုတော့ ပရိသတ်အကြိုက် တာဝန်ကျေရသည်ပေါ့။

မိတ်ဆက်ဓာတ်ပုံ ရိုက်ပြီးတော့လည်း ကောင်မလေးက မပြန်သေး။ စကားတွေ ပြောသည်။ ဘယ်ကားမှာ ဘယ်လို၊ အကြွေးဒီဒီယိုကားမှာ ဦးကျော်ဟိန်းကြီးက သတ်တော့ ပြန်ပြောတာ ကောင်းတယ်။ သနားလိုက်ရတာ၊ ဘယ်ကားမှာတော့ ဘယ်လိုရယ်ရပုံတွေကို ပြောနေပြန်သည်။ ပရိသတ်ဆိုတာက သူတို့ချစ်သော လေးစားသော သရုပ်ဆောင်နှင့် တွေ့သည့်အခါ ဒီလိုပင် ရင်းရင်းနှီးနှီးနေချင်သည်၊ ခင်ခင်မင်မင် ဖြစ်ချင်တတ်ကြသည်။

ကိုကုသိုလ်ကို လာမိတ်ဆက်သော ကောင်မလေးက အသက် ၂၀ကျော်လောက်ပင် ရှိဦးမည်။

နှာတံ၊ နှုတ်ခမ်း၊ မျက်လုံး လှသည်။ အညာသူဆိုတော့ အသားကညိုညို၊ ဆံပင်ကိုတော့ ခပ်တိုတိုညှပ်ကာထားပြီး ရှပ်အင်္ကျီဝတ်ကာထားသည်။ ရိုးသားသော အမူအရာ၊ ပွင့်ပွင့်လင်းလင်းဆက်ဆံတတ်သဖြင့် ခင်စရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည့်အတွက် မကြာခင် ကိုကုသိုလ်တို့အဖွဲ့နှင့် ခင်မင်သွားကာ ည(၈)နာရီလောက်မှ ပြန်ကာသွား၏။

မနက်ကျတော့ မိုးလင်းကာစတွင် စက်ဘီးကလေးစီးကာ ဒီမိန်းကလေး ရောက်လာပြန်သည်။ ကိုကုသိုလ်တို့စားဖို့ မုန့်တွေ ဘာတွေ ယူကာလာ၏။ မုန့်တွေစားကာ စကားပြောကြနှင့် ကားရိုက်ဖို့အတော့



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကလေးစီးကာ နောက်က ပါလာသည်။

ထမင်းစားချိန်နားတော့ ကိုကုသိုလ်က ခင်မင်ရင်းနှီးနေပြီဖြစ်သော ကောင်မလေးကို ခေါ်ကာ ကျွေး၏။

တစ်ကြိမ်သာငြင်းပြီး ဝင်စားသည်။ ကိုကုသိုလ်ကို ဦးချ၊ ကျန်ကောင်မလေးတွေနှင့် ပျော်ရွှင်စွာ ထမင်းစားကြ ရယ်ကြ မောကြ။ တကာယ့်မိတ်ဆွေသူငယ်ချင်းတွေလို ခင်မင်သွားကြသည်။ ကားရိုက်သည့်အခါ သူမ နားမလည်သည့် အခန်းမျိုးကို ကြုံရလျှင်လည်းကောင်း၊ သူမ သိချင်တာရှိလျှင်လည်းကောင်း ကိုကုသိုလ်ကို လက်မောင်းဆွဲကာ လူအုပ်ထဲမှ ထုတ်ကာ မေးတတ်သည်။ ကိုကုသိုလ်တို့နှင့် ခင်မင်နေကြောင်း သိရသဖြင့် ထိုနေ့ နေမကုန်ခင်မှာပင် ထိုကောင်မလေးနှင့် ရှုတင်တစ်ဖွဲ့လုံး မိတ်ဆွေဖြစ်ကာ ရင်းနှီးသွားကြသည်။

ထိုနေ့ ရိုက်ကွင်းပြီးတော့လည်း (၈)နာရီကျော်မှ ပြန်ကာသွား၏။ သူမနှင့် ရင်းနှီးသွားပြီဖြစ်သော ကောင်မလေးတွေ အခန်းမှာ ဝင်ထိုင်ကာ အေးအေးဆေးဆေး စကားတွေပြောသည်။ ရေမိုးချိုး ထမင်းစားပြီးပြန်တော့ ကိုကုသိုလ်တို့၊ ဇာတ်ပို့ကောင်မလေးတွေနှင့် ထိုင်ကာ စကားပြောပြန်သည်။

ထိုနေ့ည (၁၀)နာရီကျော် အိပ်ရာထဲဝင်ချိန် ကိုကုသိုလ် လန့်ဒန်ကလေးနှင့် မအိပ်သေးဘဲ နှပ်နေတုန်း ကောင်မလေးတစ်ယောက်က လာခေါ်၏။

"ကိုကုသိုလ်...ကိုကုသိုလ် ထစမ်းပါဦး၊ ပြစရာရှိလို့"

"ဘာတုန်းဟ၊ ဘာပြမှာလဲ...၊ အိပ်တော့မယ်ဟာ"

"လာစမ်းပါဦးဆို..."

ကိုကုသိုလ် ဘာမှန်းမသိဘဲ လိုက်သွားတော့ ခေါ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ဝရန်တာနားမှာ ရပ်နေသော ဇာတ်ပို့ကောင်မလေးတွေနား ခေါ်သွားကာ ကိုကုသိုလ်ကို ပြသည်။

"ဂစ်တာတီးနေတာ တွေ့လား၊ အဲဒါ နေ့ခင်းကလာတဲ့ ကောင်မလေး မဟုတ်လား"

"ဟေ…အေးဟ"

Hotel ရှေ့ အုတ်ခုံတွင် စက်ဘီးကလေးထောင်ကာ ဂစ်တာတီးနေသော ကောင်မလေးကို တွေ့တော့ ကိုကုသိုလ် တော်တော်အံ့သြသွားရသည်။ တီးနေသည့် သီချင်းက "သူလာလာလာ မလာလာ ကိုယ်က စောင့်ရမှာ"…တဲ့။ ဂစ်တာတီးပုံကလည်း ကျွမ်းကျွမ်းကျင်ကျင် ပီပီပြင်ပြင်ရှိ၏။ တစ်ပုဒ်ပြီးတော့ အပေါ်ထပ်ဝရန်တာကို လက်လှမ်းပြကာ ဆက်၍ တီးသည်။ (၁၀)ပုဒ်လောက်တီးပြီးမှ ကောင်မလေး ဂစ်တာကို စက်ဘီးနောက်တင်ကာ ပြန်သွားသည်။

"ဦးကုသိုလ် ကောင်မလေးက ဦးကုသိုလ်ကို ရိုးမှ ရိုးရဲ့လား"

"ဟာ… နင်တို့ကလည်းဟာ ပေါက်တီးပေါက်ရှာ ဘယ့်နှယ်"

"ဟုတ်တယ်နော်…ဦးကုသိုလ်ကြီး၊ နေ့ခင်းက ဒီကောင်မလေး ဆက်ဆံတာ ဦးကုသိုလ်ကို သိပ်ရဲတာပဲ။ လက်မောင်းတွေ ဘာတွေ ဆွဲလို့…လူရှေ့မှာ"

"ဒါကတော့ဟာ ကြည့်နေကြတဲ့ ပရိသတ်ရှေ့မှာ ငါတို့နဲ့ ရင်းနှီးတာ လူသိစေချင်လို့ နေမှာပေါ့"

"မဟုတ်ပါဘူး၊ တို့ ဦးကုသိုလ်ကြီးတော့ ဟိဟိ…"

"ကောင်မတွေ ကားထဲမှာပဲ ဇာတ်ပို့ အပြင်မှာ လာမပို့နဲ့ ဟိုက ရိုးရိုးသားသား တော်ကြာ ပြဿနာတက်မယ်"

သို့သော် ထိုညက ကိုကုသိုလ် အိပ်မပျော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးပုံစံ ကြည့်ရတာက ခပ်သွက်သွက် ခပ်ရဲရဲ။ ဘာကိုမှ ဂရုမစိုက်သည့်ပုံ၊ သူလုပ်ချင်တာကို ဖွတ်လုပ်တတ်တဲ့အရွယ်ဆိုတော့ ပတ်ဝန်းကျင်အခြေအနေကိုလည်း မသိ၊ သတိမထား။ ဒီအရွယ်ဆိုတာကလည်း ပြောရ ဆိုရ ဆုံးမရခက်သည့်အရွယ်။ ကောင်မလေးပြောပုံဆိုပုံ နေပုံထိုင်ပုံကို ပြန်တွေးကာ လေ့လာရင်း သူ့အိုက်တင်တွေကို ပြန်မြင်ရင်း သတိထားနေဖို့ ဆုံးဖြတ်ရသည်။

ဒီလိုကိစ္စမျိုးဆိုတာကလည်း ရိုးရိုးဖွင့်ပြောဆုံးမ၍ ရတာမျိုးမဟုတ်။ တော်ကြာ သူက သဘောရိုးပါဆိုလျှင် ကိုယ်ခက်မည်။ ဟိုတွေးဒီတွေးနှင့် ည(၂)နာရီ ထိုးကာသွားသည်။

မနက်ကျတော့ သူ့အခန်းတံခါးကို တဝုန်းဝုန်းထုကာ အော်နေသဖြင့် ဖွင့်ပေးတော့ လန့်ကာသွား၏။ စားစရာတွေ လက်ကဆွဲလို့ထိုကောင်မလေး။

"ညက ကျုပ်ဆိုတဲ့ သီချင်းတွေ ကောင်းရဲ့လား"

ဘုရား...ဘုရား...။ မျက်နှာသစ်တော့ ညက ကောင်မလေးလာသီချင်းဆိုတဲ့ သတင်းက အတော်ပျံ့နေပြီ။ ရှုတင်မန်နေဂျာပင်ပြုံးကာ အော်သည်။

"ကုသိုလ်နဲ့အဖွဲ့ လက်ဖက်ရည်တုံကင် မပေးနဲ့၊ ကျွေးမယ့်လူ ရောက်နေပြီ"

ခေါင်းကုတ်ရင်း အခန်းထဲရောက်တော့ ပုဂ္ဂိုလ်မက သူ့အခန်းထဲမှာ ဇာတ်ပို့ကောင်မလေးတွေနှင့် မုန့်စားကာ နေ၏။

"အမယ်လေး...တို့ ဦးကုသိုလ်ကြီးက သိပ်သဘောကောင်းတာ၊ အသည်းကလည်း နူမှ နူ၊ နင် ညက သီချင်းလာဆိုပြီးတော့ တော်တော်နဲ့ မအိပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လားဗျ၊ ဦးကုသိုလ်"

ကောင်မလေးမျက်နှာက ရဲကာသွားသည်။ သို့သော် ခပ်တည်တည်ပင် သူ့ကို ဟုတ်သလားဟု မေး၏။

"အေးပေါ့၊ အိပ်ချိန်ကျော်သွားတော့ ဘယ်...တော်တော်နဲ့ အိပ်လို့ရမလဲ"

"ဒီနေ့ညလည်း လာတီးဦးမှာ...၊ နေ့တိုင်းကို လာတီးမှာ၊ အိပ်ရေးပျက်ဖို့သာ ပြင်ထား"

ဇာတ်ပို့မတွေက ဝါးခနဲရယ်ကြ၏။ သူ သဘောကောင်းကြောင်း၊ ခင်တတ်ကြောင်း၊ လူပျိုကြီးဖြစ်ကြောင်းများလည်း ချွန်ကြသည်။ ဒါကတော့ ထုံးစံအတိုင်းပင်ဖြစ်သည်။ ကိုယ်ညှိလျှင် ကိုယ်ခံ၊ အိုက်တင်တွေက အပြည့်၊ အားလုံး ကျွမ်းကျင်ကြသည်။

ကိုကုသိုလ်မှာ ဝင်တားလို့လည်း မရ၊ မာန်မဲ၍လည်း မဖြစ်၊ သင့်သလို ကြည့်နေရ၏။ ရိုက်ကွင်းပေါ်မှာ အရင်နေ့ကလို မဟုတ်ဘဲ ခပ်တန်းတန်းနေရသည်။ ဒီတော့ ကောင်မလေးက ဒါရိုက်တာနားကပ်နေသော ကိုကုသိုလ် လက်မောင်းကိုဆွဲကာ တစ်ဆင့်တက်၏။

"ဦးကုသိုလ် ဒီနေ့ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ စကားမပြောတာလဲ"

"ဟာ...မဟုတ်ပါဘူးဟ၊ ဒါရိုက်တာနဲ့ စကားပြောနေရလို့ပါ"

"မဟုတ်ပါဘူး သိပါတယ်...သိတယ်၊ ဒီက ခင်သလို မခင်တာ မဟုတ်လား၊ အေးပေါ့လေ...အစကတည်းက သိဖို့ကောင်းပါတယ် ဒီက ရိုးရိုးလူတန်းစားတွေဆိုတော့..."

ကောင်မလေးက ခေါင်းကို ငုံ့ကာ မျက်ရည်ဝဲလာ၏။ အသံက တုန်လာသည်။ ကိုကုသိုလ် ခေါင်းကြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မဟုတ်ပါဘူး ညီမလေးရာ...၊ ဒီမှာ အလုပ်ရှုပ်နေလို့ပါ။ နင့်ကို ခင်တာပေါ့၊ ရိုက်ကွင်းပေါ်မှာဆိုတော့..."

"မသိဘူး၊ ခင်ရင် အရင်နေ့တွေတုန်းကလိုပဲနေ"

မိန်းကလေးတစ်ယောက်က လိုက်ရောပြီဆိုလျှင် ယောကျ်ားလေးမှာ တော်တော်ဒုက္ခရောက်တတ်သည်။ ကောင်မလေး အိုက်တင်က ဇွတ်လုပ်မည့်ပုံ၊ ပြော၍ ဆို၍လည်း မရ။ လူများကို အကြိမ်ကြိမ်ကျပ်လာသမျှ ကိုယ့်အလှည့်ကျမှ ဒုက္ခနှင့် တွေ့ရတော့မည် ထင်သည်။

ထိုနေ့လည်း ရိုက်ကွင်းသိမ်းတော့ (၈)နာရီပြန်၊ ည(၁၀)နာရီမှာ ဂစ်တာသံကြား ဘုရား...ဘုရား တရ၏။ ဇာတ်ပို့မတွေကို ခေါ်ကာ အခြေအနေကို ပြောပြရသည်။ မကျပ်ကြဖို့၊ တော်ယုံစကား မကျွံဖို့ တောင်းပန်ရသည်။ သို့သော် ဘယ်သူ့မှ ပြော၍မရကြ၊ သူ ဒုက္ခရောက်လေလေ ပြောကာ ရယ်ကာဖြင့် သဘောကျလေလေ...။

နောက်နေ့ကျတော့ ရိုက်ကွင်းပေါ်မှာပင် စကားတွေက ပိုဆိုးလာ၏။

"ဟေ့...နင် ကုသိုလ်ယူမလား၊ အကုသိုလ် ယူမလား"

"ဗုဒ္ဓဘာသာပဲဗျာ၊ ကုသိုလ်ပဲ ယူမှာပေါ့"

ရယ်သံတွေ၊ အော်သံတွေ ဆူညံသွားကြလေသည်။

တစ်နေ့ထက်တစ်နေ့ ပိုဆိုးဆိုးလာသော စကားနှင့် အမူအရာတွေထဲမှာ ကုသိုလ်သည် ဒုက္ခဖြစ်ရရှာ၏။ ရှောင်၍မရ ပြေး၍မလွတ်။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံသာ ခံရမှာပဲဟူသော အနိ္နတိမာမာအေးသီချင်းသာ အော်ဆိုပစ်လိုက်ချင်တော့သည်။

လောကနိယာမအရ အလာရှိလျှင် အပြန်ရှိရလေသည်။ ဇီဇနေ့ ရိုက်ပြီးလျှင် မနက်ဖြန် ပုဂံက ပြန်ကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုတင်တစ်ခုလုံးက ကိုကုသိုလ်ကို အထူးစိတ်ဝင်စားကြသည်။ ပုဂံက အပြန်ရခက်သော ဇာတ်လမ်း...။

ဘယ်လိုမှတ်တမ်း၊ ဘယ်လိုလွမ်းခန်းလေးလည်းပေါ့...။ ရိုက်ကွင်းကို စက်ဘီးကလေးနှင့် ပါလာကာ မနက်ဖြန် ပြန်ရမည်ဟု ကိုကုသိုလ်က ပြောတော့ ကောင်မလေးမျက်နှာ ပျက်သွား၏။

သူနှင့် အတော်ရင်းနှီးနေပြီဖြစ်သော ဇာတ်ပို့မတစ်ယောက်ကို လက်ဆွဲခေါ်ထုတ်ကာ ဘုရားကလေးအနားမှာ သေသေချာချာမေးသည်။ ဟုတ်သည်ဆိုတော့ မျက်ရည်ဝဲကာ ထိုကောင်မလေးကို ဖက်ငိုကာ စက်ဘီးနင်းပြီး ပြန်သွားသည်။ ပြန်မလာတော့...။

ကားသာ ဆက်ရိုက်ရသည်။ ကိုကုသိုလ်မှာ စိတ်မကောင်း။ ယောင်ယောင် ယောင်ယောင်ဖြင့် စက်ဘီးကလေးနှင့်များ ပြန်ရောက်လာလေမလား ရှာမိ ကြည့်မိ မျှော်မိသေးသည်။ သို့သော် မတွေ့ရတော့။ ဇာတ်ပို့မတွေလည်း စိတ်မကောင်းဖြစ်ကြသည်။

ည(၉)နာရီလောက်ကျမှ ကောင်မလေးရောက်လာကာ လက်ဆောင်ထုပ်တွေနှင့် ကိုကုသိုလ်တံခါးကို ခေါက်၏။ မတတ်နိုင် ထွက်တွေ့ရတော့သည်။ ကောင်မလေး မျက်ရည်ဝဲကာ နေ၏။

"မနက်ဖြန် ပြန်တော့မှာဆို...၊ ကျုပ်တို့ ကျန်ခဲ့ရတော့မှာပေါ့ ဟုတ်လား..."

"အေးဟာ...ဒီလိုပါပဲ၊ ငါ သတိရနေမှာပါဟာ၊ လိပ်စာရေး ပေးထားတာပဲ စာရေးပေါ့၊ ရန်ကုန်ရောက်ရင်လည်း ဝင်လည်သေ"

တတ်နိုင်သမျှ အားပေးရ၏။ အပြင်မှာ တစ်ရှုတင်လုံးကလည်း စိတ်ဝင်စားနေကြသည်။ ဘာဖြစ်မလဲ...။

"တို့က ဒီအတိုင်း လွမ်းကျန်ခဲ့ရတော့မှာလား၊ ရှိခဲ့ရတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ''

''ဟဲ့...ကောင်မလေး မပြောနဲ့လေ...''

''ဘာ...ဟဲ့ ကောင်မလေးလဲ၊ မပြောနဲ့ တားလည်း မတားနဲ့၊ ဒီည လက်ဆောင်ပေးရင်း ကျုပ်ချစ်တဲ့လူနဲ့ နောက်ဆုံး အတူတူ အိပ်ဖို့ ဆုံးဖြတ်ပြီး လာတာ''

''ဟာ...နင် ဘာတွေပြောနေတာလဲ၊ နင် ရူးနေသလား၊ နင် ပြောစရာလား''

''ပြောမှာပဲ...ဆုံးဖြတ်ပြီးသား...ဦးကုသိုလ် တားစရာမလိုဘူး၊ သင်းမြတ်မိုးကို အခုပြောပေး၊ ကျွန်တော် သူ့ကို ချစ်နေတာ ကျွန်တော် သူနဲ့ အိပ်မှာ...''

''ဘာ...''

ကိုကုသိုလ် အခန်းထဲမှ ပြေးထွက်ကာ အားရဝမ်းသာ အော်ရသည်။

''ကောင်မလေးက ယောက်ျားလျာကလေးဟ့၊ ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး၊ သူ သင်းမြတ်မိုးကို ချစ်နေတာတဲ့၊ ဟဲ့...ဇာတ်ပို့မတွေ၊ ဟဲ့...သင်းမြတ်မိုး''

ရှုတင်တစ်ခုလုံး ပုဂံက အပြန်လမ်းတစ်လျှောက်လုံး ပြောမဆုံး ရယ်မောမဆုံး။ အားလုံး ခံလိုက်ကြရ၏။ အဖြစ်မှန်ကို သိရတော့မှ ကိုကုသိုလ် ထိန်းရတာတွေ၊ တွေးရတာတွေ၊ စိုးရိမ်ရတာတွေ ရယ်စရာ ဖြစ်ကုန်သည်။ အိုက်တင်ကို နောကျေနေပြီဟုထင်သော ဝါရင့်သရုပ်ဆောင်တစ်ယောက် ခံလိုက်ရသော ပွဲဖြစ်၏။

''ဟာ...လူတစ်ယောက်အိုက်တင်ဆိုတာ တော်တော်ငယ်သေး ရ သိရ ခက်ပါလား''ဟု ကိုကုသိုလ် ရှက်ရှက်နှင့် ဝန်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။

ကျွန်တော်တို့ ရုပ်ရှင်သမားများ လူတွေကို များများလေ့လာကြရဦးမည်။

လူ့သဘာဝ လူ့စိတ်သည် ကျွန်တော်တို့အတွက်တော့ မဆုံးနိုင်၊ မကုန်နိုင်၊ မပြီးနိုင်သော တက္ကသိုလ်ကြီးတစ်ခု ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

# ဇော်ဝေါက ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ဇက်ပေါ်က ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကမ်းခြေသို့ ကျွန်တော် (၁၄)ခေါက်တိတိ ရောက်ခဲ့ဖူးပါသည်။

ချောင်းသာကမ်းခြေသည် ကျွန်တော်နှင့် ထိုမျှလောက် ကံပါကြောင်း အစက မသိခဲ့။ ကျွန်တော် ဇာတ်ညွှန်းရေးရင်း ဒါရိုက်တာ မောင်မျိုးမင်း၊ ကိုပြည့်ဝ၊ ကိုမိုက်တီးတို့နှင့် ချောင်းသာသို့ အကြိမ်ကြိမ် ရောက်ခဲ့ရသည်။ ထို ဆယ့်လေးကြိမ်စလုံးတွင် ဒါရိုက်တာများ ပြောင်းသွားသော်လည်း မင်းသားကတော့ လွင်မိုးချည်း ဆယ့်သုံးကြိမ်ဖြစ်သည်။ ကိုပြည့်ဝ ရိုက်ကူးခဲ့သော 'နိဒါန်း၏အဆုံး' ဗီဒီယိုတစ်ကားတည်းသာ မင်းသားက ဒွေးဖြစ်သဖြင့် လွင်မိုးမပါဘဲ ချောင်းသာကို တစ်ကြိမ်သာ သွားဖူးသည်ဟု ပြောရမလို ဖြစ်နေသည်။

ကျွန်တော်တို့ တစ်နှစ်ကို အနည်းဆုံး နှစ်ခေါက်လောက် ချောင်း

www.burmeseclassic.com



သာကို ရောက်ဖြစ်ကြသည်သာဖြစ်၏။ တချို့ကားများမှာ ချောင်းသာတွင် ရိုက်ကူးမှရမည့်ကားများ ဖြစ်သောကြောင့် ရောက်အောင် သွားရခြင်း ဖြစ်သလို တချို့ကားများကျတော့လည်း ရန်ကုန်မှာရိုက်လျှင် ရသော်လည်း ချောင်းသာကို တမင်ထွက်ကြခြင်းမျိုးလည်း ရှိသည်။

ချောင်းသာသွားဖြစ်သည့် အခေါက်တိုင်းလိုလိုမှာ လွင်မိုး၏ စနက်က များလေသည်။

"ကိုမျိုးမင်း...၊ ရှေ့ကား ချောင်းသာသွားရိုက်ရအောင်ဗျာ၊ ရန်ကုန်မှာ ရိုက်ရတာ ငြီးငွေ့နေပြီ"

"မလုပ်နဲ့ မောင်မိုး၊ မင်းက အရေးမကြီးဘူး၊ ငါက ကန်ထရိုက် ကွ၊ မကိုက်ဘူး"

ကန်ထရိုက်ဆိုသည်မှာ မင်းသား မင်းသမီးအတွက် ငွေမှလွဲ၍ ကျန်ကားတစ်ကားလုံး၏ ကုန်ကျစရိတ်ကို အပြတ်ထုတ်ပေးထားခြင်း ဖြစ်သည်။ Producer က သူသတ်မှတ်ပေးလိုက်သော ငွေထက် ပို၍ အကုန်ခံတော့မည် မဟုတ်။ ကားထဲတွင် ထည့်သော သီချင်းအရံလူ၊ ကားဆက်အတွက် အားလုံးမှာ ထိုထုတ်ပေးထားသော ငွေထဲမှာသာ ဒါရိုက်တာက ချိန်၍ သုံးရသည်။ ထို့ကြောင့် ကန်ထရိုက်ဆိုလျှင် လူနည်းနည်း၊ ရက်နည်းနည်းရိုက်မှသာ ကိုယ့်အတွက် ကျန်တတ်သည်။

ကိုမျိုးမင်းက ဇာတ်ကို မကောင်း ကောင်းအောင် ရိုက်တတ် သဖြင့် ကန်ထရိုက်ယူရိုက်လျှင် သူ့အိတ်ထဲက အမြဲစိုက်တတ်ရ၏။ ထို့ကြောင့် ကန်ထရိုက်ဆိုလျှင် ပါသောဇာတ်ရံများကို ညီနှိုင်းကာ ဈေးဆစ် တန်လည်း ဆစ်ကြရသည်။ လုပ်ငန်းသဘောကို သဘောပေါက်ကြ သဖြင့် ကိုယ့်လုပ်ဖော်ကိုင်ဖက်ချင်း ကူညီပေးကြတာက များပါသည်။ သိပ်တွက်ကပ်သူ မရှိ။ ထို့ကြောင့် ကန်ထရိုက်ယူကာ ရိုက်ကြရသော



www.burmeseclassic.com

www.burmeseclassic.com



ကားသုံးလေးကား မဟုတ်လျှင် နယ်တက်မရိုက်နိုင်ကြ။

နယ်တက်ရိုက်လျှင် အကုန်အကျက နှစ်ဆပိုများတတ်သည်။

ခရီးစရိတ်ပါသော ဇာတ်ရုံ မင်းသား၊ မင်းသမီး၊ စက်အဖွဲ့ အားလုံးအတွက် အိပ်စရာနေရာဖိုး ကုန်သည်။ ရန်ကုန်တွင် ရိုက်လျှင် ရိုက်ကွင်းပြီးသည်နှင့် ကိုယ့်အိမ်ကိုယ်ပြန်အိပ်၍ရသော်လည်း နယ်ထွက်လျှင် တည်းခိုခပါ ကုန်ရသည်။ ပြီးတော့ ရန်ကုန်မှာဆိုလျှင် ထမင်းတစ်နပ် ကျွေးရသော်လည်း နယ်ထွက်လျှင် မနက်စာ ညစာပါ ကျွေးရပြန်သဖြင့် အရာရာ နှစ်ဆကုန်ကျတတ်သည်။ ထို့ကြောင့် ကိုမျိုးမင်း ကန်ထရိုက်တာကို နယ်ထွက်ရိုက်ဖို့ ငြင်းသည်။

လွင်မိုးက ခဏစဉ်းစား၏။

"ကျွန်တော် လျှော့ယူမယ်ဗျာ၊ ဟိုမှာ အဆင်ပြေအောင် စိုက်ပေးမယ်၊ ချောင်းသာသာ တည်လိုက်၊ ချောင်းသာ သွားမယ်တော့"

ရိုက်နေသည့် အဖွဲ့တွေအားလုံး ပျော်သွားကြသည်။ သူလိုက်မယ်၊ ငါလိုက်မယ် စာရင်းပေးကြသည်။ မောင်လွင်မိုးသည် ချောင်းသာကို အဲဒီလောက်အထိ သဘောကျသော မင်းသားတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ တစ်နှစ်ကို တစ်ခေါက် နှစ်ခေါက်တော့ ချောင်းသာကို ရောက်ကြသည်။

(၁၅-၁၁-၉၉) ရက်နေ့က ဧရာဝတီတိုင်း ညောင်တုန်းမြို့ရှိ ဗိုလ်မြတ်ထွန်းတံတားကို ဖွင့်ကြောင်း သတင်းစာထဲတွင် ဖတ်ရသည်။ ချောင်းသာသွားဖို့ လမ်းကား ပိုနီးပြီး ပိုအဆင်ပြေသွားပြီဖြစ်သည်။ ကျွန်တော်တို့ ချောင်းသာကို သွားရသည့်ခရီးက လမ်းမှာ ဇက်နှစ်ခု ကူးကြရသည်။ ညောင်တုန်းဇက်နှင့် ပုသိမ်ဇက်ဖြစ်၏။

ညောင်တုန်းဇက်ဆိပ်ကို နံနက်(၈)နာရီမထိုးခင် အမီအောင်



www.burmeseclassic.com

www.burmeseclassic.com



တာ (၈)နာရီထွက်သော ဖက်ကို မီအောင် စီးရသည်။ (၈)နာရီဖက် မမီလျှင် (၁၀)နာရီမှ ထွက်ရ၏။ ဖက်က ညောင်တုန်းဘက်မှ (၈)နာရီ ထွက်ကာ စကြော့ဘက်မှ (၉)နာရီ ပြန်ထွက်။ တစ်ခါ ညောင်တုန်းမှ (၁၀)နာရီမှ ပြန်ထွက်သောကြောင့်ဖြစ်သည်။ နွေရာသီဝင်လာသည့်အခါ ချောင်းသာသို့ အသွားများသည့် အချိန်မျိုးတွင် ဖက်ဆိပ်မှာ ကားတန်းကြီးတွေ မနည်း။ ဖြေးဖြေးလေးလေးကြီး လာနေသော ဖက်ကို မျှော်၊ ဖက်ရောက်လာတော့ ကိုယ့်ကား ပါပဲမလား စိတ်ပူကြရသည်။ အခုတော့ ဗိုလ်မြတ်ထွန်းတံတားကြီး ပြီးစီးသွားပြီဖြစ်သဖြင့် ထိုဒုက္ခတွေ မရှိတော့ပြီ။

ပုသိမ်ဘက် ရှောပြာဖက်က ညောင်တုန်းဖက်လောက် ကား မများတော့။ မော်တင်စွန်းဘုရားဖူးယာဉ်များ၊ ဇလွန်ပြည်တော်ပြန် ဘုရားဖူးယာဉ်များနှင့် ဟသ်ာတဘက်သို့ သွားသောယာဉ်များ လမ်းခွဲသွားကြသောကြောင့် ရှောပြာဖက်ဆိပ်ရောက်လျှင် ချောင်းသာသို့ သွားမည့်ယာဉ်ချည်း သီးသန့်ကျန်ခဲ့တတ်သောကြောင့်ဖြစ်သည်။ ရှောပြာဖက်က ညောင်တုန်းဖက်လောက်လည်း မဝေး၊ လှမ်းမြင်နေရသည်။ ဖက်ပေါ်မှာ (၁၀)မိနစ်ခန့်သာ ကြာတတ်သည်။ ညောင်တုန်းဖက်ကတော့ တစ်နာရီနီးပါး စီးရသည်။ ရေကျ၍ သောင်ထွန်းလျှင် (၁)နာရီပင် ကျော်တတ်သေး၏။

ထို့ကြောင့် ချောင်းသာသည် ဗိုလ်မြတ်ထွန်းတံတားကျေးဇူးကြောင့် သွားရလာရဒုက္ခ အတော်ကျဉ်းသွားပြီဖြစ်သောကြောင့် မကြာမီ ချောင်းသာကြဦးမှာ ကျွန်တော် တွေးမိ၏။

ထို့နောက် တစ်ဆက်တည်း ညောင်တုန်းဖက်ဆိပ်တွင် ဖြစ်ခဲ့သော ကျွန်တော့် အလွဲတစ်ခုကိုလည်း သတိရကာ ပြုံးမိသည်။ ထိုစဉ်က ဗိုလ်မြတ်ထွန်းတံတားကြီး ဆောက်လက်စပင် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာသို့ ခရီးထွက်ခဲ့သည့် ကျွန်တော့် ရှစ်ကြိမ်မြောက် ခရီးစဉ်တွင် ဖြစ်သည်။

ည (၈)နာရီလောက်မှာ ရှုတင်မန်နေဂျာ အိမ်ရောက်လာသည်။

"မနက် ချောင်းသာသွားမယ်၊ ကိုမျိုးမင်းက အဆင်သင့် ပြင်ထားပါတဲ့...၊ ကျွန်တော်တို့ ရှုတင်ကား မနက် ၅ နာရီ လာခေါ်မယ်"

"ဟ...ဘာသံမကြား၊ ညာသံမကြားပါလား၊ ဘယ်သူနဲ့လဲ..."

"ချောင်းသာ ဘယ်သူရှိမလဲ၊ လွင်မိုးပဲပေါ့၊ မင်းသမီးတော့ မသိသေးဘူး"

ရှုတင်မန်နေဂျာ ပြန်သွား၏။ ကျွန်တော် ပစ္စည်းတွေ၊ စာရွက် စာတမ်းတွေ ထည့်ရသည်။ အိမ်ကလည်း ချောင်းသာဆိုသဖြင့် ထူးထူး ခြားခြား ဘာမှ မပြောတော့။ ခဏခဏ သွားနေရသဖြင့် ရိုးနေပြီ ဖြစ်သည်။ ကျွန်တော်ကတော့ မနက်ဖြန် ဒီလိုအချိန်တွင် ဂဏန်းချဉ်စပ် ငါ စားရလောက်ပြီဟု တွေးကာ အိပ်ရသည်။

မနက်(၄)နာရီခွဲလောက်တွင် ရှုတင်ကား ရောက်လာ[illegible] ကျွန်တော် အိပ်လို့ ကောင်းတုန်းပင် ရှိသေးသည်။ ကျွန်တော့်မှာ အဲဒီကိစ္စက အမြဲတမ်း ဒုက္ခရောက်တတ်သည်။ ရှုတင်မန်နေဂျာက သင်္ဃန်းကျွန်း (၁၆/၃) တွင် နေသူဖြစ်သဖြင့် ရှုတင်ကား လာကြိုလျှင် ကျွန်တော်က First Man ဖြစ်ပြီး ရှုတင်သိမ်း၍ ပြန်ပို့လျှင် Last Man ဖြစ်သဖြင့် စောစောထရကာ နောက်ကျမှ ပြန်ရောက်တတ်သည်။ မတတ်နိုင်၊ လမ်းကျမှ ငိုက်ရတော့မည်။ မျက်နှာသစ် အိတ်ပစ်တင်ကာ ကျွန်တော် ပါလာခဲ့သည်။

ပါသည့်လူတွေ စက်အဖွဲ့နှင့် ဒါရိုက်တာ အားလုံး[illegible] ခြောက်နာရီထိုးတော့မည်။ ရန်ကုန်ဧရိယာက မထွက်ရသေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထဲတားကြီးကို ဖြတ်ပြီးတော့ လွင်မိုးက FMI City ရှေ့တွင် သူ့ကားနှင့် စောင့်ကာနေသည်။ ဒါ ကျွန်တော်တို့ ဆုံနေကျ၊ ချိန်းနေကျ နေရာပင် ဖြစ်သည်။

ကျွန်တော်နှင့် ကိုမျိုးမင်း ကားပေါ်မှဆင်းကာ မောင်မိုးကားပေါ် ပြောင်းကြရသည်။

ကားပေါ်မှာ မင်းသား၊ ဒါရိုက်တာနှင့် ကျွန်တော်တို့ ဇာတ်အကြောင်း ပြောရဦးမည်။ ဘာရိုက်မည်ဆိုတာ ထုံးစံအတိုင်း မသိကြ၊ မညှိကြရသေး။ ချောင်းသာကို စပြီး သွားရိုက်ကြသည့် ကားကတည်းက ဒီလိုပင်ဖြစ်သဖြင့် ဘယ်သူမှ စိတ်မပူကြ၊ အေးအေးဆေးဆေးသာ စကားပြောပြီး ညောင်တုန်းကို မောင်းကြသည်။

ခုနစ်နာရီကျော်လောက်မှာ ကျွန်တော်တို့ ညောင်တုန်းဖက်ဆိပ်ကို ရောက်ကြသည်။ ကားပေါ်မှ ဆင်းကာ ဖက်ဆိပ်မှာ ရောင်းကြသည့် ဆိုင်တွေမှာ မနက်စာ ဆင်းစားကြရသည်။ ဖက်ဆိပ်မှာတော့ ထုံးစံအတိုင်း ကားတွေက မနည်း။ အစင်း ကိုးဆယ်တစ်ရာနီးပါး ရှိလိမ့်မည်ထင်သည်။ ကျွန်တော်တို့ (၈)နာရီထွက်မည့်ဖက်နှင့် မပါနိုင်ဟု တွက်မိသည်။

ကျွန်တော်တို့ မုန့်ဟင်းခါးစားပြီး ကော်ဖီသောက်ကြသည်။ ဖက်ဆိပ်မှာ လူတွေက မင်းသား မင်းသမီးကို ကြည့်၊ ကျွန်တော်တို့က ဖက်ပေါ်တင်ခွင့်မပေးသေးသော ကားတွေကိုကြည့်၊ စကြ နောက်ကြ။ ခရီးစထွက်သည့် စိတ်ရွှင်လန်းနေသော လူတွေအားလုံး ပျော်နေကြသည်။

"(၈)နာရီဖက်တော့ မမီတော့ဘူးကွ၊ (၁၀)နာရီမှပဲ ရတော့မှာ... ပုသိမ်ကို နှစ်နာရီကျော်မှ ရောက်တော့မှာ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်းက အခြေအနေကို တွက်ကာ စားရေးသောက်ရေး အတွက် စီစဉ်သည်။ (၈)နာရီခွက်နှင့် လိုက်ရလျှင် အဆင်ပြေဆုံးဖြစ်သည်။ ပုသိမ်ကို (၁)နာရီလောက်မှာရောက်၊ ခဏကြီးထမင်းဆိုင်မှာ ထမင်းစား။ ရှောပြာဇက်ဆိပ်ကို နှစ်နာရီမီအောင်မောင်း၊ ချောင်းသာကို လေးနာရီကျော်ကျော်လောက်မှာရောက်၊ ရေကူး...ရေကစား... ထမင်းစားကာ ထိုညနား။ ဇာတ်အကြောင်းတွေ ပြောကြ။

အခု (၈)နာရီဇက် မမီတော့သဖြင့် Timing တွေ တစ်နည်းနည်းတော့ အောက်ကျနိုင်ပြီဖြစ်သည်။

ကိုမျိုးမင်းနှင့် မောင်မိုး ဆိုင်ထဲမှ ထွက်သွားကြသည်။

ထိုအချိန်ကျမှ ကျွန်တော် ဗိုက်နာလာ၏။ (၈)နာရီဇက်နှင့် မပါနိုင်မှန်း သေချာသဖြင့် ကျွန်တော် ရေအိမ်သို့ ထွက်ခဲ့သည်။ မသွားခင် ကျွန်တော်နှင့် ကော်ဖီအတူတူသောက်နေသော ဓာတ်ပုံဆရာ သရုပ်ဆောင် မင်းလှိုင်ကို ပြောဘားခဲ့သေးသည်။

ကျွန်တော် ရေအိမ်ဝင်ရင်း ချောင်းသာမှာရိုက်မည့် ဇာတ် အကြောင်းကို စဉ်းစားရသည်။ ချောင်းသာမှာ ရိုက်ခဲ့တဲ့ ကားလည်း များပြီ။ ရှေ့ကားတွေနဲ့ မထပ်အောင် မတူအောင် ဘယ်လိုဇာတ်မျိုး ရေးရမလဲ။ ကျွန်တော့်ခေါင်းထဲတွင်တော့ အခုထိ ဘာဇာတ်မှ မရှိ။ ကိုမျိုးမင်းလည်း စဉ်းစားရသေးဟန် မတူ။ သို့သော် ကိစ္စမရှိ၊ ဇက်ပေါ်မှာ၊ ကားပေါ်မှာ မရလည်း ကိစ္စမရှိ။ ချောင်းသာရောက်လို့ ပင်လယ်ကြီးကို မြင်ပြီး ရေချိုးကြ၊ ပျော်ကြ၊ ညဘက် သောင်စပ်မှာ စကားပြောကြရင်း ဇာတ်ရတတ်သည်ဆိုတာကို အတွေ့အကြုံအရ ကျွန်တော် သိနေခဲ့သဖြင့် ဆက်မစဉ်းစားတော့။

ရေအိမ်ကထွက်တော့ ကျွန်တော် စီးကရက်တစ်ဘူးဝယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးမဝခဲ့သဖြင့် လန်းဆန်းသွားအောင် လစ်ပိုဗီတန်တစ်လုံးဝယ်သည်။ ပြီးလို့...ငိုက်စိုက်ငိုက်စိုက်ထွက်လာတော့ ကျွန်တော့်ရင်ထဲ ဟာသွား၏။ ရေစပ်မှာရပ်ထားတဲ့ ဖက်ကြီး မရှိတော့။ ကျွန်တော်တို့ ရှုတင်ကားတွေရော၊ မင်းသားမင်းသမီးကားတွေရော မရှိကြတော့။ ဖက်က ခွာကာစ ဆိုပေမယ့် ကမ်းနှင့် ခြောက်တိုင်လေးတိုင်လောက် ရောက်နေကာ မြစ်ကြောင်းဘက်ကို ခေါင်းလှည့်ပြီးသား ဖြစ်နေပြီဖြစ်သည်။

ကျွန်တော် ချက်ချင်းစဉ်းစားရသည်။ ပိုက်ဆံအိတ်က ကျွန်တော့်ဆီမှာ မရှိတော့။ ဖက်ပေါ်က အိတ်ထဲမှာ ပါသွားပြီဖြစ်သည်။ ကျွန်တော် လက်လှမ်းကာ ပြသည်။ သို့သော် ဖက်ကြီးက သွားနေဆဲ။ ထိုအချိန်တွင် ဖက်မောင်းသော အပေါ်ထပ် အမိုးပေါ်မှာ မောင်မိုးက ကျွန်တော့်ကို လက်လှမ်းပြသည်။ ဒီတော့မှ ကျွန်တော်လည်း ကြုံးအော်ရ၏။ ရှေ့သို့ သွားနေသော ဖက်အရှိန်လျော့ကာ ရပ်သွားပြီး ရေလည်မှာ ခေါင်းပြန်လှည့်တာ ကျွန်တော် သိသွား၏။

"ဖက်ထွက်သွားပြီ၊ နင့်ကို ငါပြောသားပဲ၊ မြန်မြန်လုပ်ဆို၊ ဖက်က သွားပါပြီ"

"ကိုယ်လည်း မထင်လို့ပါ၊ ဆရာကြီးကို ပြောပြရမှာပေါ့၊ (၁၀)နာရီဖက်ပဲ စောင့်ရမှာပဲ"

ကျွန်တော် နောက်လှည့်ကြည့်တော့ ဆရာမနှစ်ယောက်၊ ကျွန်တော့်လိုပဲ ဖက်ကို ငေးနေကြတာ တွေ့ရ၏။ ကျွန်တော့်လိုပဲ နောက်ကျခြင်းဆိုတာ ကျွန်တော်သိသည်။ ထိုဆရာမနှစ်ယောက်ကို ရေအိမ်မှာ ကျွန်တော် တွေ့ခဲ့သောကြောင့်ပင် ဖြစ်သည်။

"စိတ်မပူနဲ့ ဆရာမ၊ ဒီဖက် ပြန်လာခေါ်မှာ..."

ဆရာမတစ်ယောက်က မှုန်ကုတ်ကုတ်ဖြင့် လှမ်းကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မျက်စောင်းထိုးရင်း ဘာမှမပြောဘဲ တစ်ဘက်သို့ လှည့်ထွက်သွားသည်။ မောင်မိုး ကျွန်တော့်ကို လက်လှမ်းပြပြီး စက်ခန်းထဲ ပြေးဝင်သွားကတည်းက ကျွန်တော့်ကိုပြန်လာခေါ်မည်ဆိုတာ သေချာသလောက် ရှိသောကြောင့် အားပေးသည့်အနေဖြင့် ပြောခြင်းဖြစ်သော်လည်း ဆရာမနှစ်ယောက်က အဓိပ္ပါယ်မရှိ ယူဆကာ မယုံကြခြင်း ဖြစ်သည်။

"တကယ်ဆရာမ၊ ဇက်ပြန်ကပ်မှာ"

"ဟဲ့...ဟုတ်တယ်ဟ၊ ဇက်က တကယ်ပြန်လာနေတာ"

"အေး...ဟ"

"ရှင့်ကို ပြန်လာခေါ်တာလား"

"ဟုတ်ပါတယ်ဆို..."

"ရှင်က ဘာလဲ..."

ရှင်ကို လာခေါ်တာ လား

"ဘာမှ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ လာကိုခေါ်မှာ၊ မခေါ်လို့ မရဘူး"

ဆရာမနှစ်ယောက် ဒီတော့မှ ကျွန်တော့်ကို ပြူးပြူးပြဲပြဲ ကြည့်ကြသည်။ ဇက်ကြီးပြန်ကပ်လာတာ သေချာသော်လည်း ကျွန်တော့်ကို ကြည့်ကာ ပြန်လာခေါ်သည်ဆိုတာကို ယုံဖို့က ခက်နေပုံရသည်။ လူပုံစံက ကကျိုးကကြောင် ပုပု။ လက်ထဲမှာ ကိုင်ထားသည့် ပစ္စည်းကလည်း ဘာမှ အရေးမကြီး၊ စီးကရက်တစ်ဘူးနှင့် လီပိုဗီတန်မျှသာ။ ကျွန်တော့်ကို ကြည့်ကာ သူတို့ မယုံကြ။ သို့သော် ဇက်ကြီးက တကယ်ကို ပြန်ကွေ့လာနေသည်ကိုလည်း မယုံ၍မဖြစ်။

"ဇက်က ထွက်ပြီးရင် ပြန်လာရိုးထုံးစံ မရှိဘူး၊ ရှင်က ဘာလဲ"

"ဘာမှမဟုတ်ဘူးဆို၊ ဇက်ပေါ်မှာ မင်းသားရှိတယ် ရှင့်..."

"ဟယ်...ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီမင်းသားက ကျွန်တော်မပါဘဲ ချောင်းသာကို သွားလို့မရဘူး"

ဇက်က ကမ်းကိုကပ်ကာ သံကုန်းဘောင် ချနေပြီဖြစ်သဖြင့် ကျွန်တော်တို့ ရေစပ်သို့ ဆင်းလာခဲ့သည်။ ကျွန်တော်က ရိုးရိုးကလေး ဓာတ်ညွှန်းရေးတဲ့လူလို့ မပြောဘဲ လွင်မိုးက ကျွန်တော်မပါရင် သွားလို့ မရဘူးဟု ပြောခြင်းမှာ ဘာရေးပြီး ဘာရိုက်ရမည်ဟု မသိသေးခြင်း ကို ရည်ညွှန်းကာ ပြောခြင်းနှင့် ကျွန်တော့်အရေးပါမှုကို ကြွားလိုက် ခြင်းလည်း ဖြစ်ပါသည်။

ဇက်ပေါ်တက်တော့ ဇက်ပေါ်မှာရှိသည့် လူတွေက ထူးဆန်းကာ ကျွန်တော်နှင့် ဆရာမနှစ်ယောက်ကို ဝိုင်း၍ ကြည့်ကြသည်။ မောင်မိုးက အပေါ်က စက်သမားကို အကူအညီတောင်းခြင်းဖြစ်သဖြင့် အောက်က စီးသူများ သိကြပုံမပေါ်။ ထူးထူးဆန်းဆန်း ထွက်ပြီးသား ဇက်က ပြန်ခေါ်သဖြင့် တက်လာသူကို ကြည့်တော့လည်း ကျွန်တော်နှင့် ဆရာမ နှစ်ယောက် ဖြစ်နေသဖြင့် စဉ်းစား၍ မရကြ။

မောင်မိုးက ကျွန်တော် ဇက်ပေါ်ရောက်သည်နှင့် ထောပနာ ပြု၏။

ကျွန်တော် အပေါ်ထပ်တက်၊ စက်ဆရာများကို ကျေးဇူးတင် ကြောင်း ပြောရသည်။ ရေအိမ်ဝင်နေကြောင်း (၈)နာရီဇက်' မမီဟု ထင်ကြောင်းလည်း ရှင်းပြရ၏။ ထုံးစံအတိုင်းဆိုလျှင် (၈)နာရီဇက် မမီသော်လည်း မောင်မိုးက တာဝန်ရှိသူများကို ဝင်တွေ့ကာ အကူအညီ တောင်းသဖြင့် အဆင်ပြေသွားကြောင်း သိရသည်။ ကြော်ငြာ၊ ကားရိုက် နှင့်ပတ်သက်၍ ကျွန်တော့်ထက် အခေါက်ရေ နှစ်ဆလောက် ချောင်းသာ ကို ပိုရောက်သော မောင်မိုးနှင့် ဇက်ဆရာများက မိတ်ဆွေလို ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



နေကြပြီဆိုတာကို ကျွန်တော် သိလျက်နှင့် သတိလစ်သွားခြင်းသာ ဖြစ်သည်။

တစ်နာရီနီးပါးစီးရသော ဇက်ပေါ်မှာ ကျွန်တော်နှင့်အတူ တက်လာသော ဆရာမနှစ်ဦးက ကျွန်တော့်ကို မင်းသားနှင့်အတူ တွေ့ရသဖြင့် ကွက်ကြည့်ကွက်ကြည့် လုပ်ကြ၏။ ကျွန်တော် လှမ်းကာ ပြုံးပြရင်း သေသေချာချာကြည့်တော့မှ ဆရာမနှစ်ယောက်တွင် တစ်ယောက်က အသက်အစိတ်ခန့်သာ ရှိဦးမည်။ အသားညိုညို မျက်နှာနှင့် မျက်လုံး ဝိုင်းဝိုင်း၊ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ ဇာတ်လမ်းကလည်း ရှိထားပြီးသား ဆိုတော့ ဇာတ်ဆရာပီပီ ဇာတ်လမ်းကလေးတော့ တွေးလိုက်ချင်၏။

ဘာပဲဖြစ်ဖြစ် သူတို့ကြောင့် ထွက်သွားသော ဇက်ကြီးပေါ် ရောက်ရတာဆိုတော့ ကျွန်တော့်အခြေအနေက သိပ်မဆိုးလှ။ ကျွန်တော် မပါရင် မင်းသား ချောင်းသာကို သွားလို့မရဘူးဆိုတာကိုလည်း ကျွန်တော်က ပြောခဲ့သည် မဟုတ်လား။ သူတို့ကလည်း ကျွန်တော့်ကိုသာ ကွက်ကြည့် ကွက်ကြည့်။

ထိုအချိန်တွင် ကျွန်ုပ်တို့၏ မင်းသားက ကျွန်တော်ဝယ်လာသော လီပိုကို ယူကာ ဖောက်သောက်သည်။

"ပြီးမှ ခင်ဖော်ဆီမှာ တစ်လုံးပြန်ယူလိုက်၊ နောက်ကျတာလည်း မပြောနဲ့၊ မင်း ဇက်မကြည့်ဘဲ အဲဒါတွေ ဝယ်နေတာ မဟုတ်လား"

"ဒါတွေမဝယ်လည်း မမီပါဘူး၊ ဇက်က ထွက်နေပြီပဲ...၊ ဒါဝယ်တာ ဘယ်လောက်ကြာတာ မှတ်လို့လဲ"

ခင်ဖော်ဆိုတာက မောင်မိုးနောက်တွင် လိုက်သော အဖော် ဖြစ်၏။ ကျွန်တော်နှင့်လည်း ညီအစ်ကိုလို ရင်းနှီးပါသည်။ ခင်ဖော်က ကားရိုက်ပင်ပန်းလျှင် သောက်စရာ လစ်ပိုတွေ ကားထဲမှာ ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပါသည်။ မပါလည်း မောင်မိုး သောက်သည့်အတွက် ပြဿနာမရှိပါ။ ကျွန်တော် စိတ်မဝင်စား။ ကျွန်တော် ဆရာမကလေး ကိုပဲ ကြည့်နေသည်။

ဆရာမကလေးနှစ်ယောက်ကလည်း ကွက်ကြည့် ကွက်ကြည့် ပြန်လုပ်ကြ၏။

ကျွန်တော်ကလည်း လွင်မိုးနှင့် စကားပြောရင်း ရယ်ရယ်မော မော ပိုလုပ်ပေးထားသည်။ ကျွန်တော်တို့၏ မင်းသားကတော့ ကျွန်တော့် အကြံကို ဘာမှမသိ။ ဖက်အပေါ်ထပ်မှ မတ်တပ်ရပ်ကာ မြစ်ကြောင်းထဲမှ သောင်ထွန်းနေသော သောင်တွေကို ပြကာ လက်ညှိုးတစ်ထိုးထိုးဖြင့် စကားပြောသည်။

"တွေ့လား နီကိုရဲ...အဲဒီသောင်တွေ ရှိနေတော့ ဒီသောင်တွေ ကို ပတ်ခုတ်နေရတာ...၊ အဲဒါကြောင့် ညောင်တုန်းဖက်က ကြာတာ"

ဒါတော့ သူပြောမှလား...။ ရေထဲက ခုတ်တဲ့ ဖက်ဆိုတာ သောင်ရှိရင် ဒီသောင်ကို ကွေ့ခုတ်ရမှာပေါ့။ သို့သော်...စိတ်ဝင်တစား ဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ နေရ၏။ ဒါမှ အောက်က လှမ်းကြည့်နေသော ဆရာမကလေးများက ကျွန်တော်နှင့်လွင်မိုး စကား ပြောနေတာကို တွေ့မည်။ ကျွန်တော်သည် လွင်မိုး၏ အရေးတကြီး ရင်းနှီးထားသော ပုဂ္ဂိုလ်မှန်း သိမည်။ ဒါမှလည်း လေးဆယ့်ငါးမိနစ်ခန့် ပျင်းရိစွာစီးရမည့် ဖက်ကြီးပေါ်မှာ ဇာတ်ကလေး ဘာလေး ဆင်လို့ရမည် ဖြစ်၏။

မင်းသားက သောင်ဆိုသည်မှာ မြစ်ရေနှင့် စီးပါလာသော သဲတွေ၊ နွံတွေ အနည်ထိုင်ကာ ဖြစ်လာရကြောင်း၊ ထို့ကြောင့် သောင် တွေသည် မြေဩဇာကောင်းကြောင်း၊ သီးပင် စားပင်နှင့် ကိုင်းစိုက်၍



www.burmeseclassic.com

www.burmeseclassic.com



ရကြောင်းများကို ဆက်ရှင်းပြပြန်၏။ ကျွန်တော် သိပြီးသားဖြစ်သော်လည်း အရေးတကြီး စိတ်ဝင်စားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ဖြင့် ညိတ်ရသည်။ အရေးတကြီးပြန်လည်ဆွေးနွေးရ၏။ ထိုသို့ ဆွေးနွေးရင်း ဆရာမကလေးတွေရှိရာကို လှမ်းခနဲ ခိုးကြည့်တော့ ကျွန်တော်တို့ကို ငေးနေတာ တွေ့ရသည်။

ကျွန်တော် မင်းသားနှင့် စကားပြော ခဏရပ်ကာ ဆရာမကလေးတွေကို အားရပါးရ ပြုံးပြလိုက်သည်။ ဆရာမကလေးတွေက ပြန်ပြုံးပြကာ ရယ်မောကာ တစ်ဘက်လှည့်သွားကြ၏။ ရပြီ... ဒီလောက်ဆို စကားပြောလို့ ရပြီဆိုတာကို ကျွန်တော် ကျိန်းသေသိသည်။ ကျွန်တော် ဘာလုပ်ရမည်ဆိုတာကိုလည်း ကျွန်တော် သိပါသည်။ သူများကို တစ်သက်လုံး ဇာတ်ညွှန်းနေလာခဲ့တာ ကိုယ့်ကိုကိုယ် ဘယ်လို ညွှန်းရမလဲ ဆိုတာလောက်တော့ နောကျေနေပြီ။

ဇက်ခရီးလမ်း တစ်ဝက်လောက်ရောက်တော့ အပေါ်ထပ်က နေပူလာသဖြင့် ကျွန်တော် အောက်ပြန်ဆင်းလာပြီး မောင်မိုးကားထဲ ခဏ ဝင်ထိုင်နေလိုက်သည်။

မောင်မိုးကားရပ်ထားသည့်နေရာက ဆရာမကလေးတွေ ရပ်နေသော ဇက်လက်ရမ်းနှင့် သိပ်မဝေးသော်လည်း ဇက်ပေါ်မှာရပ်ထားသော ကားများအကြားကို ရောက်နေသဖြင့် ဆရာမလေးများ ကျွန်တော့်ကို မတွေ့ကြ။ သူတို့ ရှာနေသည်ကိုသာ ကားပေါ်က ကျွန်တော် မြင်နေရသည်။

ခဏကြာမှ ကားထဲမှ ကျွန်တော် ထွက်သည်။

ကျွန်တော့်ကို တွေ့သွားသော ဆရာမကလေး လက်ကုတ်ကာ တစ်ယောက်နှင့်တစ်ယောက် ကျွန်တော့်ကို ပြကြသည်။ လှမ်းကြည့်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော် သူတို့ဆီ ချက်ချင်းသွားလို့ မဖြစ်သေး။ Tampo တစ်ဆင့် ထပ်မြှင့်ရဦးမည်။

ကျွန်တော့်ကို လှမ်းကြည့်နေသော ဆရာမကလေးနှစ်ယောက်ကို မသိချင်ယောင်ဆောင်ကာ ကိုမျိုးမင်းနှင့် စကားပြောနေပြီးမှ ဆရာမကလေးဘက်လှည့်ကာ ပြုံးပြသည်။ ကျွန်တော့်ကို ကြည့်နေသော ဆရာမကလေးက လက်ကလေးပြကာ ကျွန်တော့်ကို ခေါ်သည်။ ဒီလိုပဲဖြစ်ရမယ်လေ...။ ကျွန်တော် အနားသို့ရောက်တော့ ဆရာမနှစ်ယောက်က သူ့ပခုံး ငါရိုက်၊ ငါ့ပခုံး သူရိုက်ကာ ရှက်နေကြ၏။ ပြီးတော့... ပါးစပ်ကို လက်ကလေးတွေအုပ်ကာ ရယ်ကြသည်။ ကျွန်တော် သဘောပေါက်ကာ သူတို့ စကားပြောရဲအောင် စကားစပေးရသည်။

"ကျေးဇူးတင်မနေပါနဲ့၊ ဆရာကြီးဆူတာ မခံရတော့ဘူးပေါ့၊ ဟုတ်လား"

"အေးပေါ့...၊ လွင်မိုးက ဗီဒီယိုသွားရိုက်မှာလား"

ကျွန်တော် သဘောကျသော ဆရာမကလေးက မေးခြင်းဖြစ်၏။

"အင်း...ဟုတ်တယ်၊ ဒါကြောင့် သူ ကျွန်တော့်ကို မထားခဲ့တာပေါ့"

"အမယ်လေး...လုပ်နေပြန်ပြီ၊ နင် ငါ့ကို တစ်ခုကူညီပါလား"

နင်နှင့်ငါနှင့် အပြောခံလိုက်ရသဖြင့် ကျွန်တော် နည်းနည်းတော့ Feel အောက်သွား၏။

"နင့်ဆရာဆီက ဓာတ်ပုံတစ်ပုံ တောင်းပေး"

"ဗျာ...ကျွန်တော့်ဆရာ၊ ဘယ်သူလဲ"

"လွင်မိုးလေ...နင်က သူ့နောက်က လိုက်တဲ့လူ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



နင် သူ့ဖို့ လစ်ပိုဝယ်ရင်း ကျန်ခဲ့တာ မဟုတ်လား”

ကျွန်တော် အတွေးပေါ်မှာ တင်ထားခဲ့သော စကားလုံးတွေ ခေါခနဲ ပြိုကျသွားခဲ့ရသည်။

“ဟာ...ဘယ်က ဟုတ်ရမှာလဲ၊ ကျွန်တော်က ဓာတ်ညွှန်း ဆရာဗျ၊ ဘယ်က သူ့နောက်က လိုက်တဲ့ လူကမှာလဲ”

ဆရာမလေးက မဲ့ပြုံး ပြုံးကာ တဟားဟားရယ်သည်။ ပြီးတော့ ကျွန်တော့်ကို သေသေချာချာ ပြန်ပြော၏။

“လုပ်မနေစမ်းပါနဲ့ဟာ...၊ နင့်ပုံလား ဓာတ်ညွှန်းရေးဆရာ၊ သွားပါ...နင့်ဆရာဆီက ဓာတ်ပုံတစ်ပုံ တောင်းပေး...အမှတ်တရလို့ Sign ပါ ထိုးပေးနော်၊ မုန့်ဖိုးလိုချင် ပေးမယ်၊ ဟဲ့...သိလား”



www.burmeseclassic.com

www.burmeseclassic.com



ဝေါလံလို မတုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဂေါ်လံလို မဟုတ်ဘူး

ကျောင်းနှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကတော့ တစ်ခေါက်သွား တစ်ခါဆိုသလို အမှတ်တရကလေးတွေ ပေးတတ်သည်။ မှတ်ထားသော အဖြစ်အပျက်ကလေးတွေ များသဖြင့် ချောင်းသာသွား အလွဲများဟု ရေးဖို့ပင် ကျွန်တော် စိတ်ကူးထားမိ၏။ သို့သော် စာအုပ်တစ်အုပ်ရေးရန်လောက်လည်း မရသေးသဖြင့် ယခု ရိုက်ကွင်းပေါ်မှအလွဲများတွင်သာ အမှတ်တရရေးဖြစ်ပါသည်။

ဗိုလ်မြတ်ထွန်းတံတားကြီး မဖွင့်ခင်က ဇက်ပေါ်တွင် ကျွန်တော် လွဲခဲ့သလို နောက်ထပ် ဇက်ပေါ်မှာ လွဲခဲ့သော လူတစ်ယောက်လည်း ရှိသေးသည်။ ကျွန်တော့်မိတ်ဆွေကြီး မောင်မျိုးမင်းပင် ဖြစ်၏။ ထို အခေါက်မှာ 'ပင်လယ်ကြီးကို ကျေးဇူးတင်'နှင့် 'ကျွန်းတစ်[illegible] ရင်ခုန်သံ' ကားနှစ်ကားရိုက်ကူးရန်သွားသော အခေါက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတစ်ကျွန်းက နောက်မှရိုက်မည့်ကားဖြစ်သဖြင့် မင်းသမီး နန္ဒာလှိုင် မပါသေးဘဲ ထွန်းအိန္ဒြာဗို၊ ကုသိုလ်တို့အဖွဲ့နှင့် ခရီးထွက်ကြ၏။

ညောင်တုန်းဇက်ဆိပ်ရောက် ကျွန်တော်လည်း နောက်မကျ တော့ဘဲ ဇက်ပေါ် ရောက်ပါသည်။ ဇက်ထွက်တော့ ခဏ ဇက်လက်ရမ်း မှာ ရပ်ကာ မြစ်ကြောင်းကို ငေးရင်း လေညင်းခံကြသည်။ မြစ်လေ ကလေး တဟူးဟူးနှင့်ဖြစ်သော်လည်း နေပူသည့်ဒဏ်ကိုတော့ ကြာကြာ မခံနိုင်ကြသဖြင့် ဇက်ပေါ်မှာ တင်ထားသော ကားထဲမှာ ဝင်ထိုင်ရင်း စကားပြောကြသည်။

ဒီတစ်ကြိမ်တော့ နှစ်ကားစလုံးအတွက် ဇာတ်လမ်းအကြမ်းက ခေါင်းထဲမှာရော အတွေးထဲမှာပါ ရှိပြီးဖြစ်သည်။ မကျေနပ်သေးသော၊ မပိသေးသော အခန်းကလေးတွေလောက်သာ ပြန်ပြောကြ၊ ဆွေးနွေး ကြခြင်းဖြစ်၏။ ရှားရှားပါးပါး ချောင်းသာကို ဇာတ်လမ်းနှင့် ဘာနှင့် သွားကြရသော ပထမဦးဆုံးအကြိမ်လည်း ဖြစ်ပါသည်။

"ခင်ဗျားတို့နှစ်ယောက် ဇာတ်အကြောင်း သိပ်မပြောကြနဲ့ဗျာ၊ ဇာတ်ရှိပြီးသားဆို ပြီးပြီပေါ့၊ တော်ကြာ ဇာတ်ပြောင်းသွားဦးမယ်"

မောင်မိုးက ကျွန်တော်နှင့် ကိုမျိုးမင်းကို အတည်ပြောကာ စခြင်းဖြစ်၏။ ကျွန်တော်တို့ ရှိပြီးသား ရိုက်မယ်ဆိုသည့်ဇာတ်ကို ထိုင်ထိုင် ပြောကြရင်း ထိုဇာတ်က ပိုကောင်းမလာဘဲ နောက်ဆုံး ကျွန်တော်တို့ ပြောရင်း အသစ်ထပ်ရလာသော ဇာတ်က ပိုကောင်းသွားသဖြင့် ဇာတ် ပြောင်းကာ ရိုက်ဖြစ်တာ သုံးလေးကြိမ် မောင်မိုးနှင့် ကြုံခဲ့ဖူးသဖြင့် ပြောခြင်းဖြစ်၏။

"မင်းကလည်းကွာ...ပြောင်းသွားတော့လည်း ကောင်းတဲ့ဇာတ် ပြောင်းတာပါ။ မင်းပဲ ရိုက်ရတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ ပြောင်းတာ ကိစ္စမရှိပေမယ့် နယ်ဆိုရင် အကျီ အဝတ်အစားက မလွယ်ဘူးဗျ။ ပြီးတော့...တွေးထား၊ ထည့်ထားရတဲ့ mood က ပြောင်းသွားရော..."

သူ့ဘက်က ပြောတော့လည်း ဟုတ်ပြန်သည်။ ကျွန်တော်တို့ကတော့ ဇာတ်ကို ရှုးသွပ်တတ်ကြသူတွေဆိုတော့ တစ်ခါတစ်ခါ သူတို့ကို ထည့်မတွက် လှည့်မကြည့်မိကြ။ ကိုအရိုင်းနှင့် ကင်းတို့ပါ ဆောက်လာကြသဖြင့် စကားဝိုင်းက အလိုလို ရယ်စရာ၊ ပျော်စရာဘက် ကူးပြောင်းသွားကြ၏။

ကိုအရိုင်းတို့ အုပ်စုနှင့် နေလျှင် ဒီလိုပင် ပါးစပ်မစေ့ရတတ်၊ မောင်မိုးနှင့် ထိုင်ါးယောက်ဆုံလျှင် ပိုဆိုး၏။ ကိုအရိုင်းတို့ကိုပင် တန်းတူ လိုက်ကာ ပျက်လုံးထွက်တတ်သော မင်းသားဖြစ်၏။ ကိုအရိုင်းက တစ်ခါပြောဖူးသည်။

"မောင်မိုး၊ မင်း...မင်းသားလုပ်မယ်ဆိုပြီးမှ ငါတို့နဲ့ တွေ့တာ ကံကောင်းတယ်။ ငါတို့နဲ့သာ အရင်ခင်ရင် မင်း မင်းသားမဖြစ်ဘဲ လူရွှင်တော်ပဲဖြစ်မှာ"

ကိုအရိုင်း၏ မှတ်ချက်သည် မလွန်တန်ရာဟု ကျွန်တော်တို့ တွေးကာ လက်ခံကြရသည်။

အားလုံး နေပူဒဏ်ကို ရှောင်ရင်း ကားထဲဝင်ထိုင်ကာ ရယ်စရာ အတွေ့အကြုံတွေကို ပြောကြသည်။ တော်တော်ရယ်ရပါသည်။ သို့သော် ရယ်ရတိုင်း ရေး၍မရ။ တချို့ကိစ္စတွေက Personal တွေ ပါသည်။ တချို့ကိစ္စကျတော့လည်း ရုပ်ရှင်နယ်ကို ရောက်ဖူး သိဖူးထားမှ ရယ်ရတာ တွေ ပါသည်။ တချို့ကြတော့လည်း ထိုရယ်စရာဖြစ်သော လူရွှင် ကျွန်တော် မရင်းနှီးသဖြင့် ရေး၍မရ။ ကိုယ်ရေးကိုယ်တာနှင့် ရှုမှုရေးပါ



www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်သော ရယ်စရာသီးသန့်ရရန်ကား တော်တော်ခက်တတ်သည်။

ထိုသို့ပြောရင်း မောင်မိုးက သူကြုံခဲ့ဖူးသော ကိစ္စတစ်ခုကို ပြောပြသည်။

မောင်မိုးပြောပြတာက ဒါရိုက်တာတစ်ယောက်အကြောင်း ဖြစ်သည်။ ထိုဒါရိုက်တာမှာ ရိုက်ကွင်းတွင် အော်လံကိုင်တတ်လေ့ ရှိသော ဒါရိုက်တာတစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့ထံမှ ဒါရိုက်တာ တော်တော်များများမှာ အော်လံကိုင်လေ့ကိုင်ထ မရှိကြ။ နိုင်ငံခြားနှင့် အာရှမှ ဒါရိုက်တာတော်တော်များများကတော့ ရိုက်ကွင်း ကြီးကျယ်ခမ်းနားသဖြင့် ဇရိယာကျယ်တတ်သဖြင့် ကိုင်တတ်ကြသည်။

စပီးလ်ဘတ်(ခ)၊ ကူရိုဆာဝါ၊ ဂျွန်ဝူး၊ ဂျိမ်းကင်မရွန်၊ အိုလီဗာ စတုန်းနှင့် Arosmith MTV ရိုက်သော...

ဒါရိုက်တာတို့ကို အော်လံသေးကလေးတွေနဲ့ ကျွန်တော် ဓာတ်ပုံထဲမှာ ဗီဒီယိုထဲမှာ တွေ့ဖူးသည်။ ဂျပန်မှ ဆရာမ ဂျာနယ်ကျော် မမလေး၏ 'သွေး'ဇာတ်ကားကို လာရောက် ရိုက်ကူးစဉ်ကလည်း ဒါရိုက်တာရော လက်ထောက်ဒါရိုက်တာတွေပါ အော်လံကိုင်ကြတာ မြင်ဖူးသည်။ ကြီးကျယ်ခမ်းနားသော ကားတွေအတွက်တော့ ထိန်းသိမ်းရ ပြောရဆိုရတာ ဇရိယာကျယ်သဖြင့် မကိုင်မဖြစ် ကိုင်ကြရပါသည်။ ကျွန်တော်တို့ဆီမှာလည်း ဖလင်ကားကြီးရိုက်သည့်အခါ ကိုင်ကြရပါသည်။

ထိုဒါရိုက်တာက ရိုက်ကွင်းကြီးကျယ်သဖြင့် အော်လံနှင့် ရိုက်ကွင်းကို ထိန်းရသည်။ ထိုဒါရိုက်တာကတော့ ဂေါ်လံကို တစ်ခြား ဒါရိုက်တာတွေထက် ပို၍ ရှူးသွပ်သူ ဒါရိုက်တာတစ်ယောက် ဖြစ်၏။ တစ်နေ့ အခန်းတစ်ခန်းရိုက်ပြီးတော့ နေရာရွှေ့ရန်ပြင်ဆင်ကြ၏။ ထို ဒါရိုက်တာက သူ့ကားပေါ်မတက်မီ ကားတံခါးနား ရပ်ရင်း ဇာတ်အဖွဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ရိုက်ရမည့်နေရာတွင် လိုက်ပါရမည့်လူကို အော်လံနှင့် မကျန်ခဲ့ရလေအောင် မမှားရလေအောင် Style ဖြင့် အော်ဟစ်သတိပေးနေသည်။ Out Door ရိုက်သဖြင့် လူတွေကလည်း အုံကာ ကြည့်နေသဖြင့် သာမန်ပြောမရ၊ ဂေါ်လံနှင့်မှ အဆင်ပြေလေသည်။

"အဝတ်အစား အဆက်တွေ သတိထားရမယ်၊ ငါတို့ကား နောက်က ကပ်လိုက်ခဲ့၊ Hello...Hello ရိုက်ကွင်းက မရှာရသေးဘူး နော်။ ကားအဆက် မပြတ်စေနဲ့၊ ရှုတင်မန်နေဂျာ နောက်ဆုံးကလိုက်၊ ကရိန်းအဖွဲ့ကိုလည်း ခေါ်ခဲ့မယ်၊ Hello ရှေ့ Scene အတွက် ပါမယ့် လူတွေစုံမှ လိုက်ခဲ့မယ်"

...စသည်ဖြင့် ရှေ့အခန်းအတွက် လိုအပ်တာတွေ ခရီးမဖင့်အောင် မှာရသည်။ ထိုဒါရိုက်တာက ကားထဲသို့ဝင်ရန်အတွက် တံခါးဘောင်တွင် လက်ကို ကိုင်ကာထားရင်း အော်လံနှင့် အော်ကာနေခြင်းဖြစ်သည်။ ထိုစဉ် သူနှင့် တစ်ကားတည်းလိုက်ရမည့် အဖွဲ့ထဲမှ လူတစ်ယောက်က နောက်ခန်းမှာ ဝင်ထိုင်သည်။ နောက်ခန်းမှာလည်း လိုက်မယ့်လူက ပြည့်နေပြီဖြစ်၏။ ဂေါ်လံနှင့်ဆရာကတော့ ကားရှေ့ခန်းမှ စီးမည်ဟု အားလုံး သိထားကြသည်။ ဒါရိုက်တာကလည်း မှာသင့်တာမှာပြီး ပါးစပ်နားမှ ဂေါ်လံကို ဖြုတ်သည့်အချိန်တွင် နောက်ဆုံးတွင် ဝင်ထိုင်သူက ကားတံခါးကို ဆောင့်ကာ ပိတ်သည်။

ဂေါ်လံဆရာကိုင်ထားသော လက်က ကားတံခါးဘောင်ကို ကိုင်ထားသဖြင့် လက်ညှပ်ကာ သွားသည်ကို ဆရာက ယောင်ကာ အောက်သို့ချထားသော ဂေါ်လံကို ပါးစပ်နား ပြန်တေ့ကာ "အား" ခဲ့ အသံကုန် အသံရှည်အော်သဖြင့် ရိုက်ကွင်းပေါ်မှလူတွေ ထိုအသံ ကြားကာ လှည့်ကြည့်တော့ ဂေါ်လံဆရာက အော်သံရှည်ကြီးကို ဂေါ်လံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အော်နေဆဲဟု မောင်မိုးက အိုက်တင်အပြည့်ဖြင့် အော်ကာပြသည်။

ကျွန်တော်တို့ တော်တော်ရယ်ကြရပါသည်။

ပါးစပ်မှ စကားပြောလျှင် ဂေါ်လံ ပါးစပ်နားကို ကပ်နေကျ နေ့ရက်များ၏ အလေ့အကျင့်က စွဲသွားဟန် တူပါသည်။ ဖြစ်လေ့ရှိကာ သဘာဝကျကျရယ်ရသော ရိုးသားသည့်ရယ်စရာကစ်ခု ဖြစ်သောကြောင့် ကျွန်တော်တို့အားလုံး ပွဲကျကြသည်။

ထိုအချိန်တွင် ဇက်ခရီးက တစ်ဝက်ကျိုးပြီဖြစ်သည်။

မြစ်ပြင်ကိုကျသော နေရောင်၏ အပူရှိန်သည် ကားထဲသို့ တိုးဝင်လာပြီဖြစ်သည်။ ကားပေါ်မှာလည်း လူက များသဖြင့် ချွေးတွေ ပျံလာကြ၏။ ကျွန်တော်တို့ကားက မောင်မိုး၏ Mark II ကားအဖြူ အပုကလေးဖြစ်ပြီး ဇက်ပေါ်တွင် တခြားကားများနှင့် စီတန်းကာ အလယ် လမ်းမှာ ရပ်ထားရသဖြင့် ကားတွေကြားထဲညှပ်ကာ လေက မဝင်။ ထို့ကြောင့် ကိုမျိုးမင်းက ရယ်ရင်းမောရင်းနှင့်ပင် ကားတံခါးဖွင့်ကာ အပြင်သို့ ထွက်သည်။

ကားထဲမှ ထွက်ရပ်ကာ မြစ်ပြင်ကို ဖြတ်တိုက်သော လေကို အရသာခံတုန်း ကင်းလား၊ ကိုအရိုင်းကလား မမှတ်မိ၊ ကားတံခါးကို ဆွဲကာပိတ်၏။ ဂေါ်လံဆရာ၏ ဟာသကို ရယ်နေတုန်း...

"အား...အား..."

ကိုမျိုးမင်း၏ ငယ်သံပါသော အော်သံကြီး ထွက်ကာလာ၏။ သို့သော် ကျွန်တော်တို့ တစ်ယောက်မှ မလန့်ကြ။ ဒီလိုအိုက်တင်မျိုး တော့ ရိုးနေပြီဟု သဘောထားကာ တံခါးကို မဖွင့်။

"အား...မောင်မိုး၊ လက်ညပ်နေပြီ...လက်"

အော်သံနှင့်အတူ ရင်ထဲမှ တကယ်ထွက်လာသော ရင်တွင်း



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၏အသံကို ကြားရသော်လည်း ကျွန်တော်တို့ အေးအေးဆေးဆေး ပင်...။ အခုပဲ ပြောထားတဲ့ကိစ္စကို အခုပဲ လာနောက်တာမျိုး Plot ကတော့ အတော်ရှိနေပြီ ဖြစ်၏။

"အား...မောင်မိုး...မောင်မိုး...တကယ်ညှပ်နေတာ တကယ် ဂေါ်လံလို မဟုတ်ဘူး...ဂေါ်လံလို မဟုတ်ဘူး"

မောင်မျိုးမင်း၏ အရေးတကြီးအော်သံ၊ နောက်ဆုံးအော်သည့် စကားနှင့် အော်သံ၏ စစ်မှန်မှုကို သဘောပေါက်သွားတော့မှ ကျွန်တော် တို့ လန့်ဖျပ်ကာ ကားတံခါးကို အတင်းပြန်ဖွင့်ကြရသည်။

ကိုမျိုးမင်း၏ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်း တံခါးနှင့်ညှပ်ကာ အရာကြီးထင်သွား၏။ သို့သော် ကိုမျိုးမင်း၏ အော်သံနှင့် ပြောသောစကားများကို ကြားကာ အားလုံး ထပ်ပြီး တခွိခွိ ဖြစ်ကုန်ကြသည်။

"ခင်ဗျား...ကျုပ်တို့ကို နောက်တယ်ပဲ ထင်တာပေါ့ဗျ"

"အား...အမယ်လေး၊ ငါသိတယ်၊ သိလို့ မင်းတို့ကို အတင်း အော်ရတာ၊ ဂေါ်လံလို မဟုတ်ဘူးလို့...၊ မင်းတို့ အဲဒီလိုပဲ ထင်ကြလိမ့် မယ်ဆိုတာ ငါသိလို့ အား... ဟီး...ဟီး...ဟဲ...ဟဲ"

ကိုမျိုးမင်းလည်း အခုပြောကာ အခုပဲ သူတစ်ပါးကို ရယ်ခဲ့သော ဝေဒနာကို လက်တွေ့ သူပြန်ခံစားရင်း တိုက်ဆိုင်စွာလွန်းခြင်းက တစ်ကြောင်း၊ သူအော်ခဲ့သည့်စကားကို သူ ပြန်ကြားကာ ရယ်ချင်သည် ကတစ်ကြောင်းတို့ကြောင့် နာရင်း ရယ်ရလေသည်။

ခရီးထွက်လျှင် ပစ္စည်းကရိယာအစုံထည့်လေ့ရှိသော မောင်မိုးက သူ့ကားထဲမှ လိမ်းဆေးထုတ်ကာ ကိုမျိုးမင်းကို လိမ်းပေးသည်။ ကျွန်တော့် အဖွဲ့က ကိုမျိုးမင်းအော်သံကို ကြားကြသူတွေလည်း ပြေးလာကာ


www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ မေးကြသည်။ မင်းသမီး ထွန်းအိန္ဒြာဗိုလည်း နားကြပ် ကက်ဆက်ကလေးဖြုတ်ကာ သီချင်းနားထောင်နေရာမှ ထကာမေးသည်။

မောင်မိုးက ကျွန်တော်တို့ပြောခဲ့သော ရယ်စရာ ဂေါ်လံကိစ္စနှင့် ကိုမျိုးမင်းအော်သံကို ပြောပြသည်။ မခိုင်ကတော့ တိုက်ဆိုင်လိုက်တာ၊ ဖြစ်မှဖြစ်ရလေဟု တရားနှင့် နှစ်သိမ့်၏။ သို့သော် သူလည်း ရယ်ပါသည်။ ရယ်ပြီးမှသာ ရသွားသော ဒဏ်ရာကို ကြည့်ကာ ဘာမှမဖြစ်နိုင်ကြောင်း အားပေးရ၏။

သူတစ်ပါး၏ ဒုက္ခကို အခုပဲ ရယ်ခဲ့ကြသည်။

ချက်ချင်း ထိုဒုက္ခမျိုးကို ကိုယ်တိုင် ကြုံရသည်။ သို့သော် ကိုမျိုးမင်းဆိုတာက ဒါရိုက်တာ၊ အိုက်တင်တွေကို နှောကြေသူ၊ မကြာခဏ ထိုအိုက်တင်တွေနှင့် အချင်းချင်း စတတ် နောက်တတ်သူဆိုတော့ သူ့ကို ရုတ်တရက် ဘယ်သူကမှ မယုံကြ။ ထိုသို့ မယုံကြကြောင်းကို လည်း ရုတ်တရက် နာနေသည့် အော်နေသည့်ကြားက သူက ချက်ချင်း ရိပ်မိသည်။ ထို့ကြောင့်...

"မောင်မိုး ငါတကယ်ညပ်တာ ဂေါ်လံလိုမဟုတ်ဘူး၊ တကယ် အား..."ဟု သူ အော်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ အော်သည်က ပို၍ ရယ်ရခြင်းလည်း ဖြစ်သည်။

ကျွန်တော် ကိုမျိုးမင်းအိုက်တင်ကို သေသေချာချာ ကြည့်ပါသည်။ ကိုမျိုးမင်း တကယ်ပင် တော်တော်နာသွားသည်။ သို့သော် သူ သူ့အော်သံကို ပြန်တွေးကာ နာရင်းနှင့် ရယ်နေသည်။

ကျွန်တော့်၏ 'ကြည်ပြာရောင် နက္ခတ်တစ်များ' ရိုက်တော့ ကိုမျိုးမင်းက ကျွန်တော့်ကို ပြောသည်။

"ကိုနီကိုရဲ၊ ခင်ဗျား ဖြစ်ခဲ့တာတွေက ရယ်တော့ ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဗျ၊ ဒါပေမဲ့ အတော်နာပြီး ဝမ်းနည်းဖို့ကောင်းတဲ့ ရယ်စရာတွေ အဲဒါကို ကျွန်တော် သိထားမှဖြစ်မှာ၊ ဟုတ်ရဲ့လား``...တဲ့။

ကျွန်တော် တစ်ခွန်းပဲ ပြန်ပြောရ၏။ သူလည်း ပို၍ ခံစား သွားနိုင်အောင်ဖြစ်သည်။

``မှန်တာပေါ့ဗျာ၊ ဂေါ်လံမဟုတ်ဘူးဆိုတဲ့အသံ ကိုမျိုးလည်း အော်ခဲ့ဖူးတာပဲ''

ကိုမျိုးမင်း သန့်စင်ကြည်လင်စွာ ရယ်လေသည်။

သို့သော် ထိုအချိန်က သူ့လက် တကယ်နာခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



သမီးက ရှက်တတ်တယ်လေ

www.burmeseclassic.com

www.burmeseclassic.com



သမီးက ရှက်တတ်တယ်လေ...

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကြိမ် ချောင်းသာသို့ ကျွန်တော် လိုက်ခဲ့ရသော ခရီး ကတော့ အပန်းဖြေသက်သက်သာ ဖြစ်လေသည်။

ဗိုလ်မြတ်ထွန်းတံတားကြီး ဖွင့်အပြီး ချောင်းသာသို့ ညောင်တုန်း ဇက်နှင့် မကူးရဘဲ တံတားပေါ်မှ ဖြတ်ကာ သွားရသော ပထမအကြိမ် ခရီးလည်းဖြစ်သည်။ အပန်းဖြေဖြစ်သော်လည်း ကျွန်တော်တစ်ဦးတည်း မဟုတ်၊ ကျွန်တော့် ဇနီးပါ ပါသည်။

ကိုမျိုးမင်းက ကျွန်တော်နှင့်တွေ့တော့ ချောင်းသာကို ခရီးထွက် ကြမည်ဟု ပြောသည်။ သူပြောသော အချိန်က ကြားနှစ်ရက်သာ လိုတော့၏။ ကျွန်တော်က ထိုအချိန်တွင် စာရေးနေချိန် (လုံးချင်းဝတ္ထု ရေးနေချိန်)လည်း ဖြစ်သည်။

"မရဘူး အစ်ကိုကြီး၊ ကျွန်တော် လုံးချင်းဝတ္ထုရေးနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အစ်ကိုကြီးကို ပြောထားသားပဲ၊ နောက်ဆယ်ရက်လောက် မှ...''

''ခင်ဗျားကိုခေါ်တာ ဇာတ်ရေးဖို့ မဟုတ်ပါဘူးဗျာ...၊ ဇာတ်က တစ်ယောက်ရေးမှာပါ။ ချောင်းသာဆိုရင် ကိုယ့်လူတွေ မထားခဲ့ချင်လို့ မင်းသားကလည်း မောင်မိုး မဟုတ်ပါဘူး။ အပန်းဖြေပေါ့ဗျာ...၊ ကျွန်တော်တို့ (၁၀)ရက်လောက် ကြာမှာ...၊ ချောင်းသာမှာ အေးအေး ဆေးဆေး ဝတ္ထုရေးပေါ့၊ လိုက်ခဲ့ဗျာ''

ချောင်းသာဆိုလျှင် ကိုယ့်လူရင်းတွေကို အပါခေါ်ချင်သော ကိုမျိုးမင်း၏ စေတနာကို ကျွန်တော် အသိအမှတ်ပြုရသည်။ ကျွန်တော် လည်း အေးအေးဆေးဆေး အနားယူရင်း စာရေးနိုင်သဖြင့် လိုက်ဖို့ ဆုံးဖြတ်ရသည်။ အိမ်ရောက်၍ ကျွန်တော်ပြောပြတော့ မိန်းမကလည်း ပျော်၏။ သူ့အတွက်တော့ ချောင်းသာခရီးသည် ပထမဦးဆုံးအကြိမ် မဟုတ်တော့၊ ဒုတိယအကြိမ်သာဖြစ်သည်။

မောင်မိုးက ဒါရိုက်တာမလိခစိုးထိုက်အောင်ရိုက်သော ကြော်ငြာ တစ်ခုမှာ ကျွန်တော်နှင့် ကျွန်တော့်ဇနီးကို ဘာမှမဆိုင်ဘဲ ခေါ်သွားဖူးသည့် ခရီးက သူ့ ပထမခရီးဖြစ်သည်။ ထိုစဉ်ကတော့ ကြော်ငြာဖြစ်သဖြင့် (၃)ရက်သာ ကြာသည်။ သွားချိန်တစ်ရက် ချောင်းသာမှာနေချိန် နှစ်ရက် ဖြစ်၏။

ရုပ်ရှင်အဖွဲ့နှင့် ကျွန်တော်တို့ ကြုံရတတ်သော ချောင်းသာ အလွမ်းများ၊ ရယ်စရာများကို ခဏခဏပြောပြတတ်လွန်းသဖြင့် မိန်းမက လည်း ချောင်းသာကို စိတ်ဝင်စားနေခဲ့သည်။ ချောင်းသာမှာ (၁၀)ရက် နီးပါး အေးအေးဆေးဆေး နေရမှာဖြစ်သည့်အတွက် သူလည်း လိုက်ချင် စိတ် ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ထုံးစံအတိုင်း ခရီးထွက်ကြသည်။

ဗိုလ်မြတ်ထွန်းတံတားပေါ်ရောက်တော့ အောက်က သောင်ထွန်းနေသော မြစ်ပြင်ကြီးကို ကြည့်ကာ ကျွန်တော့်မှာ အကြိမ်ကြိမ် စီးခဲ့ဖူးသော ဇက်ကြီးကို လွမ်းရသေးသည်။ လက်စားချေခွင့် ပြန်ကြုံသည့် အမှတ်တရမှာ ကျွန်တော် ညောင်တုန်းဇက်ဆိပ်တွင် ကျန်ခဲ့စဉ်က ကျွန်တော်မှာထားပါလျက်နှင့် ကားတွေဇက်ပေါ်တက်ဆိုတော့ ကျွန်တော့်ကို သတိပေးရန် မေ့သွားသော ဓာတ်ပုံဆရာမင်းလှိုင်တစ်ယောက် အချိန်မီ ရောက်မလာသဖြင့် ကျန်ခဲ့ခြင်းဖြစ်ပြီး ဗိုလ်မြတ်ထွန်းတံတား အဆင်း စားသောက်ဆိုင်တွင်မှ နောက်မှ ရန်ကုန်-ချောင်းသာကားဖြင့် ချောက်လာခြင်းဖြစ်သည်။

ချောင်းသာသည် အမှတ်တရ တစ်ခုခုကိုတော့ ပေးမြဲသာ ဖြစ်၏။ ထိုကိစ္စမှတစ်ပါး ဘာမှ ထပ်မကြုံတော့ဘဲ အဆင်ချောစွာပင် ချောင်းသာသို့ ရောက်သွားခဲ့ကြသည်။

ထိုစဉ်က ရိုက်သော ကားမှာ မင်းသားအသစ် ဇာနည်၊ ရာဇာ နေဝင်းနှင့် မင်းသမီးစိုးမြတ်နန္ဒာတို့ ပါဝင်သော 'အသည်းဖောက်ဆူး' ဆိုသည့် ကားဖြစ်သည်။ ကျွန်တော်ကတော့ ဘာတာဝန်မှ မရှိသဖြင့် စိတ်လက်ပေါ့ပါးကာ နေသည်။ အရင် လူပျိုတုန်းက လာခဲ့သလိုပင် လွတ်လွတ်လပ်လပ်နေချင်သည်။ သို့သော် တာဝန်နှစ်ခုအနေဖြင့် မိန်းမနှင့် စာရေးရန်သာ ရှိသည်။

ရောက်ရောက်ချင်း ကိုမျိုးမင်းတို့လည်း ထုံးစံအတိုင်း မရိုက်။ ဇာတ်လမ်းရှိပြီးသားဖြစ်သော်လည်း ဇာတ်ဆရာနှင့် ဆွေးနွေးကြသည်။ ကျွန်တော်ပါ ဝင်ရောက်ပြောကြရင်း ကိုမျိုးမင်းလိုချင်သော [illegible] ချောင်းသာရောက်မှပင် ရသွားခဲ့သည်။

www.burmeseclassic.com



တစ်နေ့လုံး ခရီးပန်းလာသော မိန်းမက နားချင်သည်။

ကျွန်တော်က ထုံးစံအတိုင်း ချောင်းသာရောက်သည့်နေ့ အထိမ်းအမှတ် စက်အဖွဲ့နှင့် ဆိုင်ထိုင်ချင်၏။ ထိုစဉ်မှာပင် ကျွန်တော့်ဇနီးနှင့် ကျွန်တော် ပြဿနာ အနည်းအကျဉ်း တက်သည်။ သူက လက်ကလေး ကိုင်ကာ ပင်လယ်ပြင်ကျယ်ကြီးမှာ ညနေရီ နေလုံးကို ငေးရင်း လမ်းလျှောက်ချင်ပုံ ရ၏။ ကျွန်တော်က ထုံးစံအတိုင်း ထီးကြီး သောင်စပ်တွင် စိုက်ကာ ဘီယာသောက်ချင်သည်။

လူရှေ့မှာ အပြုံးကလေးနှင့် ခေါင်းတညိတ်ညိတ်လုပ်ကာ လူလစ်မှ အတွင်းကြိတ် ရန်ဖြစ်ကြရ၏။ ကိုမျိုးမင်းကတော့ လိမ်၍ မရသူပီပီ အိုက်တင်တွေသိကာ ကျွန်တော့်ကို ဆုံးမသည်။

"ခင်ဗျားက လူပျိုမှ မဟုတ်တော့တာ၊ အရင်လို ဘယ်ရမလဲ၊ မိန်းမ ပါလာပြီလေ။ အဲဒါ အရသာပဲ...ဘယ်လိုနေလဲ...ကဲ"

"ဆာလာအိတ်ထဲ ဝင်နေရသလိုပဲဗျ"

ကိုမျိုးမင်းက တဟားဟားရယ်လေသည်။

"ခင်ဗျား ဇာတ်ညွှန်း ညံ့တာကိုး၊ ကျွန်တော်လည်း မထူးပါဘူး၊ မနက်ဖြန် အန်တီသန်းနဲ့ ကလေးတွေ ရောက်မှာ..."

"ဟုတ်လား၊ ဒီနေ့တစ်ခါတည်း ဘာဖြစ်လို့ လိုက်မလာတာလဲ"

"သူ့အမေကိစ္စတစ်ခုရှိလို့ မနက်ဖြန်မှ ရောက်မှာ၊ လိမ်လိမ်မာမာ ဆာလာအိတ်ထဲမှာ နေပေါ့ဗျာ..."

နောက်တစ်နေ့ကျတော့ ကျွန်တော် ဆာလာအိတ်ထဲမှာ လိမ်လိမ်မာမာနေရင်း ဝတ္ထုရေးရသည်။ ကိုမျိုးမင်းတို့ ဗီဒီယို စရိုက်သည်။ ကိုယ်ရေးသည့်ဇာတ် မဟုတ်သဖြင့် သူတို့ရိုက်ကွင်းကို ကျွန်တော် မရောက်ဖြစ်။ တိတ်ဆိတ်သော ပင်လယ်ကို မြင်ရသော လေတဖြူးဖြူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရသာရှိသော အခန်းရှေ့မှာ ထိုင်ကာ စားရေးသည်။

ညနေ သုံးနာရီလောက်မှာ ကိုမျိုးမင်း၏ ဆာလာအိတ်ကြီး ကလေးသုံးယောက်နှင့် ရောက်ကာလာ၏။ အင်း...ကလေးသုံးယောက် နဲ့ဆိုတော့ သူ့ဆာလာအိတ်က ပိုကျပ်ပုံရသည်။ သို့သော် ကျွန်ုပ်တို့ ဒါရိုက်တာက ပြုံးပြုံးပြုံးပြုံးနှင့် ပိုဖြစ်လာသည်။ ညနေမှာ ကိုမျိုးမင်း ဇနီး အန်တီသန်းနှင့် ကလေးတွေ ရေကူးကြ၊ ရေချိုးကြ၏။ ကျွန်တော် ကတော့ ကျွန်တော့်မိန်းမကို ရေအစပ်သို့ ဆင်းခွင့် မပြုသေး။ ပထမ တစ်ချက်က ကျွန်တော် ဇာတ်ရေးရသော ရှုတင် မဟုတ်သည့်အပြင် ရှုတင်တွင်ပါလာသော ဇာတ်ပို့ဇာတ်ရံ မိန်းကလေးတွေနှင့် ကျွန်တော့်ဇနီး မရင်းနှီးသည်ကတစ်ကြောင်း၊ ဒုတိယ ကျွန်တော်က စာရေးနေသဖြင့် ကျွန်တော့်ဇနီးကို ရေကူးဖို့ လိုက်မပို့နိုင်။ တတိယတစ်ချက်က ကျွန်တော် တို့တည်းသော Hotel သည် ချောင်းသာ၏ ဘယ်ဘက်အစွန်း ဖိုး ကုလားကျွန်းနားတွင်ဖြစ်ပြီး ရေမကူးရ တားမြစ်ထားသည့် အန္တရာယ် နေရာနှင့် နီးနေသည်။ ပထမအခေါက် မောင်မိုးနှင့် ကြော်ငြာရိုက်စဉ်က ချောင်းသာ၏ ညာဘက်အစွန်းကမ်းခြေ ARBO တွင် တည်းကြသော ကြောင့် ကျွန်တော့်ဇနီးက ထိုအန္တရာယ်ဝဲအကြောင်းကို မသိဘဲ ဆင်းမှာ စိုးသောကြောင့်သာ ဖြစ်ပါသည်။

မိန်းမကလည်း အထွေအထူးမပူဆာပါ။ ကျွန်တော်ပါမှ ပင်လယ် ထဲဆင်း...ဆိုတာကို သဘောတူရှာပါသည်။

ကိုမျိုးမင်းဇနီး အန်တီသန်း ရောက်လာသော်လည်း အန်တီ သန်းနှင့် ကျွန်တော့်မိန်းမက သိပ်မရင်းနှီးသေး။ ရန်ကုန်တွင်ရိုက်သော ကိုမျိုးမင်း၏ ရိုက်ကွင်းသို့ အန်တီသန်းက လိုက်ခဲ့သောကြောင့်ဖြစ်သည်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ မင်္ဂလာဆောင်သည့်ရက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်း ကျောက်ကပ် ခွဲနေသဖြင့် မင်္ဂလာဆောင်သို့ မလာနိုင်။ ထို့ကြောင့် Lady ချင်း...၊ ဆာလာအိတ်ချင်း... မရင်းနှီးကြသေး။

ညဘက်ရောက်တော့ ရိုက်ကွင်းနားကာ ရွှေပင်လယ်ဆိုင်တွင် ထမင်းစား ဆုံကြသည်။

ချောင်းသာကို လာစဉ်က ပြဿနာမရှိ အဆင်ပြေသည်ဟု ကျွန်တော် ဆိုခဲ့သော်လည်း မင်းသမီး စိုးမြတ်နန္ဒာကြောင့် မထူးခြားသော ပြဿနာကလေးတစ်ခုတော့ ရှိခဲ့သည်။

စိုးမြတ်နန္ဒာက တစ်ခုတည်းသော ဇာက်ဖြစ်သည့် ရှော့ပြာဇာက်ကို ကူးပြီးတော့ သူ့ကားပေါ်မှာ စီးရတာ ပျင်းသည်ဟုဆိုကာ ကျွန်တော်တို့ လူအများပါလာသော BM ကားပေါ် ပြောင်းကာလာ၏။ ကျွန်တော်က ကျွန်တော့်ဆာလာအိတ်ကလေးနှင့် မိတ်ဆက်ပေးရသည်။ ကျွန်တော်တို့ မင်္ဂလာဆောင်စဉ်က လာသော်လည်း လူချင်း မိတ်ဆက်မပေးခဲ့ရသဖြင့် ယခုမှ မိတ်ဆက်ပေးရသည်။

မိတ်ဆက်ပေးပြီးပြီးချင်း မင်းသမီးက ပြဿနာ စရှာ၏။

"ဦးနီကိုရဲကို မေးမယ်...မေးမယ်နဲ့ အခုမှပဲ ကြုံတော့တယ်၊ ကဲ...ဒါဆို ဦးနီကိုရဲ မိန်းမနဲ့ မကြည်ပြာ ဘယ်သူ့ကို ပိုချစ်သလဲ"

ထင်မထားသော မေးခွန်းဖြစ်သဖြင့် ကျွန်တော်က ဘာပြန်ဖြေရမှန်းမသိ။

ကိုမျိုးမင်းလည်း ရှိနေသည်။ ကိုမျိုးမင်းက စိုးမြတ်နန္ဒာကို "ဟဲ့ ကောင်မလေး"ဟု လှမ်းမာန်ကာ ကျွန်တော့်မျက်နှာကို ကြည့်သည်။ ကျွန်တော် ဘာဖြေမလဲဟု စိတ်ဝင်စားဟန် တူသည်။

စိုးမြတ်နန္ဒာဆိုတာကလည်း မကြည်ပြာဝတ္ထုကို အသည်းစွဲကြိုက်သူဖြစ်သည်။ ကျွန်တော့်ကို တွေ့လျှင် မကြည်ပြာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြော၍မဆုံး။ သူနှင့်ခင်သောသူငယ်ချင်းတွေကို ထိုစာအုပ်ဝယ်ပေးတာ ပေးဖတ်ပြီးလျှင် ထိုစာအုပ်ထဲကအကြောင်းတွေကို Phone ဆက်ပြောရယ်ကြ။ ထိုအထိ မကြည်ပြာကို သဘောကျသည်။ ကျွန်တော်ကလည်း စာအဖြစ်ရေးထားပြီးသားကိစ္စတစ်ခုကို ရှုးချင်ယောင်ဆောင်၍ မရပါ။ စာရေးဆရာဆိုသည်မှာ ကိုယ်ရေးသောစာကို တာဝန်ယူရသည် မဟုတ်လား။ ကျွန်တော်သည် စာရေးဆရာတစ်ယောက်သာဖြစ်၏။

ထို့ကြောင့် ကျွန်တော် ဘာဖြေရမှန်းမသိ။

မိန်းမကတော့ ကျွန်တော့်ကို တစ်ချက်ကြည့်ကာ ပုံမှန်ပင် ပြုံးနေသည်။ ကျွန်တော် ဘာပြောသင့်မှန်း ကျွန်တော် သိပါသည်။ သို့သော် တာဝန်ယူရမည်၊ ရိုးသားရမည်။ ဘာရယ်မဟုတ် ကျွန်တော့်ကို ပြဿနာတက်အောင် စမှန်း နောက်မှန်း သိသော်လည်း ကျွန်တော် အမြဲတမ်း ရိုးသားနေချင်ပါသည်။

“မကြည်ပြာက ရည်းစားဦးလေဟာ၊ ငါလည်း ရေးခဲ့ပြီးတာ စကားလုံးကုန်ပဲ။ ဒါပေမဲ့ အခုအချိန်မှာ ဟောဒီကမ္ဘာပေါ်မှာရှိတဲ့ မိန်းကလေးတွေထဲမှာ ငါနဲ့ အပါတ်သက်ဆုံး ငါ့ကို နားအလည်ဆုံးနဲ့ ငါအချစ်ဆုံးက ငါ့မိန်းမပေါ့ဟာ...”

“အိုး...မရဘူး...မရဘူး၊ ဒါပေမဲ့ဆိုတာကို မကြိုက်ဘူး၊ အစ်မ မပြောဘူးလား၊ ဒီအတိုင်း ကြည့်နေရသလား၊ ပြဿနာရှာလေ”

သူလိုချင်သော အကွက်ထဲကို ကျွန်တော် ရောက်သွားသဖြင့် မင်းသမီးက စိတ်ကြိုက်ဖြစ်သွား၏။ ကျွန်တော့်မိန်းမမှာ ဘာမှမပြော၊ ပြော၍လည်း မကြည့်၊ ပြုံးတော့ ပြုံးရှာ၏။ ထိုအပြုံးမှာ တစ်ခုခု ပါနေသည်ဟု ကျွန်တော် ခံစားရပါသည်။ ကျွန်တော်ပြောသော စကားများသည် အမှန်ပင်ဖြစ်ပါသည်။ ဒီအချိန်မှာ သူ့ထက် ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မချစ်တော့ပါ။ သို့သော် အမုန်းဆိုသည်မှာ စက္ကန့်ပိုင်းအတွင်း ပြဌာန်းရသည် မဟုတ်။

"မဟုတ်ဘူး ကိုရဲ၊ ခင်ဗျားပြောတာ ကျွန်တော် သဘောပေါက်တယ်။ မကြည်ပြာက စိတ်ကူးယဉ်ပြီး ချစ်ခဲ့တာ။ အခုဟာက တကယ် အချစ် ဟုတ်တယ်မဟုတ်လား။ စိတ်ကူးနဲ့ လက်တွေ့ဆိုတာ ဘယ်တူမလဲ၊ စစ်မှန်မှုရော ခံစားမှုရော..."

ကျွန်တော် ကိုမျိုးမင်းကို ကျေးဇူးတင်ရပါသည်။

ကျွန်တော်သည် စာရေးဆရာဖြစ်နေသော်လည်း တစ်ခါတစ်ရံတွင် စကားလုံးနှင့် အမှန်တရားတွေ့လျှင် ဘာလုပ်ရမှန်း မသိတတ်။ အမှန်တရားကို စကားလုံးဖြင့်ပြသည့်နေရာတွင် ကျွန်တော် တော်တော် ညံ့ဖျင်းနေဆဲပင် ဖြစ်ပါသည်။ နဂိုကတည်းက အေးဆေးသော၊ ဘာမှ ဖြန့်တွေးကာ စဉ်းစားရင်း ပြဿနာမရှာတတ်သော ကျွန်တော့်ဇနီးက ဘာမှ ထပ်မပြောတော့။ သူ မပြောတော့သော်လည်း သူ မပြောသော စကားတွေကို ကျွန်တော့်ဘာသာ ပြောနေမိသည်။

ထိုပြဿနာသည် ပင်လယ်ကြီးကို ကျေးဇူးတင်ရမည်သာ ဖြစ်၏။

ပင်လယ်ကိုရောက်တော့ အားလုံး မေ့သွားကြသည်။ မင်းသမီးကလည်း ဘာမှ ထပ်မစ၊ ထပ်မပြောတော့။

ညဦးရောက်၍ ရွှေပင်လယ်စားသောက်ဆိုင်ကို ရောက်ကြတော့ ကိုမျိုးမင်းတို့ မိသားစုနှင့် တွေ့ကြသည်။ ကျွန်တော်က ကိုမျိုးမင်း ဇနီးနှင့် ကျွန်တော့်ဇနီးကို မိတ်ဆက်ပေးရသည်။

"အန်တီသန်း၊ ဒါ...ကျွန်တော့်အမျိုးသမီးလေ၊ ကလေးလေး ဒါ...ကိုမျိုးမင်း ဇနီး၊ ဒီနေ့မှ ရောက်တာ"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် မိတ်ဆက်ပေးပြီးပြီးချင်း အန်တီသန်းက ပြုံးကာ စကားပြန်ပြောသည်။

"ဩော်…ဟုတ်လား၊ မကြည်ပြာဆိုတာ သူလား"

သွားပြီ…။

ကျွန်တော် ထင်မထားသော စကားပင်ဖြစ်၏။ ကိုမျိုးမင်းက ကျွန်တော့် မကြည်ပြာကို ကားကြီးရိုက်ရန် ဝယ်ထားပါသည်။ ကျွန်တော် အိမ်ထောင်မကျခင်ကတည်းက စာအုပ်ပေးဖတ် ထားပါ၏။ ကျွန်တော့် စာအုပ်ထဲမှာ မကြည်ပြာနှင့် ကွဲသွားမှန်းလည်း သိသာစွာပါသော်လည်း ဘာကြောင့်မှန်းမသိ အန်တီသန်းက ပြောချလိုက်သည်။

ကိုမျိုးမင်းက အားနာစွာ "ဟဲ့…ဘာတွေလျှောက်ပြောနေတာလဲ၊ ဒုက္ခပဲ"ဟု တားသော်လည်း နှစ်ကြိမ်ဆိုသဖြင့် မရတော့။ ကျွန်တော့် ဇနီးက ရွှေပင်လယ်စားသောက်ဆိုင်ဝမှ ထွက်ကာသွားသည်။ ကျွန်တော် လှမ်းမတားမိ၊ ဘာပြောရမှန်းလည်း မသိ။ ကိုမျိုးမင်းက ခေါင်းကို ကုတ်ကာ အန်တီသန်းကို ဆူသည်။

ကျွန်တော် ကိုယ်ချင်းစာမိပါသည်။

ကျွန်တော့်ကို အားကိုးကာ လိုက်လာသော ခရီးမှာ အားလုံးက 'မကြည်ပြာ'နေခဲ့သည်။ ကျွန်တော့်အဖြေစကားကိုလည်း သူ စိတ်ထဲမှာ (ဘာပဲဖြစ်ဖြစ်) ခံစားရဟန်တူပါသည်။ ကျွန်တော်သည် ကျွန်တော် ဖန်တီးထားခဲ့သော မကြည်ပြာကို တာဝန်ယူခဲ့လျှင် ကျွန်တော် တကယ် ခံစားရသော သူ့ကို ဘယ်လောက်အထိ တာဝန်ယူမည်ဆိုတာ တစ်ဆင့်ခံ တွေးရသော အတွေးဖြစ်သဖြင့် သူတွေးချင်မှ တွေးမိမည်။

ရွှေပင်လယ်စားသောက်ဆိုင်မှ ဆယ်မိနစ်ခန့်လျှောက်သော ကျွန်တော်တို့ အခန်းကို သူတစ်ယောက်တည်း မှောင်ကြီးထဲမှာ ပြန်သွား


www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပြန်မလာတော့။ ကိုမျိုးမင်းပြောပြမှ အန်တီသန်းမှာ နားလည်တာ ကျွန်တော့်ကို တောင်းပန်ရှာ၏။ ကျွန်တော့်ဇနီးကိုလည်း တော်တော်အားနာသွားဟန် တူပါသည်။ ကျွန်တော်က ကိစ္စမရှိဘူးဟု ရယ်ကာမောကာ ပြောရသော်လည်း မိန်းမ ပြန်မလာသဖြင့် စိတ်တော့ပူရပါသည်။ သူ ဘယ်လောက်အထိ နားလည်မှုလွဲသွားမလဲဆိုတာ ကျွန်တော် တွေးကြည့်နေရသည်။ တစ်ဖက်က လူမှုရေး၊ တစ်ဖက်က ခံစားမှုဖြစ်နေသည်။ သို့သော် ကျွန်တော် ထမင်းစားသည်။ ကိုမျိုးမင်းတို့နှင့်သာ နေသည်။ ပြန်မလာသော သူ့ထံ ချက်ချင်း လိုက်မသွားဖြစ်သည်မှာ လူမှုရေးကို အားနာပြီး အန်တီသန်း တောင်းပန်တာကို ဘယ်လိုနေရမှန်း မသိသောကြောင့် ဆက်နေဖြစ်ခြင်းသာဖြစ်သည်။ ကျွန်တော် မိန်းမနောက်ကို လိုက်သွားလျှင် ပြဿနာ ပိုကြီးကြောင်း ပြသလိုဖြစ်နေမည်ဟု တွေးကာ မထဖြစ်ခြင်းဖြစ်ပါသည်။

ထိုည အခန်းပြန်တော့ အိပ်နေသော မိန်းမကို နိုးကာ ရှည်လျားစွာ ရှင်းပြရ၏။

ထုံးစံအတိုင်းပင် ကျွန်တော့်စကားတွေက သူနားလည်ရန် ခက်ခဲသော ဆေးခရေးတီး၊ ဟေရာလိုက်ကပ်၊ ရှူပင်ဟောင်ဝါ၊ စပီဆက်(ခ)၊ ဘာထရန်ရပ်ဆဲလ်၊ ဇော်ဇော်အောင်၊ သစ္စာနီ၊ မောင်ချောနွယ်နှင့် ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ခင်မောင်ရင်နှင့် Alpacino တို့ထံ ရောက်သွား၏။ ကျွန်တော်ဆိုလိုချင်တာကတော့ အနုပညာနှင့် ထိုအနုပညာကို ဖန်တီးသူတို့ဘဝကို သူ နားလည်ရေးပင် ဖြစ်သည်။ သူ တော်တော်ရှုပ်ထွေးသွားဟန် တူ၏။

"ဘာမှ မဖြစ်ပါဘူး၊ ရပါတယ်"

ဟူသော စကားလုံးကိုသာ တွင်တွင်ပြောသည်။ ဘာမှ မဖြစ်ဘူး

www.burmeseclassic.com



ဆိုလေ ကျွန်တော်ကလည်း ဆောခရေးတီးလေ…သစ္စာနီလေ ဖြစ်၏။ နောက်ဆုံး တော်တော်ညဥ့်နက်မှ စကားကို ရပ်ပစ်လိုက်ရသည်။ ကျွန်တော် တော်တော်နှင့် အိပ်မပျော်။ မိန်းမကတော့ အားကျစရာ ကောင်းအောင် တခွီးခွီးနှင့် အိပ်ပျော်သွား၏။ ဩော်…ဘယ်လို လွတ်လပ် ပေါ့ပါးမှုမျိုးပါလဲဟု ကျွန်တော် တွေးရသည်။

မနက်(၁၁)နာရီလောက်မှာ ကျွန်တော် နိုးတော့ ထူးဆန်းစွာ ပင်။ ကျွန်တော့် ဆာလာအိတ်ကလေးနှင့် ကိုမျိုးမင်း ဆာလာအိတ် ကြီးတို့ မိတ်ဆွေဖြစ်နေကြပြီဖြစ်သည်။ မည်သို့ဖြစ်သွားသည်ကို ကျွန်တော် မတွေးတတ်။ အန်တီသန်းက ကျွန်တော့်ကို ဇနီးမရှိခင် ကြိုတင်တောင်းပန် သေး၏။ ကျွန်တော် ပေါ့ပါးသွက်လက်စွာပင် ဘာမှ မဖြစ်ကြောင်း ဖြေရသည်။ သို့သော် ကျွန်တော်က ဘာမှမဖြစ်ဘူး၊ ရပါတယ်ပြောလေ အန်တီသန်းက တောင်းပန်လေဖြစ်၏။

ထိုနေ့ နေ့လည်မှာ ကျွန်တော် စာဆက်ရေးသည်။ အန်တီ သန်းတို့က ငွေဆောင်သို့ ကားဖြင့် သွားလည်ကြ၏။ ကျွန်တော့်ဆာလာ အိတ်ကလေးက မလိုက်။ ကျွန်တော်နှင့် ပြေလည် ရင်းနှီး ချစ်ခင်စွာ နေခဲ့သည်။

ညရောက်တော့ ငွေပင်လယ်မှာ ထုံးစံအတိုင်း ညစာစားရင်း ဆုံကြသည်။

အန်တီသန်းက ကျွန်တော့်ဇနီးနှင့် အတူထိုင်ကာ စကားတွေ ပြောသည်။ မင်းသမီးကလည်း ကျွန်တော်တို့ကိစ္စကို သိပြီးဖြစ်သဖြင့် ဘာမှမပြော။ ဒါရိုက်တာ၊ မင်းသမီး မင်းသားနှင့် ကျွန်တော်တို့ ကိုမျိုးမင်းတို့အဖွဲ့ ထမင်းစားရင်း စကားပြောကြခြင်းဖြစ်သည်။ အထူး သဖြင့် ကျွန်တော့်ဇနီးကို ဦးစားပေးကြသော ပွဲလည်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စကားပြောရင်း အန်တီသန်းက ကျွန်တော့်ကို ဆူသည်။

"ကိုနီကိုရဲ...ရှင်က ညီမလေးကို ဘယ်မှမသွားရဘူး၊ အခန်းထဲမှာပဲနေဆို...ဟုတ်လား"

ကျွန်တော်က ကျွန်တော် စိတ်ပူသော ဝဲနှင့် ရေမကူးရနယ်ကို သူ မသိကြောင်း၊ ကျွန်တော် စာရေးနေသဖြင့် မပို့ရသေးကြောင်း ရှင်းရ၏။ ကျွန်တော် စာရေးနေကြောင်းလည်း ပြောပြရသည်။

"အခုမှ သုံးရက်ရှိသေးတာ အန်တီရာ၊ ရက်တွေ ကျန်ပါသေးတယ်"

"လုပ်မနေနဲ့၊ ရှင့်ဘာသာ စာရေးချင်ရေးပေါ့၊ ကျွန်မတို့ ရှိနေတာပဲ၊ ညီမလေး မနက်ဖြန် ညနေ ရေအတူတူချိုးကြမယ် သိလား"

အန်တီသန်းက ကျွန်တော့်ကို ဆူကာ ကျွန်တော့်ဇနီးကို ပြောသည်။ ကျွန်တော့်ဇနီးက ထမင်းစားနေသည့်ဇွန်းကို ရုတ်တရက် ချကာ တစ်ချက်စဉ်းစားသည်။ သူ ဘာပြန်ပြောမည်ဆိုတာ တော်တော် အရေးကြီးပါသည်။ သူက ချက်ချင်းပြန်မပြော။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီးမှ ရက်ကာ ပြော၏။

"ဟို...သမီးက ဟိုလေ...ရေချိုးရင် တစ်ယောက်တည်းပဲ ချိုးတတ်တယ်။ ရေချိုးခန်းနဲ့ဆိုတော့ နှစ်ယောက်မချိုးတတ်ဘူး။ သမီးက ရှက်တတ်တယ်၊ တစ်ယောက်တည်းတောင် ရှက်နေတာ၊ အန်တီချိုးလို့ မဖြစ်ဘူး၊ ရှက်တယ်..."

မင်းသမီးရော၊ ကိုမျိုးမင်းရော၊ ကျွန်တော်ပါ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ အန်တီသန်းလည်း ကြောင်သွားပုံရ၏။ အန်တီသန်းက ညနေဘက် ရေးချိုးမည်ဆိုတာ ပင်လယ်ကမ်းစပ်မှာ ဆင်း ရေကူးရင်း ရေချိုးမည်ကို ပြောမှန်း အားလုံးသိကြသည်။ ကျွန်တော့်ဇနီး



www.burmeseclassic.com

www.burmeseclassic.com



တ ချောင်းသာ အခန်းရေချိုးခန်းထဲမှာ အန်တီသန်းနှင့်အတူ…

"ဟာ…မဟုတ်ဘူး၊ ကလေး…ရေချိုးတယ်ဆိုတာ ညနေ ရေဆင်းကစားတာ၊ လိုင်းစီးတာကို ပြောတာ၊ ဟုတ်တယ်နော် အန်တီ သန်း"

ကျွန်တော့်စကား ဆုံးဆုံးချင်း ကိုမျိုးမင်းကလည်း ဝင်ကာ အော်ရသည်။

"ဟုတ်တယ်၊ ပင်လယ်ကမ်းစပ်မှာ ရေချိုးမှာကို ပြောတာ"

"ဟုတ်တယ်လေ…ညီမလေးရဲ့၊ ရေကူးတာ လိုင်းစီးမှာကို ပြောတာ…"

ကျွန်တော်တို့ အရေးဘကြီးအော်ကြတော့မှ ကျွန်တော့်ဇနီး မဟာပညာကျော်က ခိုးခနဲရယ်သည်။

"အဲဒါဆို ချိုးမယ်၊ ရေချိုးခန်းထဲမှာ နှစ်ယောက်တည်းတော့ သမီးက ရှက်တတ်ဘာယ်"

သူ့စကား ဆုံးတော့မှ အားလုံး အားရပါးရ ရယ်ကြလေသည်။

ဘုရား…ဘုရား…အတော်လွဲများသောကိစ္စသာ ဖြစ်ပါသည်။

ပင်လယ်ကို ရောက်နေမှ 'ရေချိုးမယ်' ဆိုသော စကားအဓိပ္ပါယ် မှာ 'ရေကူးမယ်' ဆိုတာ အလွယ်သိသင့်ပါလျက်နှင့် တည်းခိုခန်း ရေချိုး ခန်းထဲမှာ နှစ်ယောက်ရေချိုးရန် မြင်သော ကျွန်တော့်ဇနီး၏အလွဲမှာ တော်တော်ကြောက်စရာ ကောင်းပါသည်။

ထမင်းဝိုင်းပြီးတော့ ကိုမျိုးမင်းက ကျွန်တော့်ကို ကပ်ကာ ပြော၏။

"မကြည်ပြာတုန်းက ခင်ဗျားလွဲတာ သူခံရတာ၊ အခု ခင်ဗျား ဝဋ်လည်တာပေါ့"…တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်၊ ဝဋ်ဆိုတာ လည်ကြွေးမဟုတ်လား။

သို့သော် ကိုမျိုးမင်းက ထိုစကားကို နှစ်ယောက်တည်း ပြောသဖြင့် ကျေးဇူးတင်ရပါ၏။

နောက်နေ့ ညနေကျတော့ အန်တီသန်းက အခန်းရှေ့မှ လာအော်သည်။

"ညီမလေးရေ...ရေချိုးကြရအောင်"တဲ့။

ကျွန်တော်ရော ကျွန်တော့်ဖနီးပါ ပင်လယ်ထဲဆင်းကာ ကိုမျိုးမင်းရော၊ ကလေးတွေရော ဘောတွေ ကိုယ်မှာစွပ်ကာ လှိုင်းစီးကြ၊ ရေကူးကြ၏။

ကျွန်တော့် ဆာလာအိတ်ကလေး ပျော်နေတာ တွေ့သဖြင့် ကျွန်တော် သက်ပြင်းချရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# လွင်မိုး...ကျွန်တော် ကျွန်တော် ... လွင်မိုး





www.burmeseclassic.com

www.burmeseclassic.com



လွင်မိုး "ကျွန်တော်"...

ကျွန်တော်..."လွင်မိုး"



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်မြူးကြွသော လှုပ်ရှားမှုများနှင့် ခပ်မြူးမြူး သရုပ် ဆောင်တတ်သော ကျွန်ုပ်တို့၏ မင်းသား လွင်မိုးကြော်ငြာများ ပရိသတ်က အကြိုက်တွေ့သည်။ သူ့ကြော်ငြာတွေ၏ စက္ကန့်နည်းနည် ကလေးမှာပင် ကျွန်ုပ်တို့ မင်းသားသည် ရအောင်နောက်တ ပြောင်တတ်နိုင်စွမ်းလေသည်။

ထိုသို့ နောက်ရင်းပြောင်ရင်းနှင့်ပင် ကြော်ငြာထဲမှာ ဒါရိုက် တာ သဘောကျကာ ထည့်လိုက်သော Cut တွေလည်းရှိ၏။ သူပြော မှတ်မိသမျှဆိုလျှင် ကြော်ငြာတွင် လက်ကလေးနှစ်ဘက် ငှ အတောင်ပံလိုဆောင်ကာ ဝင်ဂွင်းငှက်ခုန်သလို ခုန်သော Acting နဂိုကပါခြင်းမဟုတ်၊ သူနောက်ပြီး ခုန်တာကို ဒါရိုက်တာ ကိုစန်း သဘောကျကာ ထည့်ရိုက်ခြင်းဖြစ်၏။ "ကျွေးဦးမှာ" ဆို



www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းပင်ဖြစ်သည်။

မြူးသွက်ကာပျော်တတ်သော စရိုက်မှာ မောင်မိုး၏ မူလဇာတိ စိတ်သဘာလျှင်ဖြစ်သည်။ တမင်လုပ်ယူထားခြင်းမဟုတ်၊ အင်မတန်ပျော်တတ် နောက်တတ်သဖြင့် ရိုက်ကွင်းပေါ်မှာ မောင်မိုးရှိနေလျှင် မပျင်းရ၊ သူတွဲနေကျ သူရဲလေးကောင်နှင့်တွေ့လျှင် ပိုဆိုး၏။ ဟိုလေးယောက်က တစ်ခွန်းပြော သူက တစ်ခွန်းမခံပြန်နောက်၊ သူကပြော ဟိုလေးယောက်က ပြန်နောက်၊ စက်အဖွဲ့တွေ၊ ဇာတ်ပို့တွေက ရယ်ကြနှင့် တစ်ခါတစ်ရံ ကိုမျိုးမင်းမှာ တောင်းပန်ပင်ယူရတတ်သည်။

"ကဲ…မောင်မိုးရေ၊ တစ်ခန်းပဲရသေးတယ်ကွာ၊ (၃)နာရီက ထိုးသွားပြီ၊ နေ့တွက်မကိုက်သေးဘူး၊ ရိုက်ရအောင်ကွာ"

"(၃)နာရီက ဘယ်ကို ထိုးသွားတာလဲ၊ တော်တော်နာသွားသလား ရဲတိုင်ပါလား"

"ဟာ…ဒီကောင်"

"ဘယ်အကောင်လဲ၊ ပြစမ်း ဘယ်နားနာသွားသလဲ၊ ပရုပ်ဆီဘူး ယူခဲ့ဟေ့"

…စသည်ဖြင့် နောက်ထပ် (၁၀)မိနစ်လောက်တော့ အနည်းဆုံး ထပ်ကြာတတ်ပါသည်။ စကားကိုလည်း ကြားသည်နှင့် ချက်ချင်းတုံ့ပြန်တတ်၏။ သူ့ကို စကားနိုင်အောင် ပြောဖို့က ရတ်တရက်မလွယ်။ တစ်ခါကလည်း သံလျှင်မှာ ကားရိုက်ကြရင်း ဦးသက်နှောင်က ဘုန်းကြီးအခန်းဖြင့် သရုပ်ဆောင်ရ၏။ မောင်မိုးကို တရားပြသော အခန်းဖြစ်သည်။

နေကပူသည်ကတစ်ကြောင်း၊ အသက်ကြီးသည်ကတစ်ကြောင်း ဦးသက်နှောင်မှာ ကျက်ထားသော စကားကို ခဏခဏမေ့သည်။ တရား



www.burmeseclassic.com

www.burmeseclassic.com



ကောားဆိုတော့ ပါဋ္ဌိပါဋ္ဌိသားကလည်း ပါနေသဖြင့် ပိုဆိုးသည်။

"လောကုတ္တရာ…အဲဒါ လောကုတ္တရာမှာ မှားတာကွ၊ အဲဒီနားပဲ"

"လောကုတ္တရာမှာ မှားနေရင် ဒီလိုလုပ်ပါလား လောကုတ်(၃၀)လုပ်လိုက်"

ရပ်ကြည့်နေသည့် ပရိသတ်က တခွီးခွီးရယ်ကြသည်။ ဦးသက်နောင် စာကျက်ပြန်ရိုက်၊ လောကုတ္တရာနားထစ်လျှင် ရပ်ကြည့်ကြသူတွေက တခွီးခွီးရယ်ကြသဖြင့် ကိုမျိုးမင်းမှာ တော်တော်စိတ်ညစ်ရခဲ့ဖူးသည်။

ပြီးတော့ ကျွန်တော်တို့ မင်းသားသည် ကလေးတစ်ယောက်လိုလည်း ဆော့တတ် ကစားတတ်သေး၏။ သူ နယ်ထွက် ကားရိုက်လျှင် ဆော့စရာ ကစားစရာပစ္စည်းမျိုးစုံပါသည်။ ချောင်းသာသွားလျှင် ငါးမြှားချိပ်၊ ဘောလုံး၊ ရစ်လုံးနှင့် စွန်၊ မှန်ပြောင်း၊ ဓားမြှောင်၊ လက်နှင့်ကိုင်ပစ်ရသော ကော်အဝိုင်းပြား…

ပြီးတော့ မင်းသမီးတွေကို နောက်စရာ မြွေရုပ်၊ ကင်းမြီးကောက်ရုပ်၊ ဖားပြုပ်ရုပ်၊ ရှူးဒိုင်း၊ ဗျတ်အိုး စသည်ဖြင့် အစုံပါသည်။ ထိုပါသမျှပစ္စည်းကို တစ်ခုပြီးတစ်ခုထုတ်ကာ ကစားတတ်သည်။ ကိုမျိုးမင်းမှာ ကားတစ်ခါ တစ်ခါရိုက်ရဖို့အရေး မောင်မိုးကို ခေါ်ရ စောင့်ရ ကစားနေသော ပစ္စည်းတွေ ဝင်လုရနှင့် ရှိတတ်သည်။ မောင်မိုး ယူလာသမျှကစားစရာတွေကို ဖွက်ထားမှ ကားကောင်းကောင်းရိုက်ရသည်။ ထို့ကြောင့် ကိုမျိုးမင်းက မောင်မိုးကို ချစ်စနိုးဖြင့် မျောက်ဟု စခေါ်တတ်သည်။ ဒီတော့လည်း တုံ့ပြန်ချက်က ချင်းချင်းလာ၏။

"ကျုပ်က မျောက်ဆို ခင်ဗျားက မျောက်ရိုက်တဲ့ ဒါရိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ဘာဖြစ်လဲ၊ ငါက လူဖြစ်သေးတယ်"

"ဘယ်ဟုတ်မလဲဗျ၊ ဒါရိုက်တာဆိုတာ အကုန်တတ်ရ သိရတာ၊ မျောက်က လူလို သရုပ်ဆောင်ပြီး ခင်ဗျားက မျောက်လို သိထားမှ သင်လို့ရမှာ..."

ကိုမျိုးမင်းလည်း ဘာမှ ပြန်မပြောတော့၊ ပြောနေလျှင် ထိုနေ့ တော်တော်နှင့် ကားရိုက်၍ ရမှာမဟုတ်သောကြောင့်ဖြစ်၏။ မောင်မိုး နောက်လျှင် ဘယ်သူမှ မနေရ၊ မင်းသမီးလည်း မနေရ၊ မင်းသမီး အမေ အစ်မတွေလည်း မနေရ၊ တစ်ယောက်တည်းနှင့် လူစုံအောင် နောက်နိုင်စွမ်းရှိသူဖြစ်သည်။

သူနောက်လျှင် ခံရတာ တစ်ခါတစ်ရံ မသက်သာသော်လည်း ရယ်ရသဖြင့် ဘာမှ ပြန်မပြောနိုင်။ သူ့ကို ပြန်နောက်နိုင်လျှင်လည်း စိတ်မဆိုးတတ်။ ဇာတ်ပို့သရုပ်ဆောင် ကုလားကြီးသည် မြွေကို အရမ်း ကြောက်သူဖြစ်သည်။ မြွေအစစ် မြွေအရုပ်ကိုမပြောနှင့် အုန်းလက် ကလေး ကြောပေါ်တင်ပေးလိုက်လျှင်ကို ငယ်သံပါအောင် ထွက်ပြေး တတ်သည်အထိ မြွေကို အသေအလဲကြောက်သူဖြစ်သည်။

တစ်ခါက ကားတစ်ကားရိုက်ရင်း Reharsel (ရီဟာဇယ်)လုပ်နေ ကြသည်။ ထိုအခန်းတွင် မောင်မိုးက ကုလားကြီးကို ပိုက်ဆံအိတ်ဟု ထင်သည့် ပေးရမည့် အခန်းဖြစ်သည်။ စကားတွေ အပြန်အလှန် အစမ်းလေ့ကျင့်ပြောကာ မောင်မိုးက တစ်ခုခုပေးဟန် ပြု၏။ ကုလားကြီး က လှမ်းအယူတွင် မောင်မိုးက ရာဘာနှင့်လုပ်ထားသော မြွေရုပ်ကို ဘယ်လိုဖွက်ယူလာသည်မသိ၊ ကုလားကြီး လက်ထဲထည့်ပေးလိုက် သည်။

ကုလားကြီးမှာ ငယ်သံပါအောင် အော်ကာ မြွေရုပ်ကို ခါချ


www.burmeseclassic.com

www.burmeseclassic.com



ရင်း ကြောက်လွန်းသဖြင့် ဆီးတွေပါ ဖြန်းဖြန်းကျရသည့်အထိဖြစ်သည်။ ဒီတော့ မောင်မိုးက ကုလားကြီးကို တောင်းပန်ရှာသည်။ မြွေက ခွေနေအောင် အပူပေးထားသော ရော်ဘာရုပ်ဖြစ်သဖြင့် ကုလားကြီး တော်တော်နှင့် ခါချ၍ မရခြင်းဖြစ်၏။ ကုလားကြီး ကျေနပ်ပါသည်။ သို့သော် ထိုကားပြီးသည့်အထိ မောင်မိုး အနားကပ်မခံတော့၊ သူထိုင်နေရာသို့ မောင်မိုးလာလျှင် ထကာ ထွက်ပြေးတတ်သည်။ ဘာမှ မဟုတ်ဘဲ ထိုကားပြီးသည့်အထိ မောင်မိုး ရောက်လာလျှင် ကုလားကြီး ထိတ်လန့်ပုံကို ကြည့်ကာ ရယ်ကြရသည်။

ထိုသို့ အမြဲတမ်း နောက်တတ် ပြောင်တတ်သော ကျွန်ုပ်တို့ မင်းသား တစ်ခါတော့ ဒုက္ခရောက်ရလေသည်။

ထိုအဖြစ်အပျက်မှာ ကားရိုက်စဉ်က ဖြစ်သည်။

ဇာတ်ဝင်ခန်းအရ မောင်မိုး မြင်းစီးခန်းတစ်ခန်းပါသည်။ ငှားထားသည့် မြင်းကြီးရောက်လာတော့ မြင်းနားသွား မြင်းကို ကြည့်ကာ ပါးချိတ်ကြိုးဆွဲလိုက်၊ မြင်းကြောကိုသပ်လိုက်နှင့် မြင်းကို လေ့လာသည်။ ပြီးတော့ ဘယ်လိုဗွေမျိုးပါလျှင် သခင်ကို ထိခိုက်သည်၊ ဘယ်လိုခွာရာရှိလျှင် သခင်ကို ဒုက္ခပေးတတ်သည်။ ဘယ်အရောင်မှာ ဘာအပျောက် အစက်ပါလျှင် မမွေးကောင်း စသည်ဖြင့် ပြော၏။

ဟိုနည်းနည်း ဒီနည်းနည်းတော့ ကျွန်ုပ်တို့ မင်းသားသည် တော်တော်ကလေး ဗဟုသုတစုံသူဖြစ်သည်။ မောင်မိုးက တိရစ္ဆာန်လည်း အတော်ချစ်တတ်သူဖြစ်သည်။ သူ အချစ်ဆုံးနှင့် အမွေးချင်ဆုံး တိရစ္ဆာန်မှာ ကျားဖြစ်ကြောင်း သိရ၏။ တစ်ခါ ကျားမွေးဖို့ ကြိုးစားဖူးသည်ဟု ပြောသည်။

ကားမရိုက်ခင် မြင်းနှင့် မောင်မိုး မောင်မိုးနှင့်မြင်း ရင်းနှီးချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။

မြင်းပေါ်တက်ကာ နှစ်ခေါက်လောက်လည်း စီးပြီးပြီဖြစ်၏။ ဒီလိုနှင့် ကင်မရာတွေချိန်၊ စီးသွားမည့်နေရာသတ်မှတ်၊ မှန်တွေထိုး၊ ရိုဟာဇယ်လုပ် ပြီးတော့...။ မောင်မိုး မြင်းကို ဒုန်းစိုင်းကာ စီးထွက်သွားသည်။

ခရီးတစ်ဝက်ခန့်သာ ရှိသေးသည်။ မှန်ထိုး၍လားမသိ၊ မြင်းက လန့်ကာ ခါချသည်။ ထင်မထားသောကြောင့် မောင်မိုး မြင်းပေါ်မှ ပြုတ်ကျ၏။ မြေက မြေမာဖြစ်ပြီး ရုတ်တရက်ပြုတ်ကျသဖြင့် မျက်နှာ (ဘယ်ဘက်ပါးအခြမ်း)နှင့် ကျခြင်းဖြစ်သည်။ အားလုံးပြေးသွားကြတော့ မောင်မိုးက စပ်ဖြဲဖြဲဖြင့် ထလာသဖြင့် စိတ်အေးရမည်။

သို့သော် အနားရောက်လာသော လူတွေကို ကြည့်ကာ မောင်မိုး တစ်ချက်ကြောင်ကာနေ၏။

"တော်သေးတာပေါ့၊ မင်းကို ဖြေးဖြေးစီး ပြောသားပဲ၊ ခြေလက် ဘာမှမဖြစ်တာ ကံကောင်း၊ ကဲ...မြင်းကို သိပ်မှန်မထိုးနဲ့ပေါ့...ပြန်ရိုက်လို့ ရတယ်မဟုတ်လား"

မောင်မိုး ဘာမှ ပြန်မပြော၊ ဒါရိုက်တာကို ကြည့်နေသည်။ ဒါရိုက်တာခေါ်တော့ ပါလာ၏။

"ခဏနားမလား၊ ဖြစ်သလား"

မောင်မိုး ပြန်မဖြေပါ။ ဒါရိုက်တာကိုသာ ကြည့်နေ၏။

"မောင်မိုး ဘာဖြစ်သွားလို့လဲ၊ တော်တော် နာသွားသလား"

"မဟုတ်ဘူး၊ ဘာဖြစ်ရမှာလဲ၊ ခင်ဗျား ဘယ်သူလဲ"

မောင်မိုး စကားကြောင့် ဒါရိုက်တာက စိတ်ပျက်သလို မဲ့ကာ ခေါင်းကို ခါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မနောက်နဲ့ကွာ၊ နားချင်ရင် နားချင်တယ်ပြော"

"ဘာကို နားရမှာလဲ၊ ကျွန်တော်က ဘာလုပ်တာလဲ၊ ခင်ဗျား ဘယ်သူလဲ"

"မောင်မိုးကွာ၊ အရေးထဲ နောက်မနေစမ်းပါနဲ့"

မောင်မိုး ဘာမှ မပြောဘဲ ဒါရိုက်တာအနားမှ ထွက်ကာသွား သည်။ ပြီးတော့ လူတွေကို လျှောက်ကြည့်သည်။ မင်းသမီး ကြည့်လဲ့လဲ့ ဦးက လာစကားပြောတော့ မေးတော့လည်း ဘာမှ သိပ်မဖြေ။

"ငါ နင့်ကိုလည်း သိတယ်ဟ၊ နင် ဘယ်သူလဲ၊ ငါသိတော့ သိတယ်"

"ကိုမိုးရာ လုပ်မနေစမ်းပါနဲ့၊ ဒါမျိုးက ရိုးနေပြီ"

မောင်မိုး ခေါင်းကို ခါသည်။ ဘာမှမပြောဘဲ ထွက်ကာ သွား၏။ မင်းသမီးက မောင်မိုး စနေကြောင်း ဒါရိုက်တာကို သွား၍ ပြော၏။ ဒါရိုက်တာက နေပေ့စေဟု ပြောကာ လုပ်စရာရှိတာ ဆက်လုပ် သည်။ ဒီအိုက်တင်မျိုးတော့ ရိုးနေပြီ။

ရိုက်ကွင်းမှ လူများကလည်း မောင်မိုးအကြောင်းသိ ဖြစ်သဖြင့် စ,သည်ဟုပဲ ယူဆကာ ဂရုမစိုက်ကြ။ သူတို့ လုပ်စရာရှိတာကိုသာ ဆက်လုပ်နေကြ၏။

မောင်မိုးကလည်း ဘယ်သူ့အနားမှ မကပ်။ ရိုက်ကွင်းမှလူတွေကို သာ ကြောင်တောင်တောင်ကြီး ကြည့်ကာနေ၏။ သူ့စိတ်ထဲမှာ ဒီလူတွေ ကို ရင်းရင်းနှီးနှီးကို သိနေသည်။

သို့သော် ဒီလူတွေ ဘယ်သူဆိုတာ သူ မသိ။

ခဏကြာတော့ ဒါရိုက်တာက ဒိုင်ယာလော့(ခ) စာရွက်ကိုယူ၍ တခြားအခန်းရိုက်ရန် မောင်မိုးအနား သွားသည်။ မင်းသမီးက စာရွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ နောက်တစ်ခန်းအတွက် စကား စပြောသည်။ မောင်မိုး ဘာမှပြန်မပြော၊ ကြည်လဲ့လဲ့ဦးက မောင်မိုးအိုက်တင်ကို ကြည့်ကာ ရယ်သည်။

"ကဲ...ဒါရိုက်တာကြီး ဆရာရေ၊ ကိုမိုးက အတိတ်မေ့နေပြီ တဲ့၊ ဇာတ်ကို ပြောင်းလိုက်တော့"

သို့သော် မောင်မိုး ဘာမှ ပြန်မပြောချေ။

"ကျွန်တော် ခင်ဗျားတို့ကို သိတော့ သိတယ်ဗျာ၊ ဒီကလူတွေ ကိုလည်း သိတယ်၊ ဒါပေမဲ့ ဘယ်သူတွေလဲဆိုတာ ကျွန်တော် လုံးဝ စဉ်းစားလို့မရဘူး"

"မင်းကိုယ်မင်းရော သိရဲ့လား"

ဒါရိုက်တာက ရွဲ့ကာမေးခြင်းဖြစ်၏။

"ကျွန်တော် မသိဘူး"

မင်းသမီးနှင့် ဒါရိုက်တာ ဟက်ဟက်ပက်ပက်ရယ်ကြသည်။ သူတို့ကို လာစနေသည့် မောင်မိုးကို နောက်ကြ၏။ သို့သော် မောင်မိုး ပုံစံက မထူးခြား၊ မျက်လုံးက ရင်းနှီးမှုသိပ်မရှိ၊ ခဏကြာတော့ ဒါရိုက်တာ က နောက်ရင်း လန့်ကာလာ၏။

"သူ့ မြင်းပေါ်က ခေါင်းနဲ့ကျတာကွ၊ တကယ်မသိတာလား မသိဘူး"

"ဆရာရယ် ကိုမိုးအကြောင်း သိရဲ့သားနဲ့ အလကား"

ရိုက်ကွင်းက ရုတ်တရက် ရပ်သွားသဖြင့် လူတွေ ဘာကြောင့် လဲဆိုတာ မေးရင်း အနည်းအငယ်စိတ်ဝင်စားလာကြသည်။ စတတ် သော မောင်မိုးကို လာကာစကြ၏။ သို့သော် မောင်မိုးက တစ်ခွန်းမှ ပြန်ရှိမစ၊ ဒီလိုမစခြင်းကိုပင် စနေသည်ဟု လူတွေက ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကြာတော့ စတာလား တကယ်လားဆိုတာ ဝေခွဲ၍မရဖြစ်လာသည်။ စတာဆိုလျှင် ဒီလောက်အလုပ်ထိခိုက်အောင် မောင်မိုး မလုပ်နိုင်ဟု တွက်သူက တွက်လာ၏။ ဘယ်အချိန် မောင်မိုး ထပြီး ရယ်မလဲဆိုတာကို စောင့်သူကလည်း စောင့်၏။

ဒါရိုက်တာက စိုးရိမ်ကာ ဆရာဝန်ခေါ်ဖို့ ပြင်သည်။ အားလုံးက ကန့်ကွက်၏။ မဖြစ်နိုင် ဆရာဝန်ရောက်လာမှ အကောင်းအတိုင်း နေကာ ခေါ်လာသူကို အရှုးလုပ်လိမ့်မည်ဟုတွေးကာ ဘယ်သူမှ သွားမခေါ်ပေးကြ။

"ကျွန်မ ကြည့်လို့လို့ဦးလေ၊ ရှင်က မင်းသားလွင်မိုး၊ ဒါ ကားရိုက်နေတာ သိလား"

"အဲဒါ မသိဘူး၊ ကျွန်တော် သိတော့ သိတယ်၊ ကျွန်တော့်ကို ပြောပြစမ်းပါ"

မောင်မိုး တပည့်တွေလည်း အနည်းငယ် စိုးရိမ်စပြုလာ၏။ ထပ်၍ ပြောပြသော်လည်း မောင်မိုး မျက်လုံးက သိပ်မထူးခြား။ ဒါရိုက်တာက အကြံရကာ မောင်မိုးနောက်မှ လိုက်သော တပည့်ဖြစ်သူကို မောင်မိုးအား မင်းနှင့် ငါနှင့် အထက်စီးဆန်ဆန် ပြောရန် ခေါ်မှာပြီး ပြောကြည့်ကြသည်။

သို့သော် မောင်မိုး စိတ်မဆိုး၊ မျက်လုံးထဲတွင် ဘာမှ ပြောင်းလဲမှု မတွေ့သဖြင့် နည်းနည်းတော့ စိတ်လှုပ်ရှားကုန်ကြ၏။ ဘယ်လိုနေသလဲ မေးတော့ ဘယ်ဘက်ပါးအခြမ်းက ထုံနေသည်ဟု ဖြေသည်။ ငုတ်တုတ်ကလေးထိုင်ကာ ငိုင်နေသော မောင်မိုးကို ခဏထားကာ တိုင်ပင်ပြီး ရှုတင်ခဏသိမ်းကာ ဆရာဝန်ခေါ်ကြဖို့ စီစဉ်ကြသည်။

နောက်ခါမှ နောက်ရော ဝေခွဲမရဖြစ်စိတ်နှင့် စိုးရိမ်စိတ်တာ



www.burmeseclassic.com

www.burmeseclassic.com



များလာပြီဖြစ်၏။

သို့သော် ရှုတင်က လူတစ်ဝက်ကျော်ကျော်ကတော့ မောင်မိုး နောက်နေတာပါလားဟုပင် ယုံကြည်ကြသည်။ ဆရာဝန် ခေါ်သည့် သူ့ကားထွက်သွားတော့လည်း မောင်မိုး မထူးခြား။ ဒါရိုက်တာက ထပ်သွားကာ စကားထပ်ပြော၊ တောင်းပန်ရင်း မနောက်ရန် သတိပေး တော့လည်း မောင်မိုးပုံစံက ပြောင်းမလာ။

မောင်မိုး အိမ်ကို အသိပေးရန်နှင့် တောင်းပန်ကန်တော့ပွဲ လဲကျ သောနေရာတွင် ပေးရန်အထိ အလုပ်တွေရှုပ်ကုန်ကြသည်။ နောက်နေ သည် ထင်သူတွေလည်း စိုးရိမ်စ ပြုလာ၏။ မောင်မိုးကို ကြည့်တော့ ငုတ်တုတ်ကလေးသာ ထိုင်နေသည်။ တကယ်ဆိုရင်တော့ ပြဿနာသည် အတော်ကြီးသွားပြီဖြစ်သည်။

"မောင်မိုးရာ၊ ငါတို့ကို စိတ်ရှုပ်အောင် ဒုက္ခရောက်အောင် မလုပ်ပါနဲ့ကွာ၊ မင်းနောက်နေတာ မဟုတ်လား၊ ဒုက္ခပါပဲကွာ"

ဒါရိုက်တာမှာ ခေါင်းမီးတောက်ကာ စိုးရိမ်နေပြီဖြစ်သည်။ ပွဲလည်း ပေးကြ၏။

ဘာမှ ပြန်မပြောသော မောင်မိုးကို ခဏထားကာ ထိတ်လန့်စွာ ဖြင့် အဝေးမှ စောင့်ကြည့်နေကြရသည်။ မောင်မိုးကလည်း ဘာမှမပြော။ တစ်ခုခုကို တော်တော်အလေးအနက်ထားကာ စဉ်းစားနေပုံမျိုး ဖြစ်၏။

နောက်တာပါဟု ကျိန်းသေတွက်ထားကြသူတွေပင် ငြိမ်ကာ သူတို့စကားကို သူတို့ မယုံကြည်ရဲတော့ဘဲ မောင်မိုးကိုပဲ ကြည့်နေကြ၏။ မောင်မိုးကတော့ ငြိမ်ကာ သူ့ပါးကလေးကို လက်ဖြင့် အသာပွတ်ရင်း အဝေးကို ငေးကာ နေ၏။

"ဆရာ...ဒီအခြေအနေအထိဆိုရင်တော့...နောက်တာ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘော့ဘူး ထင်တယ် ဆရာ''

''အေး...ငါလည်း မသိဘူးဟာ...တကယ် တစ်ခုခုဖြစ်သွားရင်တော့ ဒုက္ခပါပဲဟာ...''

အားလုံး တိတ်ဆိတ်စွာ မောင်မိုးကို ငေးနေစဉ်...မောင်မိုး ချုပ်ခနဲ ထထာရပ်သည်။ ပြီးတော့...ဝမ်းသာအားရ အသံနက်ကြီးဖြင့် ကြီးကာ အော်လေသည်။

''ဟုတ်တယ်...ကျွန်တော် လွင်မိုး၊ သိပြီ ကျွန်တော် လွင်မိုး၊ ခုတော့မှိပြီဗျို့၊ ဟား...တော်ပါသေးရဲ့...ငါ လွင်မိုး...လွင်မိုး''

မောင်မိုးအနားသို့ ရှုတင်ကလူတွေအားလုံး ဝိုင်းအုံကာ လာသည်။

''သိပြီဗျ...သိပြီ၊ ကျွန်တော်တို့ ကားရိုက်နေတာ...ဟုတ်တယ် မဟုတ်လား...၊ တော်ပါသေးရဲ့ဗျာ...ကံကောင်းလို့...ကျွန်တော် အကုန် သုံးကို မေ့သွားတာဗျ''

မောင်မိုးစကားကို နားထောင်ပြီး ရှုတင်တစ်ခုလုံး ဆူညံကာ သွားကြသည်။

စနေတာပါဟု ထင်သူတွေက သူတို့မှန်ကြောင်း ပြောကြ၏။ ဒါရိုက်တာလည်း စ,တာပဲဟု ထင်သွားကာ စိတ်တိုသည်။ ခေါ်လာသော ဆရာဝန်ရောက်လာတော့ မောင်မိုးက ပြရှာပါသည်။ ထုံနေသော သူ့ဘယ်ဘက်အခြမ်းကြီး အတော်ပြေသွားမှ ပြန်ကောင်းကာ သတိရသည်ဟု ဆိုသည်။

သို့သော်လည်း လူတွေက မောင်မိုး တမင်စ,ပြီး လွန်သွားသဖြင့် ဒါရိုက်တာကို အားနာကာ ဆရာဝန်ကိုပြခြင်းဟု စွပ်စွဲကာ စ,သည့်ဘက်သို့ ရပ်တည်ကြသည်။ တကယ်မေ့တာ၊ ပွဲပေးပြီးမှ သတိရလာသည်ဟု သုချေသူက ထုချေကာ တကယ်မေ့ကြောင်း ရပ်တည်သူတွေက



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တည်ကြ၏။

မောင်မိုးက သူတကယ်မေ့ကြောင်း ဝန်ခံကာ ပြောသော်လည်း မယုံသူတွေက မယုံကြ၊ ထိုကိစ္စကို ပြန်ပြောကြတိုင်း ဝိဟာရကွဲပြားဆဲ ငြင်းဆဲ။ ကျွန်တော့်ကို ထိုအကြောင်းပြောပြသော မင်းသမီး ကြည်လဲ့လဲ့ ဦးကလည်း မယုံ။

ကျွန်တော်လည်း ဘယ်ဟာ အမှန်ဟု ရွေးပါဆိုလျှင် မရွေးရဲ။ အသေအချာမပြောရဲ။

ထိုကိစ္စသည် နောက်တာလား၊ တကယ်လားဆိုတာ မောင်မိုး တစ်ယောက်သာ အမှန်ဆုံးသိပေလိမ့်မည်ဟု ထင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



သို့...မကြည်ဖြာ

www.burmeseclassic.com

www.burmeseclassic.com



သို့ မကြည်ပြာ...

www.burmeseclassic.com

www.burmeseclassic.com



●

ကျွန်တော့်၏ မကြည်ပြာကို ရုပ်ရှင်ကားကြီးရိုက်ရန် အကြိမ်ကြိမ် ညှိနှိုင်းကြရသည်။

နောက်ဆုံးမှာ ရဲဝင်းက လှင်မိုးဖြစ်ကာ ထွန်းအိန္ဒြာဗိုက မကြည်ပြာ ဖြစ်သွား၏။ ပေပါမွန်း Company မှ ပိုင်ရှင် ကိုညီနှင့် မစန္ဒာတို့က နေ့ကောင်းရက်သာရွေး၊ တွက်ချက်ကာ (၅.၉.၉၉) ရက်နေ့တွင် စတင်၍ ကန်တော့ပွဲ ပေးသည်။ ထိုကန်တော့ပွဲကို ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်တွင် ပေးကြသည်။

ထိုကန်တော့ပွဲမှာ အကြီးအကျယ် ဘာမှ လွဲမှားမှုမဖြစ်ဘဲ ပြီးဆုံးသွားသည်။

ကန်တော့ပွဲပေးပြီး နောက်(၆)ရက်တွင် ရိုက်ကူးမည် ဖြစ်သော ကြောင့် စတင်ရိုက်ကူးမည့် အခန်းနှင့် Location ကို တိုင်ပင်ကြမျှမင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ညှိကြရသည်။ ကျွန်တော်တို့ လုပ်ငန်းသဘာဝ အတွေ့အကြုံအရ ချပ်ရှင်ဖြစ်စေ၊ ဗီဒီယိုဖြစ်စေ စတင်ရိုက်ကူးသည့်နေ့မျိုးတွင် မင်းသားမင်းသမီး ဒါရိုက်တာနှင့် စက်အဖွဲ့တို့ သိပ်လမိုင်းမကပ်တတ်ကြ။ mood သိပ်ထည့်ကာ လုပ်စရာမလိုသော သာမာန်အခန်းမျိုးကို ရိုက်လေ့ရှိကြသည်။ ထို့ကြောင့် ကိုမျိုးမင်းရော ကျွန်တော်ပါ အခန်းစဉ်များကို ပြန်ဖတ်ပြီး 'မကြည်ပြာနှင့် ရေခဲမုန့်' အခန်းကို ရိုက်ကူးရန် ဆုံးဖြတ်ကြသည်။

ရိုက်ကူးရေး စတင်မည့်အခန်းက မကြည်ပြာ ရေခဲမုန့်စားရန် ပြောဖို့အခန်း။ ထိုနေရာကို ကျွန်တော့်ဝတ္ထုထဲတွင် ကန်တော်ကြီးဟု ရေးထားသော်လည်း ယခု ကန်တော်ကြီးတွင် ရေခဲမုန့်ရောင်းသော စား/ဖျော်ဆိုင်က မရှိတော့။ ထို့ကြောင့် Location ကို ကန်တော်ကြီးအစား 'မြကျွန်းသာ'သို့ ပြောင်းလိုက်ရသည်။

ကားစတင်ရိုက်ကူးမည့်နေ့ရောက်တော့ ကျွန်တော် ရင်ခုန်သံတစ်မျိုးနှင့် မြကျွန်းသာသို့ ရောက်သွားသည်။ ရင်ခုန်သံတစ်မျိုး ဆိုတာက ကျွန်တော့်ဝတ္ထု/ဇာတ်ညွှန်းကို ပထမဆုံး စတင်ရိုက်ကူးသည့် ရုပ်ရှင်(ဖလင်)ကား ဖြစ်သောကြောင့်လည်း ပါသည်။ ကျွန်တော့်ဘဝ ဖြတ်သန်းမှု တစ်စိတ်တစ်ဒေသကို ရေးထားသည့် ကျွန်တော့်အောင်မြင်မှု ရရှိခဲ့သောဝတ္ထုကို ရိုက်မည့်အတွက်လည်း ပါသည်။ ထို့နောက် ကျွန်တော့်မှာ ပြောမရသေးသော ရင်ခုန်သံတစ်ခုလည်း ရှိသေး၏။ ထိုရင်ခုန်သံကတော့ လွမ်းသလိုလို ရင်ထဲ နွမ်းသလိုလို ခံစားမှုပင်ဖြစ်သည်။

ရိုက်ကွင်းရောက်တော့ မြကျွန်းသာထဲက စားသောက်ဆိုင်တစ်ဆိုင်ထဲမှာ ရှုတင်ကို အခြေတည်ထားသည်။ ကျွန်တော် ရောက်သွားတော့ ကိုမျိုးမင်းရောက်နေပြီ၊ ကြည်ပြာလည်း ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တင်မရာမင်း အကယ်ဒမီ ဦးသန်းညွန့်နှင့် အသံအဖွဲ့၊ စက်အဖွဲ့လည်း ရောက်နေပြီဖြစ်သည်။ ကိုမျိုးမင်းက မကြည်ပြာကို ရဲဝင်း၏ လွဲပုံများကို ပြောပြနေသည်။ မကြည်ပြာက တခွီးခွီးရယ်သည်။ ပြီးတော့... ကျွန်တော့်ကို ရယ်ကာမောကာ မေးသည်။

"ရှင်လွဲတာတွေက တော်တော်ဖြစ်နိုင်ခဲတာတွေပဲ၊ အင်း... ဒါပေမဲ့ ဖြစ်တော့ ဖြစ်တတ်ပါတယ်၊ ရပါတယ်"

"သူက လွဲတာတွေကို လွဲကြောင်းရေးမှ တည့်သွားတာ မခိုင်ရဲ့ ကျွန်တော်တို့ကလည်း လွဲတဲ့အကြောင်းတွေကို မလွဲအောင် ရိုက်ရမှာ ဟုတ်တယ် မဟုတ်လား"

ကိုမျိုးမင်းက ကျွန်တော့်ကို လှမ်းမေးသည်။ ကျွန်တော် ဝင်ထိုင်ရင်း စကားပြောရသည်။

"ကားရိုက်ရင်တော့ မလွဲတော့ပါဘူးနော်"

"အင်...ဒါတော့ ကျွန်တော်လည်း အသေအချာမပြောနိုင်ဘူး။ မကြည်ပြာဆို ဖြစ်တတ်တယ်ဗျ"

ကျွန်တော်တို့အားလုံး ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။

"ရဲဝင်း မရောက်သေးဘူးလား"

"အေးဗျ...ဒီကောင် အခုထိ မရောက်သေးဘူး၊ ဒီကောင် ဒီလောက်အထိ နောက်မကျတတ်ပါဘူး၊ ဘာများ လွဲနေပြီလဲ မသိဘူး"

ကိုမျိုးမင်းက နာရီကို ငုံ့ကြည့်ကာ ပြောသည်။ ကျွန်တော် ကြည့်တော့ နာရီက (၁၀း၁၅)ခန့် ရှိနေပြီ။ ကားစရိုက်သည့်နေ့မျိုးမှာ mood သာ မဝင်လျှင် ရှိရမည်၊ အလုပ်တစ်ခုကို စတင်သည့်နေ့မှာ တက်တက်ကြွကြွတော့ ရှိတတ်ကြပါသည်။

"ဘာလဲ...ရဲဝင်းဆိုတာ မောင်မိုးကို ပြောတာလား ကိုရဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင်က အခုကတည်းက မောင်မိုးကို ရဲဝင်းအဖြစ် မြင်နေပြီလား''

''ဟုတ်တယ်လေ အစ်မရဲ့၊ ကျွန်တော်က နီကိုရဲ အနေနဲ့ သူ့ကို ရဲဝင်းလိုမြင်ထားမှ ဒီမနက် သူ ရဲဝင်းဖြစ်သွားပြီ။ အဲဒါကြောင့် ကိုမျိုးမင်းပြောသလို ဘာလွဲနေပြီလဲ မသိဘူး''

ကိုမျိုးမင်း ထထွက်ကာ ရဲဝင်းနှင့် ကြည်ပြာထိုင်ရန် ခုံနှင့် Location ကြည့် ထွက်သွား၏။ ကျွန်တော် နန်းကြီးသုတ်စားကာ စကားပြောရင်း ကျန်ခဲ့သည်။ (၁၁)နာရီထိုးခါနီးမှ ရဲဝင်း ရောက်ကာ လာသည်။

ကန်တော့ပွဲပေးသည့်နေ့ကမှ စတင်စီးသော Mark II ကား အဖြူကလေးနှင့်တော့ မဟုတ်။ Toyota ကား အဟောင်းကလေးနှင့် ဖြစ်သည်။ တော်တော်မွဲသည့် ရဲဝင်း၊ စီးကရက်တောင် မှန်မှန်မသောက်နိုင်ခဲ့သည့် ရဲဝင်း၊ ချစ်သူကို ထမင်းပေါင်းကျွေးဖို့ လေးလေးကြီး စဉ်းစားခဲ့ရသည့် ရဲဝင်းနေရာမှာ သရုပ်ဆောင်ရမှာဖြစ်သည့်အတွက် mood သွင်းကာ ကားအဟောင်းကလေးနှင့် လာသလားဟု ကျွန်တော် ဖျပ်ခနဲ တွေးမိ၏။

''ဘယ်လိုလဲဗျ၊ ကိုရဲဝင်း mood တွေ အပြတ်သွင်းနေတာလား၊ တိုယိုတာကလေးနဲ့ ဟုတ်လား''

''ဟား...တော်ပါတော့ကွာ၊ မင်း လွဲမယ့်ကား ရိုက်ဖို့ ငါကိုယ်တိုင် လွဲလာတာကွ၊ အခု ကားတိုက်လာလို့ အိမ်ပြန်ပြီး ကားလဲတာနဲ့ ကြာနေတာ၊ ဝယ်တာမှ သုံးရက်လား ရှိသေးတာကွာ...''

ကျွန်တော် နည်းနည်းလန့်ကာသွား၏။ ကိုမျိုးမင်းပါ ရောက်လာတော့ ဝိုင်းမေးကြရသည်။ သူ Over take လုပ်ရင်း ရှေ့ကားကို ကျော်ရာ မလွတ်သဖြင့် ဓါတ်တိုင်နှင့် ဝင်တိုက်မိကြောင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားခေါင်း ကြေသွား၏။ လူတော့ ဘာမှမဖြစ်၊ လက်နည်းနည်းနာသွားသည်။

ကြည်ပြာရယ်...သူက ရဲဝင်းအစစ် မဟုတ်ပါဘူးဟာ၊ ငါ့နေရာမှာ ခဏကလေးဝင်ရတဲ့ ရဲဝင်းအတုပါ...ဟု ကျွန်တော် စိတ်ထဲက ပြောမိသည်။

"ဟော့လူ...မကြည်ပြာကတော့ စပြီ ထင်တယ်ဗျ"

ကိုမျိုးမင်းက လှမ်းကြည့်ကာ ရယ်ရင်းမောရင်း ပြောသည်။ ကျွန်တော် ဘာမှ ပြန်မပြောမိ။ သူတို့ ကားရိုက်တုန်း ပြင်ဆင်ကြသည်။ ကိုမျိုးမင်းက ကျွန်တော် ရေးပေးထားသော ဇာတ်ညွှန်းတွေကို ကာတွန်းစောမင်းဝေ ကန်တော့ပွဲဖိတ်စာအတွက် ဆွဲပေးသော ပုံကလေးတွေကို Photo ဆွဲကာ သပ်သပ်ရပ်ရပ်ချုပ်ကာ ထားသည်ကို တွေ့ရသည်။

ထိုသို့ပြင်ဆင်နေတုန်း တစ်မနက်ခင်းလုံးသာနေသော နေရောင်က ဖျပ်ခနဲ ရပ်ကာသွား၏။ ကောင်းကင်မှာ ခဲသားရောင်တိမ်ထုကရောက်လာသည်။ ဦးသန်းညွှန့်က ဒီ Lighting နှင့်ဆို မရ ဆိုသဖြင့် ကျွန်တော်တို့ နေအပွင့်ကို ပြန်စောင့်ရပြန်သည်။ အခက်အခဲက ဘာမှ မထူးဆန်း၊ ဖြစ်နေကျဆိုသော်လည်း ကျွန်တော် နည်းနည်းလန့်သည်။

ကျွန်တော် စိတ်ထဲတွင် ကြည်ပြာကို တောင်းပန်နေမိ၏။ လွဲချင်ရင် ငါ့ကိုပဲ လွဲပါဟာ...၊ အလုပ်လုပ်နေတဲ့လူတွေကိုတော့ အနှောင့်အယှက်မပေးပါနဲ့ဟု ဖြစ်သည်။ နေရောင်ပြန်မထွက်သေးသော်လည်း ရဲဝင်းက ရွှင်ရွှင်လန်းလန်း ပြန်ဖြစ်လာ၏။ ကားတိုက်သည့်ကိစ္စကို မေ့လျော့သွားဟန် တူသည်။ ဖြစ်ပြီးသည့်ကိစ္စ အဆင်မပြေမှုတစ်ခုကို မြန်မြန်မေ့သည့်နေရာတွင် ရဲဝင်းနှင့် လွင်မိုးသည် တော်တော်တူသည်ဟု ကျွန်တော်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြ၊ ရယ်ကြမောကြရင်း ခဏကြာတော့ ကျွန်တော် အိမ်သာ ခဏတက်သည်။ အိမ်သာတက်ရင်း ကျွန်တော် ဇာတ်ကား အကြောင်း စဉ်းစားနေမိသည်။ မကြည်ပြာနှင့် Hotel ကို ထည့်လျှင် ကောင်းမလားဆိုသည့် ကိစ္စဖြစ်သည်။ သို့သော် အခန်းစဉ်က အခုပင် (၅၂) ဖြစ်နေပြီ။ ကားပြချိန် နှစ်နာရီကျော် ဖလင်ပေတစ်သောင်းခွဲ လောဘကြီးကာ ထပ်ထည့်နေလျှင် ပေရှည်သွားတော့မည်။ ရုံနှင့် ပြရခြင်း ဖြစ်သဖြင့် ရုံပြချိန် တစ်နေ့လေးပွဲဖြစ်အောင် ပုံမှန်အချိန်ပင် သင့်တော်သည်ဟု ဆုံးဖြတ်ကာ အတွေးကို ရပ်ပစ်လိုက်ရသည်။

ကျွန်တော် မတ်တပ်ထရပ် ဘောင်းဘီဇစ်တပ်၊ ခါးပတ်ပတ်ရသည်။ အိမ်သာက နည်းနည်းသန့်ရှင်းမှုမရှိ၊ ရေစပ်စပ်နှင့် ချောကာ နေသည်ကို ဝင်ကတည်းက သတိပြုမိသဖြင့် ကျွန်တော် သတိနှင့် လှမ်းကာ ထွက်ရသည်။ ကျွန်တော့်ခြေထောက် စစလှမ်းလျှင်လှမ်းခြင်း ဘိုင်းခနဲ မှောက်လျက်လဲကျသည်။

ဘာဖြစ်သွားသည်ကို ကျွန်တော် ရုတ်တရက် သတိမရ၊ နာကျင်မှု၊ ပါးစပ်ထဲဝင်နေသောရေ ကျွန်တော် လူးလဲကာ ထရင်း ပါးစပ်ထဲဝင်သွားသော ရေတွေကို ထွေးထုတ်ရသည်။ သို့သော် ထ၍မရ၊ ခြေထောက်ကို တစ်ခုခုနှင့် တုတ်ထားသလို ဖြစ်နေသည်။ အိမ်သာ သံမံတလင်းကြမ်းပြင်မှာရှိနေသော ရေစပ်စပ်က ကျွန်တော့်အကျႌ၊ ဘောင်းဘီနှင့် ပါးစပ်ထဲပင် ဝင်သည်။ ကမန်းကတန်း လှုပ်၍မရသော ခြေထောက်ကို လှမ်းကြည့်တော့မှ တရားခံကို တွေ့၏။

အရပ် ငါးပေရှိသော ကျွန်တော်ဝတ်သည့် Giordano ဘောင်းဘီအဟောင်းက အနည်းအငယ် ကျွန်တော်နှင့်ရှည်ကာ နေခဲ့သည်။ ခြေဖမိုးကို ဖုံးရုံလောက်သာဖြစ်သဖြင့် ကျွန်တော်လည်း မဖြတ်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ကျွန်တော်က Shoe ဖိနပ်ထက် Slipper ဖိနပ်အပါးသာ စီးလေ့ရှိသဖြင့် ထိုရှည်နေသောဘောင်းဘီအောက်အနားကလမ်းလျှောက်သည့်အခါ ဖိနောင့်အောက် ရောက်ကာ စုတ်ပြဲနေသည်။ ဘောင်းဘီအနားသတ်လုံးထားသော နေရာနှင့် အထက်ပိတ်စကြား အပေါက်ဖြစ်နေခြင်းသာ ဖြစ်သည်။

အိမ်သာအနောက်နံရံတွင် ငါးမူးလုံး သံရေပိုက် ပြုတ်မထွက်စေရန် ထိန်းသိမ်းထားသော သံကုတ်အပြုတ်ထဲသို့ ထိုဘောင်းဘီအောက်အနားစက ဘယ်လိုကြောင့်မသိ ဝင်နေကာ ကျွန်တော် လှမ်းထွက်လိုက်တော့ ကျွန်တော့်ကို ကြိုးဖြင့် တုတ်ဆွဲပစ်လိုက်သလို မှောက်လျက်လဲစေခြင်းပင်ဖြစ်သည်။ ကျွန်တော် အသက်(၃၄)နှစ်ရောက်မှ လူကြီးဖြစ်မှကလေးတစ်ယောက်လို မှောက်လျက်လဲဖူးခြင်းလည်း ဖြစ်သည်။

ကျွန်တော် နာသည်၊ ဒေါသထွက်သည်၊ ပြီးတော့…ရှက်သည်၊ ရယ်လည်း ရယ်ချင်နေသည်။ ကျွန်တော့်မျက်နှာရော၊ အင်္ကျီဘောင်းဘီရော အိမ်သာထဲမှာ ရေတွေစိုကုန်ပြီဖြစ်၏။ ကျွန်တော် အိမ်သာထဲက ထွက်လာတော့ အင်္ကျီကို ချွတ်ပစ်ကာ ရှေ့သို့ ထွက်ရသည်။

ရဲဝင်း မရှိ။ မကြည်ပြာနှင့် ကိုမျိုးမင်း စကားပြောနေသည်။

"ကိုမျိုးမင်းရေ…သွားပြီဗျ၊ ကျွန်တော်လည်း ခံရပြီ"

ကိုယ်တုံးလုံးနှင့် ဘောင်းဘီမှာ ရေတွေရွှဲစိုနေသော ကျွန်တော့်ကို ကြည့်ကာ ကိုမျိုးမင်းရော မကြည်ပြာပါ အံ့သြသွားကြ၏။

"ဘာဖြစ်တာလဲ ကိုရဲ၊ ဘယ်လိုဖြစ်တာလဲ"

"အိမ်သာထဲမှာ မှောက်လျက် လဲလာတာ"

ကျွန်တော်နှင့်အတူ လိုက်လာသော ကျွန်တော့်ညီကို အင်္ကျီပေးကာ ရေဆေးပြီး လျှော်ရန် ပြောရသည်။ ကိုမျိုးမင်းတို့ ရယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘောင်းဘီကတော့ ချွတ်၍မရသေး။ သူတို့ကို ဘယ်လိုလဲသလဲ ရှင်းပြရသည်။

"ရဲဝင်းရော…"

"ကျွန်တော်ရွေးထားတဲ့ Location သွားကြည့်တယ်။ ဘာဖြစ်လို့လဲ ကိုရဲ"

"ဟာ…ဘာဖြစ်ရမှာလဲ အစ်ကိုကြီးရာ၊ ဘောင်းဘီပါ အိမ်သာထဲကရေတွေ စိုကုန်တာ၊ သူ့ဆီမှာ လုံချည်တော့ အပိုပါမှာပေါ့၊ လဲထားမှ ကောင်းမှာလေ"

ခဏကြာမှ ရဲဝင်း ပြန်ရောက်လာသည်။ ကျွန်တော့်အကြောင်းကို ကြားတော့ မျက်လုံးပြူးကာ သွား၏။

"မင်းကားရိုက်ရမှာ လန့်တောင် လန့်လာပြီ၊ ဘာလဲ တတိယနက္ကတစ်ရအောင် လုပ်နေတာလား၊ တော်ပါတော့ကွာ…ဒီအရွယ်နဲ့များ အိမ်သာထဲ လဲရတယ်လို့ကွာ…"

ရဲဝင်းကို ဘောင်းဘီပြကာ ဘယ်လိုလဲလာသလဲဆိုတာ ရှင်းပြရ၏။ လုံချည်တစ်ထည် ငှားရသည်။ အင်္ကျီတောင်းဖို့ မေ့နေသည်။ ရေသွားပြေးချိုးဖို့ ကြိုးစားရသည်။

"ရှင်းပြမနေပါနဲ့ကွာ…မင်းက စနစ်တကျလွဲတတ်တဲ့ကောင်ပါ၊ ငါ သိပါတယ်"

သူ လုံချည်တစ်ထည်ကို ယူခိုင်းသည်။ နေရောင်က မထွက်သေး။ တော်ပါတော့ ကြည့်ပြာရယ်ဟု ကျွန်တော် စိတ်ထဲက နာကြည်းစွာဆိုသည်။ ရေချိုးပြီး လုံချည်လဲရင်း ကြည့်တော့မှ ဦးခေါင်း (ညာဘက်) နီရဲကာ အဖုကြီး ဖြစ်နေ၏။ သွေးပူစမို့ နာတာနည်းနည်းသာရှိသည်။ ကိုမျိုးမင်းနှင့် ရဲဝင်း နေရာရွေးကြရန် တစ်ခေါက်ထပ်ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြည်ပြာကတော့ ကျွန်တော့်ကို ကြည့်ကာ တခွိုးခွိုးရယ်သည်။

"ဖြစ်မှ ဖြစ်ရလေ ကိုရဲရယ်...၊ ရှင်ကလည်းလေ သိလား အံ့သြပါရဲ့"

"ကျွန်တော်လည်း အံ့သြတယ် အစ်မရာ...၊ တစ်ခုတော့ တစ်ခုခုပဲဗျ"

ကျွန်တော် ထို့ထက် ဘာမှ ပိုမပြောနိုင်။ အင်္ကျီချွတ်ဖြင့် စီးကရက်တစ်လိပ်ထုတ်သောက်ကာ စဉ်းစားနေမိသည်။ စီးကရက်ကိုင်ထားသော ကျွန်တော့်လက်တွေ တုန်ကာနေသည်။ စက်တင်ဘာလ၏ မိုးတိမ်က ကောင်းကင်မှာ မရွေ့သေး။ ဒီပုံစံသာ တစ်နေ့လုံးဆိုလျှင်တော့ ကားရိုက်ပျက်တော့မည်။

ထိုစဉ် ညှော်သည်သရုပ်ဆောင်အဖြစ် ရေခဲမုန့်တန်းစီသည့် အခန်းတွင် ပါဝင်သရုပ်ဆောင်ပေးမည့် ခိုင်သင်းကြည် ရောက်လာသည်။ ကျွန်တော့်ရှေ့တွင် ဝင်၍ ထိုင်သည်။ ကိုမျိုးမင်းတို့ ဘယ်သွားသလဲ မေးသည်။ ကျွန်တော်နှင့် စကားပြော၏။ ကိုမျိုးမင်းနှင့် ရဲဝင်း ပြန်လာတော့ ကျွန်တော် မနေနိုင်တော့။ Aircon အခန်းဖြစ်သဖြင့် တော်တော် အေးလာသည်။

"ကျွန်တော့်ကို အင်္ကျီတစ်ထည်ပါ ငှားပါလားဗျာ၊ ကျွန်တော့် အင်္ကျီက လျှော်လို့လည်း မရဘူး၊ ဆပ်ပြာမရှိလို့တဲ့"

"ဟာ...အေး ငါလည်း မေ့သွားတယ်ကွ၊ အင်္ကျီတစ်ထည် ယူပေးပါဦး"

"အမယ်လေး...ရှင်က ကိုယ်တုံးလုံးကြီးပါလား"

ဒီတော့မှ ရှေ့မှာထိုင်နေသော ခိုင်သင်းကြည်က အော်သည်။ ကျွန်တော်နှင့် ထိုင်စကားပြောနေတာပဲ ကြာပြီ၊ အခုမှ [illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com


ခိုင်းသင်းကြည်ကလည်း ပြောစမတ်တွင်အောင် အတော်လုပ်သည်။ ဘာဖြစ်သလဲမေးသဖြင့် အိမ်သာထဲလဲကြောင်း တတိယအကြိမ် ဖြေရပြန်သည်။

အင်္ကျီရောက်လာလို့ ယူဝတ်တော့ လူတွေက ရယ်ကြပြန်သည်။

ကျွန်တော့်ခန္ဓာကိုယ်နှင့် မောင်မိုးအင်္ကျီက မြင်၍မကောင်း။ ဒူးခေါင်းအထိ အင်္ကျီက ရောက်ကာနေ၏။ ဇာတ်ထဲက ဝန်ကြီးအင်္ကျီကို ကလေးတစ်ယောက်ဝတ်ထားသလို ဖြစ်နေသည်။ ဒါမျိုးဆိုလျှင် သိမြင်သော ကျွန်ုပ်တို့ မင်းသားက ကျွန်တော့်ကို ရယ်ကာပြောသည်။

"အဲဒါ မင်း အစောကြီးကတည်းက အင်္ကျီပဲတောင်း ပြီးရော...၊ အင်္ကျီဝတ်လိုက်ရင် လုံချည်မှ မလိုတော့တာ"

အားလုံးရယ်ကြပြန်သည်။

မကြည်ပြာက သူ့ကားစရိုက်မည့်နေ့မှာ အရင်ကလိုပဲ ကျွန်တော့်ကို လူတွေ အရယ်ခံရအောင် လုလုပပ လိုလိုချင်ချင်လုပ်သွားပုံ ရသည်။ ခုနက တွေးမိသော လွဲရင် ငါ့ကိုပဲလွဲပါဆိုသော စိတ်ကူးကို ပြန်သတိရကာ လန့်သွားမိသည်။ တော်ပြီ ငါ့ကိုလည်း မလွဲနဲ့တော့ဟု စိတ်ထဲက ပြောရ၏။

နေ့လည် ထမင်းစားချိန် (၁၂)နာရီခန့်မှ နေရောင်က ပွင့်လာသည်။

ထမင်းစားပြီးတော့ ရွေးချယ်ထားသော နေရာမှာ စတင်ရိုက်ကြသည်။ ရိုက်ကွင်းပေါ်မှာ ကျွန်တော့်ပုံစံက ကြည့်မကောင်း။ လုံချည်ထဲ ဘယ်လောက် ထည့်ဝတ်ထားထား မောင်မိုး၏ ရှပ်အင်္ကျီလက်တိုသည် ကျွန်တော့်တံတောင်ဆစ်အောက် လက်တစ်ဝါးစာလောက် ရောက်နေ၏။ မတတ်နိုင်တော့၊ အင်္ကျီနှင့်ပင် ရိုက်ကွင်းပေါ်မှာ နေရသည်။


www.burmeseclassic.com

www.burmeseclassic.com



ပထမအခန်းတိုကလေးကတော့ တစ်နာရီခွဲလောက်မှာ အဆင်ပြေပြေ ပြီးသွားသည်။

သူတို့ ကားရိုက်သည့်အခါ ရဲဝင်း…ရဲဝင်းဟု ခေါ်သံကို ကြားရတော့ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီး။ ကျောင်းသားဘဝကို ပြန်လွမ်းကာ အတိတ်၏ ငြို့ထောက်က အသည်းကို လာကာ ထောက်သည်။ ရင်ထဲမှာ ညို့မှိုင်းမှိုင်း၊ ဆိုင်းပြုပြု။

ရေခဲမုန့်တန်းစီသည့်နေရာကို ရိုက်ရန် စက်များရွှေ့၊ လူတွေပြန်လာ။ ရေခဲမုန့်စက်ကို ရွှေ့၊ ပြင်ဆင်ပြီးတော့ မိုးသားတွေ ရုတ်တရက် ညို့ကာ လာ၏။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ကာသွားသည်။ မိုးလေအေးက ခပ်ကြမ်းကြမ်းတိုက်ခတ်လာသည်။ ကောင်းကင်ကို မော့ကာကြည့်တော့ တပြင်လုံး မိုးသားတွေ ဘယ်ကရောက်လာသည် မသိ။ သွားပြီ…။

ကိုမျိုးမင်းလည်း စိတ်ညစ်ကာ သွားပုံရသည်။

စရိုက်သည့်နေ့ တစ်ခန်းပင် မပြီး။ အခန်းတိုကလေးတစ်ခန်းသာ ရသည်ဆိုတော့ မဟုတ်သေး။ Producer လည်း ကောင်းကင်ကို မော့ကာကြည့်သည်။ မိုးလေအေးကြောင့် အားလုံး ချမ်းစိမ့်စိမ့်ပင် ဖြစ်လာ၏။ ခဏစောင့်မလားဟူသော အသံထွက်လာပြီး ဒီမိုးက ရွာရင် မတိတ်နိုင်တော့ဘူးဆိုသော အသံကို ကြားရသည်။ ကိုမျိုးမင်း ဆုံးဖြတ်ချက်ချကာ ရှုတင်ကို ရပ်လိုက်ရသည်။ ရေခဲမုန့်စက်ကို နေရာပြန်ရွှေ့၊ နောက်နေ့ရိုက်မည့်အခန်း၊ နေရာတို့ချိန်းပြီး ကြည်ပြာ ပြန်ကာသွားသည်။ ခိုင်သင်းကြည်လည်း မရိုက်လိုက်ရ ပြန်ကာသွားသည်။

စိတ်ညစ်စရာကို ခဏထားကာ ကျွန်တော်တို့ ကားရိုက်ဖို့အတွက် ဆွေးနွေးရသည်။ ငါးမိနစ်ခန့်သာကြာသည် မှောင်မည်းနေသော ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တင်က ပြန်လည်ကြည်လင်ကာလာသည်။ ထွန်းအိန္ဒြာဗိုရော ခိုင်သင်း ကြည်ပါ ပြန်သွားပြီဖြစ်သောကြောင့် မောင်မိုးတစ်ယောက်တည်းနှင့် ဘယ်လိုမှ ကားရိုက်၍ မရတော့။

ကောင်းကင်က ကြည်တာမှ အိနေအောင် ကြည်လင်သွားခြင်း ဖြစ်သည်။ နေရောင်က ဝင်းကာနေသည်။ မိုးလေအေးလည်း ဘယ် ရောက်သွားမှန်း မသိတော့။ Producer က မချင့်မရဲပြောသည်။

"ကျွန်တော် ပြောသားပဲ၊ ခဏစောင့်ရင် OK ပဲ၊ အခု ကြည့် စမ်း"

"မရဘူး ကိုညီ၊ ကျွန်တော် သိတယ်၊ ဘယ်သူမှ ပြန်မလွှတ်ဘဲ ဆက်စောင့်ရင် မိုးကျိန်းသေရွာမှာ"

"အေးလေ...ဟုတ်ပါတယ်၊ ခုနက မိုးက မိုးစက်တောင် တစ်စက်နှစ်စက် ကျလာပြီးမှဗျ၊ ရွာပြီကိုး ထင်တာ"

ကျွန်တော် သိပါသည်ဆိုတာ ကျွန်တော် သိပါသည်ပဲ ဖြစ် သည်။ ဒီလောက်တော့ ရှိကို ရှိရမည်။

နောက်တစ်နေ့ မြကျွန်းသာမှာပဲ ရိုက်ကြသည်။ ဒီတစ်ကြိမ် တော့ ဘာမှ လွဲမှားခြင်းမရှိဘဲ ချောချောမွေ့မွေ့ပင် ပြီးသွားသည်။ ကြည်ပြာ ကျေနပ်သွားဟန် တူပါသည်။ နောက်နေ့ရက်တွေလည်း ထုံးစံအတိုင်း စက်တင်ဘာလ ကားကြီးရိုက်ရတာဖြစ်သဖြင့် နေရောင်ကို တစ်ခါတစ်ခါ သည်းခံကာ စောင့်ရသော အခက်အခဲလောက်သာရှိသည်။ ဘာမှ အနှောင့်အယှက် မရှိတော့။

ကျွန်တော် ရဲဝင်းအတုထံမှ ငှားဝတ်ခဲ့သော အင်္ကျီကို ပြန်မပေး တော့ အမှတ်တရ သိမ်းကာ ထားပါသည်။

တိုက်ဆိုင်မှုလား၊ စိတ်အစွဲကြောင့်လား၊ တစ်စုံတစ်ရာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လားတော့ မသိနိုင်သော 'ကြည်ပြာရောင် နက္ခတ်များ'၏ တာဝေ ဦးဆုံးနေ့ကို ကျွန်တော် တအံ့တသြနှင့် ဖြတ်သန်းခဲ့ရသည်။

တစ်ခုတော့ ကျွန်တော့်အတွက် အမြတ်ရပါသည်။ မကြည်ပြာနှင့် ပတ်သက်လျှင် ကျွန်တော် လွဲခဲ့ခြင်းများကို ဇာတ်တစ်ပုဒ်အဖြစ် ရေးသည်ဟု မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေကြသော ကျွန်တော့် မိတ်ဆွေတော်တော်များများ 'ကြည်ပြာရောင် နက္ခတ်များ' ရိုက်ကူးရင်း သူတို့ကိုယ်တွေ့ လွဲမှားမှုကို ရိုက်ကွင်းပေါ်မှာ ကြုံလိုက်ရသဖြင့် ကျေကျေနပ်နပ်ကြီး ယုံသွားကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော် အမှတ်တရအဖြစ် ရေးပါသည်။

ဤသို့ ချစ်ရပါသော...

မကြည်ပြာ။





www.burmeseclassic.com

www.burmeseclassic.com



ဝင်လယ်ကြီးကို ကျေးဇူးတင်ရသော
မြွေတစ်ကောင်၏ ရင်ခုန်သံများ

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကြီးကို ကျေးဇူးတင်ရသော
မြွေတစ်ကောင်ရဲ့ ရင်ခုန်သံများ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရေးခဲ့ပြီးသည့်အတိုင်း ချောင်းသာခရီးသည် ကျွန်တော်တို့အတွက် အမှတ်တရများကို အမြဲပေးတတ်ပါသည်။ ကျွန်တော် အခုရေးသည့်အကြောင်းက ချောင်းသာကို ကျွန်တော် ပဌမအကြိမ်ရောက်စဉ်က ဖြစ်ခဲ့ခြင်းသာဖြစ်သည်။ အမှတ်တရဟုဆိုသော်လည်း ရှေ့တွင် ကျွန်တော် ရေးခဲ့ဖူးသော အဖြစ်အပျက်များကို ပျော်စရာ ပြုံးစရာအဖြစ်အပျက်မျိုးတော့ မဟုတ်။ တော်တော်နားမလည်နိုင်စရာ၊ ရင်ခုန်စရာ၊ တုန်လှုပ်စရာကောင်းသော အဖြစ်အပျက်သာဖြစ်ပါသည်။

ချောင်းသာဆိုသဖြင့် ထုံးစံအတိုင်း အားလုံး တက်ကြွလျက်၊ ပျော်ရွှင်လျက်၊ မြူးကြွလျက် ခရီးထွက်ကြသည်။ ရိုက်မည့်ကားက နှစ်ကားဖြစ်သဖြင့် ချောင်းသာမှာ တစ်ဝကြီးနေကြရမည့် ခရီးသည်း ဖြစ်သည်။ ကျွန်တော်ကလည်း တတိယအခေါက်ဖြစ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွေ စီစဉ်ကြရသည်။

ကျွန်တော်၊ ကိုမျိုးမင်းနှင့် အရိုင်း၊ ကင်း၊ ငှက်၊ ကိုကြွ ကိုကုသိုလ်တို့က ချောင်းသာ၏ ဘယ်ဘက်အစွန်ဆုံး ကိုးလုံးတွဲ သစ်သားခန်းတွင် တည်းကြသည်။ မောင်မိုးက ချောင်းသာ Hotel Reception ၏ ဘယ်ဘက်နှစ်ခန်းတွဲ အဆောင်မှာ တည်းကြသည်။ ညကျတော့ မောင်မိုး သူ့ Parado ကားကို သောင်ပြင်မှ မောင်းကာ ကျွန်တော်တို့ထံ ရောက်လာသည်။ နောက်နေ့ရိုက်မည့်အခန်းတွေ စီစဉ်ကြ၊ ရေးကြ၊ ပြောကြနှင့် ည(၉)နာရီလောက်မှ တစ်နေ့လုံး ပင်ပန်းလာသမျှ အနားယူကာ အိပ်ကြရသည်။ ကျွန်တော်ကတော့ ရေးပြီးမှ ရိုက်ရမှာမို့ ည(၂)နာရီအထိ စာရေးရသည်။

မနက် ကျွန်တော် အိပ်ရာက နိုးတော့ အေးစက်နေသော လက်ဖက်ရည်ထုပ်ကိုသာ တွေ့ရ၏။ ရှုတင်အဖွဲ့ မရှိတော့ ကားရိုက်ထွက်ကြပြီ။ ကျွန်တော် ရေချိုး၊ လက်ဖက်ရည်သောက်၊ ရိုက်ကွင်းက ချောင်းသာ Hotel ရှေ့မှာမို့ လမ်းလျှောက်ကာ ခဏသွားကြည့်ကာ ထမင်းစားပြန်လာ။ တစ်ရေးအိပ်ကာ စာဆက်ရေးရ၏။ ညနေကျတော့ ရေဆင်းစိမ်ကြသည်။

ထိုနေ့ညမှာ မိုးက သဲကြီးမဲကြီး ရွာလေသည်။

ရွာသည်မှ ချောင်းသာသောင်ပြင်တစ်လျှောက်လုံး ရေတွေဖွေးကာ ကျွန်တော်တို့ ကိုးခန်းတွဲ၏ ရှေ့ဝရံတာသို့ပင် ရေရောက်သည်။ တမ်းစပ်နှင့် ကျွန်တော်တို့အခန်းမှာ ကိုက်သုံးရာခန့် ဝေးသော်လည်း ဝင်လယ်သည် ကျွန်တော်တို့နှင့် တစ်ဆက်တည်းဖြစ်ကာ သွားသည်။ မိုးကြီးလွန်းသဖြင့် ကျွန်တော် အိပ်၍မရ။ ပြတင်းက ငုတ်တုတ်ထိုင်ကြည့်တော့ မည်းမှောင်နေသည့် ပင်လယ်ပြင်သို့ မိုးကြိုးပစ်၍ လျှပ်စီး

www.burmeseclassic.com



အခန်းတွေ စီစဥ်ကြရသည်။

ကျွန်တော်၊ ကိုမျိုးမင်းနှင့် အရှိုင်း၊ ကင်း၊ ငှက်၊ ကိုကြူ ကိုကုသိုလ်တို့က ချောင်းသာ၏ ဘယ်ဘက်အစွန်ဆုံး ကိုးလုံးတွဲ သစ်သားခန်းတွင် တည်းကြသည်။ မောင်မိုးက ချောင်းသာ Hotel Reception ၏ ဘယ်ဘက်နှစ်ခန်းတွဲ အဆောင်မှာ တည်းကြသည်။ ညကျတော့ မောင်မိုး သူ့ Parado ကားကို သောင်ပြင်မှ မောင်းကာ ကျွန်တော်တို့ထံ ရောက်လာသည်။ နောက်နေ့ရိုက်မည့်အခန်းတွေ စီစဥ်ကြ၊ ရေးကြ၊ ပြောကြနှင့် ည(၉)နာရီလောက်မှ တစ်နေ့လုံး ပင်ပန်းလာသမျှ အနားယူကာ အိပ်ကြရသည်။ ကျွန်တော်ကတော့ ရေးပြီးမှ ရိုက်ရမှာမို့ ည(၂)နာရီအထိ စာရေးရသည်။

မနက် ကျွန်တော် အိပ်ရာက နိုးတော့ အေးစက်နေသော လက်ဖက်ရည်ထုပ်ကိုသာ တွေ့ရ၏။ ရှုတင်အဖွဲ့ မရှိတော့ ကားရိုက်ထွက်ကြပြီ။ ကျွန်တော် ရေချိုး၊ လက်ဖက်ရည်သောက်၊ ရိုက်ကွင်းက ချောင်းသာ Hotel ရှေ့မှာမို့ လမ်းလျှောက်ကာ ခဏသွားကြည့်ကာ ထမင်းစားပြန်လာ။ တစ်ရေးအိပ်ကာ စာဆက်ရေးရ၏။ ညနေကျတော့ ရေဆင်းစိမ်ကြသည်။

ထိုနေ့ညမှာ မိုးက သဲကြီးမဲကြီး ရွာလေသည်။

ရွာသည်မှ ချောင်းသာသောင်ပြင်တစ်လျှောက်လုံး ရေတွေဖွေးကာ ကျွန်တော်တို့ ကိုးခန်းတွဲ၏ ရှေ့ဝရံတာသို့ပင် ရေရောက်သည်။ ကမ်းစပ်နှင့် ကျွန်တော်တို့အခန်းမှာ ကိုက်သုံးရာခန့် ဝေးသော်လည်း ပင်လယ်သည် ကျွန်တော်တို့နှင့် တစ်ဆက်တည်းဖြစ်ကာ သွားသည်။ မိုးကြီးလွန်းသဖြင့် ကျွန်တော် အိပ်၍မရ။ ပြတင်းက ငုတ်တုတ်ထိုင်ကြည့်တော့ မည်းမှောင်နေသည့် ပင်လယ်ပြင်သို့ မိုးကြိုးပစ်၍ လျှပ်စီး

www.burmeseclassic.com



လာကြသည့်အခါ လျှပ်စီးကြောင်းအခက်များ ဖြာထွက်သွားပုံ၊ ပင်လယ်ပြင်သည် လင်းခနဲ နှစ်စက္ကန့်ခန့် မျက်စိရှေ့မှာ ပေါ်လာပုံတို့ကို ကြည့်ကောင်းကောင်းဖြင့် ငေးကြည့်နေမိသည်။ ထိုသို့ နှစ်စက္ကန့်ခန့် ပင်လယ်ကြီး လင်းသွားသည့်အခါ တစ်ခါတစ်ရံ ညလုံးပေါက် စာရေးရသည့်အခါ ပင်ပန်းလှချည်ရဲ့ဟု ထင်တတ် ညည်းတတ်သော ကျွန်တော် ထိုလှေကလေးပေါ်သို့ စိတ်ကို တင်ပေးနေမိသည်။ ဘယ်လိုနေမလဲ။

မနက် ကျွန်တော် အိပ်ရာမှနိုးသည့်အထိ မိုးက စွေနေတုန်း။ လေကတော့ ကမ်းစပ်ဖြစ်သဖြင့် တဟူးဟူး။ ထိုနေ့ရော နောက်တစ်နေ့ပါ ကားရိုက်ဖျက်ရ၏။ ကျွန်တော့်အတွက်တော့ အေးအေးဆေးဆေး စာရေးခွင့် ရသွားသည်။ ထို အနှောင့်အယှက်မှလွဲ၍ 'ပင်လယ်ကြီးကို ကျေးဇူးတင်'သည် ရှောရှောရှူရှူပင် ပြီးသွားပါသည်။

ထိုကားမပြီးခင် သုံးရက်အလိုတွင် ထိုကားကို ဇာတ်လမ်းရှာပေးသော ဇာတ်ညွှန်းဆရာ ကျွန်တော့်သူငယ်ချင်း ဇော်သက်ထွေးနှင့် ကျွန်တော့်မိတ်ဆွေ ဒီဇိုင်းဆရာ စိုးဝင်းငြိမ်း (SWN)တို့ ချောင်းသာသို့ လိုက်လာကြသည်။ ကျွန်တော် အခန်းပြောင်းကာ သူတို့နှင့် သွားနေသည်။ သောက်ကြ စားကြ၊ ပင်လယ်ကြီးကို ကြည့်ကာ ကျေးဇူးတင်ကြ ပျော်စရာကြီးပင်ဖြစ်သည်။

ဆရာစိုးဝင်းငြိမ်းက နှစ်ရက်နေကာ ပြန်သွားပြီး နောက်နေ့မှာပင် ဇော်သက်ထွေးကလည်း သူ့အမေ နေမကောင်းဖြစ်ကြောင်း Phone လာသဖြင့် ကျွန်တော်တစ်ယောက်တည်း ပျင်းကာ ကျန်ခဲ့သည်။ ကားရိုက်ရက် ခြောက်ရက်၊ နားရတာ နှစ်ရက်နှင့် ရှစ်ရက်ကြာပြီဖြစ်သဖြင့် ပင်လယ်ပြာ၊ ကမ်းစပ်၊ ရေလှိုင်း၊ ဂဏန်းချဉ်စပ်၊ ဘီယာနှင့် နေလုံးကြီးက နည်းနည်းငြီးငွေ့စရာကောင်းလာပြီး ညနေစောင်းလာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ရေဆင်းကူးချင်စိတ်ထက် ဖရေစာလမ်းက လူရှုပ်ရှုပ်ထဲ တိုးဝင်တာ ဟိုဆိုင်ငေး ဒီဆိုင်ငေး လမ်းလျှောက်ချင်စိတ်က ပေါ်လာသည်။ လေ တဟူးဟူးတိုက်နေသော သောင်စပ်မှာ လမ်းလျှောက်ရတာ ဖျင်းလာ သည်။ သို့သော် မတတ်နိုင်၊ နောက်တစ်ကား ကျန်သေးသည်။ အနည်း ဆုံး ရှစ်ရက်လောက်တော့ နေရဦးမည်ဖြစ်၏။

ပင်လယ်ကြီးကို ကျေးဇူးတင်ပြီးသည့်ညမှာ နန္ဒာလှိုင်နှင့် သူ့ညီမ နွေးနွေးလှိုင်တို့ ရောက်လာကြ၏။ မနက်မှာ မခိုင် (ထွန်းအိန္ဒြာဗို)က ပြန်မည်ဖြစ်သဖြင့် နှုတ်ဆက်သည်။

တည်းကြသည့် အခန်းချင်းက ကပ်လျက်မို့ ရိုက်ကွင်းမရှိသော ညများဆိုလျှင် ညဘက် ပင်လယ်လှိုင်းသံကို နားထောင်ကာ မခိုင်နှင့် ကျွန်တော် စကားပြောဖြစ်ကြသည်။ အသက်ကို မေးကြရင်းမှ မခိုင်က ကျွန်တော့်ထက် လသာကြီးကြောင်း သိရသည်။ ၁၉၆၆ ခုနှစ် မွေးချင်း ဘူကြသည်။ မခိုင်က ကျွန်တော့်ကို ပြောခဲ့ဖူးတာ သတိရသည်။ ထိုစဉ်က ကျွန်တော် အိမ်ထောင်မကျသေး။ အသက်က (၃၁)နှစ်ဖြစ်သည်။

"ရှင်လည်း အိမ်ထောင်ပြုတော့လေ...၊ အသက်က ပြုဖို့ ကောင်းနေပြီ၊ အိမ်ထောင်ပြုရင် ကိုယ့်အလုပ် ကိုယ့်ဘဝကို နားလည်တဲ့ အသိုင်းအဝိုင်းထဲက လူမျိုးကို ရွေးပေါ့"

အနုပညာကိုဖန်တီးကြရသည့်လူချင်း ဖြစ်သည့်အတွက် မခိုင်က နားလည်သူကို ရွေးစေချင်ဟန်တူသည်။ ကျွန်တော်က စဉ်းစားထားတာ ကို ပြောရသည်။

"ဘဝက ထားပါတော့ အစ်မရာ၊ ကိုယ့်အလုပ်ကို နားလည်တဲ့ အသိုင်းအဝိုင်းထဲကလူဆိုရင် အဆင်ပြေပါ့မလား"

မခိုင်က ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ရှင် မိန်းမ မရတာ၊ စဉ်းစားတာတော့ ကောင်းတာပေါ့လေ…၊ အိမ်ထောင်ရေးဆိုတာ ထိထိုးတာပဲဆိုတာထက်တော့ လေးနက်တာ အမှန်ပဲ"

အစ်မပြောခဲ့ဖူးသည့် စကားကို လူပျိုတစ်ယောက်အနေနှင့် စိတ်ဝင်စားမိတာထက် စဉ်းစားမိတာတော့ အမှန်ပင်ဖြစ်သည်။ မနက်ကျတော့ ညဥ့်နက်မှ အိပ်ရသည့်အတွက် အစ်မကို နှုတ်မဆက်ဖြစ်ခဲ့။ ကျွန်တော်နိုးတော့ မခိုင် ပြန်သွားပြီဖြစ်သည်။

တစ်ရက်နားကာ ကျွန်တော်တို့ နောက်နေ့ ရိုက်ကြမည့် 'ကျွန်းတစ်ကျွန်း ရင်ခုန်သံ'ကို ဆွေးနွေးကြရသည်။ ဇာတ်လမ်းက ရန်ကုန်တက္ကသိုလ်မှာ တစ်ယောက်နဲ့တစ်ယောက် လုံးဝမတည့်ကြတဲ့ ဇာတိတူ ကောင်လေးနဲ့ ကောင်မလေး ဘွဲ့ရပြီးအပြန် သင်္ဘော လေမုန်တိုင်းမိကာ ကျွန်းတစ်ကျွန်းတည်းမှာ အတူနေဖြစ်သည့်ဇာတ်လမ်း။ မတည့်သည့် လူနှစ်ယောက် ကျွန်းတစ်ကျွန်းအပေါ်မှာ အတူနေကြ၊ တစ်ယောက်နှင့်တစ်ယောက် ကူညီကြရင်း သံယောဇဉ်ဖြစ်ကြ၊ သို့သော် သူတို့မှာ စေ့စပ်ထားသူ ချစ်သူတွေ ရှိနေမှန်းလည်း သိထားကြ၊ ထိုကျွန်းက လွတ်မြောက်သွားကြတော့ သူတို့ စေ့စပ်ထားကြသည့် ချစ်သူတွေက သူတို့ကို မယုံကြည်ကြ၊ မသင်္ကာကြသောကြောင့် နားလည်ပြီးသား သူတို့နှစ်ယောက်သာ နားလည်မှုကို ယူလိုက်ကြသည့် ဇာတ်သာဖြစ်သည်။ ထိုဇာတ်ကို မြဝတီအသံလွှင့်ဌာနမှ ပြသမည်ဖြစ်သည်။

ထိုဇာတ်အရ ချောင်းသာကမ်းခြေမှာ ရိုက်ကြရမည့်အခန်းများက လူမရှိသည့် ကျွန်းပေါ်မှာ သူတို့၏ အဖြစ်အပျက်ကိုသာ ရိုက်ကြရမည်ဖြစ်၏။ ထို့ကြောင့် ကမ်းခြေမှာ ချောင်းသာကမ်းခြေဖြစ်၍ မရ



www.burmeseclassic.com

www.burmeseclassic.com



လူမနေဖူးသော ကမ်းခြေဖြစ်ရမည်။

Location ကို ကိုမျိုးမင်းက ကျောက်မောင်နှမဘက် ရွေးသည်။ ကျောက်မောင်နှမက ချောင်းသာမှ ကားနှင့် တစ်နာရီနီးပါး မောင်းကာ သွားရသော နေရာဖြစ်သည်။ လူနေအိမ်ဆို၍ အုန်းပင်စောင့် တဲကလေးတစ်ခုသာရှိသည်။ ကျောက်မောင်နှမဟု ခေါ်ရခြင်းမှာ ပင်လယ် အစပ် ကျောက်တန်းများအကြားမှ ထိုးထွက်နေသော ကျောက်ဝဋ္ဌကြီး နှစ်ခုကို အစွဲပြုကာ ခေါ်ပုံရသည်။

စေတီကလေးတစ်ဆူလည်း ရှိသည်။ ချောင်းသာကမ်းခြေ၏ ညာဘက်အစွန်ဆုံးတွင် မြင်နေရသော ပင်လယ်သို့ ထိုးထွက်နေသည့် ကမ်းခြေလေးတစ်ခုဖြစ်သည်။ ကျောက်ဆောင်ပေါ်၊ လှိုင်းကြီးများ ကြမ်းကြမ်းလာကာ ကမ်းစပ်သောင်ပြင်တိမ်၍ ကမ်းစပ်နက်သဖြင့် အပန်းဖြေ၍မရ။ ကျွန်တော်တို့ ဇာတ်အတွက် အံကိုက်ပင်ဖြစ်သည်။ ကျွန်တော် Location ကိုကြည့်ပြီးသော်လည်း ထိုညက ဇာတ်ရေး၍မရ။

ကျွန်တော့်ဘဝတွင် တစ်ခါမှ မဖြစ်ဖူးသော အခက်အခဲသာဖြစ်သည်။ ထိုအချိန်က ကျွန်တော် ဇာတ်ညွှန်းအပုဒ်(၂၅)ပုဒ်ခန့် ရေးပြီးပြီ ဖြစ်သည်။ ကိုမျိုးမင်းနှင့် (၁၀)ပုဒ်ခန့် ရှိမည်။ ကျွန်တော့်မှာ အတွေ့အကြုံ လည်း ရှိသည်၊ ကျွမ်းကျင်မှုလည်း ရှိသည်။ သို့သော် ထိုဇာတ်ညွှန်းကို ရေး၍မရ။

ကျွန်တော်ရေးရမည့် အခန်းက နန္ဒာလှိုင် သင်္ဘောမှောက်ကာ မသေဘဲ ကျွန်းပေါ်သို့ ပထမဦးဆုံးစရောက်လာသော အခန်းဖြစ်သည်။ အသက်ဘေးမှ လွတ်ခဲ့သဖြင့် ဝမ်းသာသည်။ သို့သော် လူသူမရှိသော ထိုကျွန်းကြီးပေါ်မှာ သူတစ်ယောက်တည်း။ မသေသဖြင့် ဝမ်းသာသည်၊ ကျွန်းပေါ်မှာ ဘယ်သူမှ မရှိဟု သိရတော့ ကြောက်သည့် အားငယ်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထိတ်လန့်သည်။ အခက်အခဲက ဇာတ်ပို့မရှိ၊ သူ့ခံစားချက်ကို သူ့ပဲ ပြရမည်။ ဘာရေးမည်နည်း။

ကျွန်တော် ည(၂)နာရီအထိ ဘာမှ ရေး၍မရ၊ နောက်ဆုံး ဆုံးဖြတ်ချက်ကို ချကာ ကျွန်တော် သူ ကျွန်းပေါ်သို့ ရောက်လာပုံကို ဝတ္ထုတစ်ပုဒ်လို ရေးသည်။ ထိုမှလွဲ၍ ကျွန်တော် မရေးတတ်၊ ရေးလျှင် လည်း သူ့အိုက်တင်တွေသည် ချရေးရမလို ဖြစ်နေသည်။ ထိုဝတ္ထုကို မနက်ကျလျှင် ကိုမျိုးမင်းကို ပေးမည်။ ကျွန်တော် ဒါပဲရေးတတ်သည်၊ ရမည်ဆိုလျှင် ရိုက်၍ မရလျှင် ကျွန်တော် မရေးတော့ဟု ပြောရုံသာ ရှိတော့သည်။ ဆုံးဖြတ်ပြီး ရေးတော့ မနက်(၅)နာရီလောက်မှ အိပ်ရ သည်။

ကိုမျိုးမင်းကို မနက်ကျတော့ ကျွန်တော်ဆုံးဖြတ်ပြီးသည့်အတိုင်း ပြောကာ ထိုဝတ္ထုကို ပေးလိုက်၏။ ကိုမျိုးမင်းက သေသေချာချာဖတ်ကာ ကျွန်တော့်ကို ခေါ်ပြီး ထိုအတိုင်း ဆက်ရေးရန် ပြောသည်။ သူလည်း ဘာရိုက်ရမှန်းမသိကြောင်း ကျွန်တော် ဘာရေးလာမည်လဲဆိုတာကိုလည်း မသိကြောင်း၊ အခု ကျွန်တော်ရေးလာသော ဝတ္ထုကို ဖတ်ကာ သူ ဘာလုပ်ရမည်ဆိုတာ သေချာပြီဖြစ်ကြောင်း ပြောကာ ရှုတင်ထွက်ရန် စသည်...။

ကျွန်တော် ဝတ္ထုဆက်ရေးကာ ကျန်ရစ်ခဲ့သည်၊ သူတို့ ကျောက် မောင်နှမသို့ ကားထွက်သွား၏။ ထို VDO ကားကို ကျွန်တော် တစ်ဝက် နီးပါး ဝတ္ထုရေးခဲ့သည်။ ကိုမျိုးမင်းက ထိုဝတ္ထုကို ဖတ်ကာ လိုအပ်သလို ဆက်ရိုက်သည်။ သူနှင့် ကျွန်တော် လက်တွဲခဲ့သမျှထဲတွင် အထူးခြား ဆုံး နားလည်မှုဟု ခေါ်ရမည်ဖြစ်သည်။

ကျွန်တော် ပြောခဲ့သော စိတ်လှုပ်ရှားစရာ၊ နားမလည်နိုင်စရာ၊



www.burmeseclassic.com

www.burmeseclassic.com


ရင်ခုန်စရာ၊ တုန်လှုပ်စရာကောင်းသော ဖြစ်ရပ်က ကားရိုက်ပြီး သုံးရက် မြောက်မှာ ဖြစ်ခဲ့သည်။ ထိုနေ့က ကျွန်တော် ချောင်းသာကမ်းခြေမှ ကျောက်မောင်နှမသို့ ဒုတိယအကြိမ် လိုက်သွားသော ခရီးဖြစ်သည်။ (ပထမအကြိမ်က Location ကြည့်ခြင်းဖြစ်သည်)။

ရိုက်သည့်အခန်းများက နန္ဒာလှိုင်၊ လွင်မိုးနှင့် မတွေ့ခင် တစ်ယောက်တည်း ငါးဖမ်းသောအခန်းနှင့် နန္ဒာလှိုင်နှင့် လွင်မိုး တွေ့ပြီး နောက် တစ်ဦးနှင့်တစ်ဦး ကူညီကာ အသက်ရှင်တည်မြဲရေးအတွက် ကြိုးစားကြသော အခန်းများဖြစ်သည်။

မနက်ခင်းတစ်လျှောက်လုံး ရိုက်ကာ ထမင်းစားပြီးသောအခါ နန္ဒာလှိုင် ကျောက်မောင်နှမ၏ ပင်လယ်ရေ တစ်တောင်ခန့်စီးနေသော ကျောက်တန်းများအကြားတွင် ငါးဖမ်းသောအခန်းကို ရိုက်ကြသည်။ ထိုအခန်းရိုက်အပြီးတွင် ထိုကျောက်တန်းများအကြားမှ မြွေတစ်ကောင် ထွက်၍လာသည်။

အားလုံး လန့်ဖျပ်ကာ အော်ကြဟစ်ကြတော့ မောင်မိုးက ပြေးလာကာ မြွေကို လှမ်းကြည့်၍ အော်သည်။

"သတိထား…သတိထား၊ အနားမကပ်နဲ့၊ အဲဒါ ဂျပ်မြွေ၊ ကပ်ရင် ပါတ်လိမ့်မယ်၊ သတိထား"

မောင်မိုးက အော်ရင်း ပြေးလာကာ ကားရိုက်သည့်အခန်းတွင် ပါသော ဓားမြှောင်ကို ထုတ်ကာ မြွေကို အနောက်မှလိုက်ကာ အမြီးမှ ဆွဲကိုင်ပြီး ကျောက်တန်းနှင့် ပစ်ရိုက်ကာ ခေါင်းကို ဓားဖြင့် ဖြတ်ပစ် လိုက်သည်။ မြွေက ဂျပ်မြွေအမြီးပြား။ နှစ်ပေနီးပါးရှိကာ အမြီးပြား ဆိုသည့်အတိုင်း နောက်ပိုင်း (၁၀)လက်မလောက်က ဓားတစ်ချောင်းသို့ ပြားချပ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဂျပ်အမြီးပြားပဲ၊ ကိုက်ရင် ဆေးမရှိဘူး၊ တွေ့လား အမြီးကို"

ခေါင်းပြတ်သွားသော မြွေကို ပြကာ မောင်မိုးက ပြောတော့ ကိုမျိုးမင်းက ဂရုဏာဒေါသောဖြင့် မောင်မိုးကို အော်သည်။

"အမြီးပြား ဆေးမရှိဘူးဆိုရင် မင်း ဒီလောက် အတင့်ရဲရ သလား"

ကျွန်တော်တို့အားလုံးလည်း ထိုမြွေကို ကြည့်ကာ တစ်ခါမှ မမြင်ဖူးသဖြင့် လန့်ကာ နေကြ၏။ ဘာမဆို သိရမှ သိထားသော ကျွန်ုပ်တို့မင်းသားက အေးအေးဆေးဆေးပင် ပြန်ပြောသည်။

"ဒီကောင်က လှည့်မပေါက်တတ်ဘူး၊ ခြေထောက်တို့ လက်တို့ တွေ့ရင် ပါတ်တာ၊ ပါတ်ပြီးမှ ပေါက်တာ၊ ဒါကြောင့် အမြီးက ကိုင်ရိုက် ပြီးမှ ခေါင်းဖြတ်တာပေါ့။ ဒီကောင်က ပင်လယ်ကမ်းစပ်မှာပဲ နေတာ။ ဒီကောင်ရှိမှန်း မသိဘဲ ရေထဲဆင်းမိလို့ကတော့ ခြေထောက်ကို ပတ်ရင် သွားပြီ"

သူပြောမှ ရေထဲဆင်းဖို့ တော်တော်လန့်ကုန်ကြသည်။

ဒီတစ်ကောင်တွေ့ထားပြီးပြီဆိုတော့ ဘယ်နှစ်ကောင်ရှိမှန်း မသိ။ ရေထဲ ဘယ်သူမှ မဆင်းရဲကြတော့။ ဒီတော့မှ ကိုမျိုးမင်းလည်း စိတ် အေးကာသွားသည်။ မြွေက ခေါင်းသာ ဖြတ်ထားသည်၊ တွန့်လိမ်ကာ ရုန်းနေကြနေတုန်း။ ဒီတော့ ရသည့်အခွင့်အရေးကို လက်မလွှတ်တတ် သော ကိုမျိုးမင်းက ရုန်းကန်နေသေးသောမြွေကို ကြည့်ကာ အခန်း တစ်ခန်း တိုးသည်။ နန္ဒာလှိုင်နှင့် မြွေနှင့် တွေ့သည့်အခန်း။ ထိုကားထဲ တွင်ပါသော မြွေမှာ ထိုမြွေဖြစ်ပြီး ခေါင်းမရှိတော့ခြင်းကိုတော့ ဖန်မ်၍ ရိုက်ကြရသည်။ ထိုအခန်းရိုက်ပြီးသွားသည့်အထိ မြွေက တွန့်လိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း။ ဒီတော့ ကျွန်ုပ်တို့၏ မင်းသားက ရှင်းကာပြ၏။

"ဟောဒီမှာ တွေ့လား…လေပြွန်၊ အဲဒီလေပြွန်ကို ပိတ်လိုက်မှ ဒီကောင်သေတာ၊ ကြိုးတစ်ချောင်းယူခဲ့စမ်းဟေ့"

ကျွန်တော့်ရှေ့မှာပင် သူကိုင်ထားသော မြွေက ခေါင်းမရှိတော့သော်လည်း သူ့လက်ကို ရစ်ကာ ပတ်နေသည်။ လာပေးသော ကြိုးနှင့် ပြတ်နေသောနေရာ လက်တစ်လုံးခန့်လောက်မှ ခပ်တင်းတင်းစီးလိုက်ပြီး (၃)မိနစ်ခန့်ကြာမှ မြွေက ငြိမ်၍သွားသည်။ ဂျပ်မြွေတွေ့သည်၊ သတ်လိုက်သည်ဟူသော သတင်းက ရွာတင်တစ်ခုလုံး ပျံ့သွားကာ လာကြည့်သူတွေလည်း ရှိကြသည်။

ဒီတော့မှ အုန်းပင်တွေစောင့်သော တဲမှာ အဖိုးကြီးက ပြောသည်။

"သတ်လိုက်ကြပြီလား။ ဒုက္ခပဲ…၊ အဲဒါ ကျောက်မောင်နှမ သိုက်က မြွေ၊ ဒုက္ခမပေးဘူး။ သတ်ပြီးရင်တော့ တောင်းပန်လိုက်ကြပါ"

သို့သော် ထိုစကားကို ဘယ်သူမှ အလေးမထားကြ။

ဒီလောက် အန္တရာယ်များသည့် မြွေကို ဘယ်လိုလုပ် ထားရမည်နည်း။ ထိုမြွေ တစ်နေရာရာမှာ ရှိနေမှန်းသိလျက် ဘယ်လိုလုပ် ထားရိုက်ရတာ စိတ်ဖြောင့်မည်နည်း။ သတ်လိုက်ခြင်းသည် အကောင်းဆုံးဟု အားလုံးက ယုံကြ၊ ပြောကြသည်။ ကိုမျိုးမင်းဆိုတာကလည်း ထိုကိစ္စတွေကို အယုံအကြည်မရှိသော လူတစ်ယောက်ဖြစ်သည်။ ကျွန်တော်၊ မောင်မိုးနှင့် ကိုမျိုးမင်းသည် ထိုကိစ္စမျိုးကို မယုံကြောင်း စကားအများကြီး ပြောခဲ့ကြဖူးသည်။

ကိုမျိုးမင်းက မယုံသည့်အပြင် တစ်ခါတစ်ရံ ရွတ်တတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ ဒါရိုက်တာတွေက ကားရိုက်လျှင် သက်သတ်လွတ် စားသည်။ မစားနိုင်သူက ဝက်သားရှောင်၏။ ကိုမျိုးမင်းက ဝက်သား မပါလျှင် ရှုတင်ထမင်း မစား။ ဝက်သားမကိုင်သည့် ရှုတင်ထမင်းကို မှာလေ့မရှိ။

"ကျွန်တော်က ဝက်သားနဲ့ ရှုတင်ထမင်းစားမှ ကားပေါက်တာ၊ ကျွန်တော့်ကို အန်းကုံးဘိုးတော်စောင့်တာ"ဟု ရွဲ့ကာ ပြောတတ်သည်။ ဒီနေ့အထိ အဖိုးကြီးပြောသည့် စကားကို သိပ်ဂရုမစိုက်၊ ကား ဆက်ရိုက် ကြသည်။ မြွေအသေကိုတော့ ကျွန်တော်တို့ သောင်စပ်မှာပင် မြှုပ်ပစ် လိုက်ကြသည်။

"ဘာမှ စိတ်ထဲမှာ ထားမနေကြနဲ့၊ သူတို့ကတော့ ပင်လယ်နဲ့ ဒီနေရာနဲ့ နေနေကြတာ၊ ဒါကို စိတ်ထဲထည့်ရင် ကိုယ်ညံ့ရာကျမယ်"

ကျွန်တော်တို့ ကားဆက်ရိုက်ကြသည်။ မြွေနှင့် နန္ဒာလှိုင်တွေ့ သည့်အခန်းပြီးတော့ မောင်မိုး သစ်ခုတ်သောအခန်းကို ရိုက်ကြသည်။ ရှိသည့် ဓားမြှောင်ဖြင့် ကျောက်မောင်နှမတောထဲက သစ်ပင်ဝါးပင်တွေ ကို ခုတ်သည့်အခန်းဖြစ်သည်။

ထိုအခန်းရိုက်ကြရင်း မောင်မိုး သစ်ခုတ်ရင်း ဓားမြှောင်ဖြင့် ခုတ်ချလိုက်သော သစ်ကိုင်းက အရှိန်ကြောင့် လက်ထဲမှ ခုန်ထကာ မောင်မိုး ဘယ်ဘက်လက်ညှိုးနှင့် လက်မအကြားရှိ အရေပြား(အသား) ထဲသို့ စိုက်ဝင်သွားသည်။ မောင်မိုး အားခနဲအော်ကာ ဓားမြှောင်ကို လွှတ်ချသည်။ သွေးတွေကို မြင်ရ၏။ တော်တော်ရှကာ လက်ညှိုးနှင့် လက်မအကြား အသားကွဲသွားသည်။

ရိုက်ကွင်းကို ခေတ္တရပ်ကာ ဆေးထည့်ရသည်။ ထိုအနာကို ပာန်းနီးပလပ် ကပ်ရ၏။ မောင်မိုးမျက်နှာတွင် မခံချင်စိတ်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးနှင့် အခြားမိန်းကလေးများကတော့ မျက်လုံးတွေက စိုးရိမ်ကြ ကြသည်။ ကိုမျိုးမင်းကတော့ ပြဿနာကို တွေးကာ အဖြေရှာသည်။

"မင်း...ခုတ်လိုက်တဲ့အရှိန်နဲ့ ကန်ပြီး လက်ကို လာရှတာပါ ဘာမှမဟုတ်ပါဘူး"

"ဟုတ်တယ်...လာ...ဆက်ရိုက်မယ်"

မောင်မိုးက လက်နာနေသည့်ကြားက ထိုအခန်းကို ပြီးအောင် ရိုက်သည်။

ကျွန်တော်တို့ သွေးအေးကြသဖြင့် ရိုက်ကွင်းတွင် ရှိသူတွေ ဘာမှမပြောကြဘဲ ဆက်ရိုက်ကြသည်။ ထိုအခန်း ရှောရှောရှူရှူဖြင့် ပြီးသွားသောကြောင့် လက်နာနေသော မောင်မိုးကို ငဲ့ကာ ထိုနေ့က ညနေဝင်ကာစမှာ ရိုက်ကွင်းကို သိမ်းလိုက်ကြသည်။ ညကျတော့မှ ဆေးခန်းသွားကာ ဆေးထိုးရသည်။ ထိုည ချောင်းသာပြန်ရောက်တော့ အုန်းပင်စောင့်အဖိုးကြီး ပြောသောစကားကို ကြားသူတွေက စိုးရိမ်စွာ ဆိုကြသည်။ ကျွန်တော်နှင့် ကိုမျိုးမင်းတို့က ရယ်ကာမောကာ ဥပါဒါန် ကြောင့် ဥပါဒ်မရောက်ရစေရန် တားရ ဖျက်ကြရသည်။

နောက်တစ်နေ့ ကျောက်မောင်နှမမှာပင် ကျန်သော အခန်း တွေကို ဆက်ရိုက်ကြသည်။

နေ့ခင်းထမင်းစားပြီးချိန်တွင် ထိုကျောက်တန်းမှာပင် ကျန်သော အခန်းများကို ဆက်၍ ရိုက်ကူးကြရသည်။ ဒုတိယအခန်း နန္ဒာနှင့် မောင်မိုး ကျောက်တန်းကြီးတွင် ထိုင်ကာ ပင်လယ်ကြီးကို ကြည့်ငေး ရင်း ငါတို့ အသက်ရှင်လျက်မှ ပြန်ရပါ့မလားဟုပြောကာ နန္ဒာက ငိုသည်။ မောင်မိုးက နားလည်ကာ ချော့သည်။ နန္ဒာ စိတ်ဓာတ်ခိုင်မာ လာကာ အားတင်းပုံတို့ ရိုက်ကြပြီး ပျော်ရွှင်စွာ ကျောက်တန်းပေါ်မှ

www.burmeseclassic.com



ထိုင်နေရာမှ ခုန်ချစဉ် မောင်မိုး ယိုင်သွားကာ ကျောက်တန်းမှ ကျောက်အစွန်းနှင့် ခြေမ တိုက်မိပြီး ခြေမ ကွဲထွက်သွားသည်။ ခြေသည်းလန်ကာ သွေးအတော်ထွက်သွား၏။ ထိုနေရာသည် မြွေကို မောင်မိုး ခေါင်းဖြတ်လိုက်သော နေရာနားတွင် ဖြစ်သည်။

မောင်မိုးသည် ကွာထွက်သွားသော ခြေမကို ဖိကာ ခြေသည်းကို ပြန်ကပ်ရင်း အံကို ကြိတ်ထား၏။ တော်တော်များများ မျက်နှာတွင် စိုးရိမ်မှုက အထင်းသားကြီး ပေါ်နေသည်။ အချိန်ကလည်း ဒီအချိန်၊ နေရာကလည်း ဒီနေရာ။ ကျွန်တော်သည် ဘာစကားဖြင့် ဒီကိစ္စကို ဖြေရှင်းရမလဲ ရှာသည်။ ရှာ၍မတွေ့သဖြင့် ဒီအတိုင်းပင် မောင်မိုးကို သက်သာရဲ့လား၊ ခြေသည်းလန်သွားတာလားပဲ မေးရသည်။ ကိုမျိုးမင်းလည်း ဘာမှ မပြောတော့။ သွေးအတော်ထွက်သည်။ ဒဏ်ရာက ကြည့်ရတာ အသည်းယားစရာ။ အားလုံး ကျွတ်ဆီ ကျွတ်ဆီတော့ ဖြစ်ကုန်ကြသည်။ သို့သော် အသံထွက်ကာ မည်သူမှ မပြောရဲကြ။ ဘာမှန်းလဲ မသိ။

ရိုက်ကွင်း နားကာ အခြေအနေကို စောင့်ကြည့်တော့ မောင်မိုး အတော်နာကာ ဆောင့်ကြွ၊ ဆောင့်ကြွဖြစ်နေသဖြင့် ရိုက်ကွင်းကို အပြီးနားလိုက်ကြရသည်။ ကျွန်တော်ရော ကိုမျိုးမင်းရော မောင်မိုးရော မျက်နှာပေါ်မှာ မခံချင်စိတ် တစ်ခုစီ တစ်မျိုးစီတော့ ရှိနေကြသည်။

ကျွန်တော်က ကိုမျိုးမင်းအနား ကပ်ကာ မေးရ၏။

"အစ်ကိုကြီး ဒီကိစ္စ ဘယ်လိုထင်သလဲ"

"ဒါ...သဘာဝပဲဗျ၊ ဒီကောင် ခုန်ချတယ်၊ ကျောက်တုံးရဲ့ အနေအထားကြောင့် ယိုင်ပြီးလဲတယ်၊ ခြေမကွဲတယ်ဗျာ၊ ဒါပါပဲ...ခင်ဗျား ယုံလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံရင် ကျွန်တော် ပြောမှာပေါ့"

"ဒါပဲ...ရိုက်ကွင်းနားတာ ဒီကောင့်ဒဏ်ရာကြောင့် နားတာ"

ထိုနေ့ ချောင်းသာပြန်ရောက်ကြတော့ ခပ်တိုးတိုးအသံတွေက အနည်းအငယ် ကျယ်၍လာသည်။

"ကျောက်မောင်နှမက နတ်ကြီးတယ်တဲ့"

"သူက မြွေကို သတ်တာကိုး"

"ဟို...အဖိုးကြီးပြောသလို တောင်းပန်တာ ကောင်းလိမ့်မယ် ထင်တယ်"

"သူ့နေရာနဲ့သူ ရှိတယ်နော်"

"မြွေကို သတ်တာ မောင်မိုးလေ"

ကျွန်တော်က ကြားရသောစကား၊ ဖြစ်နေသော အခြေအနေကို ကိုမျိုးမင်းအား ပြောပြရသည်။ ကိုမျိုးမင်းကတော့ ခပ်အေးအေးပင် London ကို ဖွာကာ ကျွန်တော့်ကို မေးသည်။

"ခင်ဗျား ယုံသလား"

ကျွန်တော်ကလည်း ကျွန်တော့်အလုပ်မှလွဲ၍ ဘာမှ မယုံတတ်သည့် လူတစ်ယောက်သာဖြစ်သည်။ အရပ်သာ (၅)ပေပဲရှိသည်။ ကိုယ် အလေးချိန်သာ (၆၂)ပေါင်ပဲ ရှိလျှင်ရှိမည်။ ယုံကြည်မှုက တန် ဘစ်သောင်း မိုးအထိ။ ဒါပေမဲ့ ရိုက်ကွင်းဆိုတာက ကိုယ်နှင့်မဆိုင်။ အထူးသဖြင့် ကိုယ့်ခံစားချက်၊ ခံယူချက်နှင့် မဆိုင်။ ရိုက်ကွင်းသည် လူအများနှင့် ဖွဲ့စည်းထားသော ကိစ္စဖြစ်၏။ ထိုစကားက ချောင်းသာ ကမ်းခြေမှာလည်း ပျံ့ကာ နေ၏။ လူတိုင်းက ပွဲပေးဖို့ ပြောနေကြသည်။

"ကျွန်တော်က လုံးဝမယုံဘူး၊ ဒါပေမဲ့ တစ်ခါတစ်ခါ ယုံကြည်မှု ဆိုတာ အခြေအနေနဲ့ ဆိုင်တယ်နော် အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်းက ပြုံးလေသည်။

ထိုအပြုံးက ကျွန်တော့်ရင်ထဲ ဒိုင်းခနဲ ဝင်ကလာ၏။

"အဲဒါဆို အဲဒီအခြေအနေဆိုတာကို ဆက်စောင့်ကြမယ်ဗျာ"

ကိုမျိုးမင်းက တော်တော်ခေါင်းမာပါသည်။

ကျွန်တော်သာ သူ့နေရာမှာဆိုလျှင်လည်း ဤသို့ ခေါင်းမာလိမ့်မည်သာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ဆက်မပြောတော့။ မောင်မိုးကတော့ ကျွန်တော်တို့နှင့် တည်းခိုသည့်နေရာ ဝေးသဖြင့် ထိုစကားဝိုင်းတွင် မပါ။ သူပါလျှင် ထိုစကားသာ ပြောမှာ သေချာသည်။ ကျွန်တော်ကတော့ ကိုမျိုးမင်း အပြုံးကြောင့် ဘာမှ ဆက်မပြောတော့။ ည(၉)နာရီလောက်တွင် မောင်မိုး ကျွန်တော်တို့ရှိရာ တည်းခိုဆောင်သို့ ရောက်လာ၏။

ခြေထောက်က ဆောင့်ကြွကြွ။ ဆေးခန်းတော့ သွားပြီးပြီ ဖြစ်၏။

"ခြေထောက်က အတော်နာတယ်ဗျာ၊ မနက်ရှုတင်ဖျက်ရင်လည်းဖျက်၊ မဖျက်ရင်လည်း ဒီနားမှာ ရိုက်လို့ရတာ တစ်ခုခုပေါ့"

ထုံးစံအတိုင်း မောင်မိုးက ဖြစ်ခဲ့သည့်ကိစ္စကို မေ့ထားကာ ထိုစကားပြောပြီး နောက်နောက်ပြောင်ပြောင်နေကာ ပြန်သွားခဲ့သည်။ ကိုမျိုးမင်းနှင့် ကျွန်တော် မနက်ချောင်းသာကမ်းခြေမှာ လိမ်ရိုက်၍ ရမည့် အခန်းတွေ စဉ်းစားရသည်။

မနက်မိုးလင်းတော့ ခြေထောက်ကိုက်နေသည်ဟု ပြောသည့်အတွက် ထမင်းစားပြီးသည်အထိ ကျွန်တော်တို့ ရှုတင်နားရသည်။ ညနေကျမှ သောင်ပြင်ပြင် ပင်လယ်ပြင်နှင့် ရိုက်၍ရမည့် အခန်းကို ရွေးရသည်။ Camera ကို ပင်လယ်ဘက်လှည့်လိုက်လျှင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘာကြောင့် လိမ်၍ မရ ရမည်နည်း။

သို့သော် ညနေ ရိုက်ကွင်းပြင်ဆင်နေချိန်တွင် ချောင်းသာ ဘက်ခြမ်းမှ တာဝန်ရှိသူများက ကျွန်တော်တို့ရိုက်ကွင်းကို လာရောက် တားကြသည်။ ကိစ္စက ကားရိုက်ခွင့်မပေးနိုင်။ အကြောင်းက မောင်မိုး ညတုန်းက သောင်ပြင်တွင် ကားမောင်းသွားသောကြောင့်ဟုဆိုသည်။

ကျွန်တော်တို့ ချက်ချင်း အလုပ်ရှုပ်ကာ သွားသည်။

ရိုက်ကွင်းကို ရပ်ကာ ချက်ချင်း တိုင်ပင်ကြရ၏။ ထိုအချိန် တွင် ကျွန်တော်တို့ ရိုက်ကွင်းမှာ တော်တော်ကလေး အလုပ်ရှုပ်နေကြပြီ ဖြစ်သည်။ တီးတိုးစကားသံများက အရေးဆိုသံတွေဖြစ်လာ၏။

"မောင်မိုး ဒီကို သောင်ပြင်က ကားမောင်းပြီး လာလာနေတာ ထထမကားကတည်းက၊ အခုမှ ပြဿနာတက်တာ မဟုတ်တော့ဘူး"

"အဲဒါ သိုက်စောင့်မြွေတဲ့ ဒုက္ခပါပဲ"

"ဟိုတစ်နေ့တည်းက တောင်းပန်လိုက်ရင် ပြီးရော၊ သူ့ချည်းပဲ ဖြစ်နေတာ သုံးခါရှိပြီနော်"

"ဟဲ့...ကျောက်မောင်နှမအခန်းတွေက ကျန်သေးတာ ဘယ်လို လုပ်မလဲ"

"ဒုက္ခပါပဲဟာ၊ ပြောတော့လည်း အကုန်လုံးက ခေါင်းမာနေကြ တာ"

"နီကိုရဲ...ကိုမျိုးမင်းကို ပြောပါဦး"

တာဝန်ရှိသော သက်ဆိုင်ရာလူကြီးများနှင့် ကိုမျိုးမင်းရော မောင်မိုးပါ သွားတွေ့နေကြချိန်တွင် ကျွန်တော် ထိုစကားများကို ရင်ဆိုင် နေရသည်။ ပြဿနာနှင့် အခြေအနေကို စဉ်းစားကြည့်လျှင် ထွေးစရာ အတွက်တွေ ပါသလို အကြောင်းအကျိုး ခိုင်လုံသည်တို့လည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့အထိ ကျွန်တော်တို့ ရိုက်ကွင်းတည်၍မရ။

နောက်ဆုံးနေ့ကျမှ ပြေလည်သွားသည်။ မောင်မိုး ဒဏ်ခံဆောင်ရသည်။ ရွာတင်တစ်ခုလုံး၏ တောင်းဆိုမှုကတော့ ကျောက်မောင်နှမမှာ ရိုက်စရာကျန်သေးသည်ဆိုလျှင် ကန်တော့ပွဲပေးကာ တောင်းပန်ရန် ဖြစ်သည်။ ထိုအစီအစဉ်ကို မောင်မိုးလည်း ဘာမှမပြောတော့။ ကိုမျိုးမင်းလည်း အခြေအနေနှင့် ရွာတင်မှ လူများ၏ စိုးရိမ်မှုကို ရိပ်မိဟန်တူသည်။ ဘာမှ မပြောတော့ဘဲ ကန်တော့ပွဲပေးရန် စီစဉ်ကြသည်။ ကျောက်မောင်နှမတွင် တစ်ရက်ရိုက်ပြီးလျှင် ကျွန်တော်တို့ ကားသည်လည်း ပြီးပြီ။ အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် ကျွန်တော်တို့ ချောင်းသာမှာ နေရသည်ကလည်း ရက်(၂၀)နား နီးနေသဖြင့် အားလုံး အိမ်ပြန်ချင်ကြပြီဖြစ်သည်။

နောက်တစ်နေ့ ကျောက်မောင်နှမ၏ ကျောက်ဆောင်ပေါ်မှ စေတီကလေးတွင် ကန်တော့ပွဲပေးကာ ကားကို ဆက်ရိုက်ကြရသည်။ ဘာအခက်အခဲမှမရှိ ကားပြီးသွားသည်။ ထိုကန်တော့ပွဲသို့ ကျွန်တော် သွားမကန်တော့ဖြစ်၊ ဘာကြောင့်မှန်းတော့ မသိ။ ကိုယ့်ကိုကိုယ် ခိုင်း၍ မရသောကြောင့်ဟု ထင်ပါသည်။ သို့သော် ကန်တော့ပွဲပေးတာကိုတော့ ကျွန်တော် ကျေနပ်စွာ သဘောတူပါ၏။

ကားပြီးသွားသည့်ညမှာ ထိုအကြောင်းက ပြောစမတ်ကြီးဖြစ်ကာ ကျန်ခဲ့သည်။ ကောက်ချက်အမျိုးမျိုး၊ မှတ်ချက်အသွယ်သွယ်၊ ယူဆချက်အဖုံဖုံဖြစ်သည်။ ကားနှစ်ကားပြီးသည့် နောက်ဆုံးည ချောင်းသာကမ်းခြေမှာတော့ ပျော်ရွှင်ပွဲ၊ မီးပုံပွဲ လုပ်ကြသည်။ အားလုံး အေးအေးချမ်းချမ်း ဘာပြဿနာမှ မရှိ။

မနက်(၆)နာရီမှာ မောင်မိုးရော နန္ဒာပါ သူတို့ကားတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားကြသည်။

နောက်နေ့ သူတို့မှာ ရိုက်စရာ နှက်စရာတွေ ရှိကြသေးသည်။ ကျွန်တော်တို့ကတော့ မနက်စာစားပြီး (၁၀)နာရီလောက်မှ ချောင်းသာ ထွက်ကြသည်။ လက်ဆောင်ပစ္စည်းတွေဝယ်၊ နှုတ်ဆက်သင့်သည် တို့ကို နှုတ်ဆက်။ ဘန်ဂလိုပင်လယ်ပြာနှင့် ချောင်းသာကမ်းခြေပင်လယ် ပြင်ပြာကြီးကို နောက်ဆုံးတွေ့ရသော ARBO Hotel ကွေ့ကို ရောက် တော့ ပင်လယ်ကြီးကို ကျွန်တော် နောက်ဆုံးငေးကာ ထိုခရီးကို ပြီးဆုံးသွားသော ထူးဆန်းသည့် ခရီးအဖြစ်မှတ်ကာ အိပ်ငိုက်ရင်း လိုက်ပါ လာသည်။

ကျွန်တော်တို့ အပြန်စီးရသော ကားက B.M ဟီးနိုးကားဖြစ် သည်။

မြန်မာ့ခရီးသွားလာရေးက စင်းလုံးငှားလာသော ကားလည်းဖြစ် ၏။ ကိုမျိုးမင်းက ကားမောင်းသူနံဘေး ရှေ့ဆုံးညာဘက်ခုံတွင် ဦးဆောင် ထိုင်ကာ ကျွန်တော်က ရှေ့ဆုံးအပေါက်နှင့် ကပ်လျက် နှစ်ယောက်ထိုင်ခုံ တွင် တစ်ယောက်တည်းထိုင်ကာ ပါလာကြသည်။

ရှော့ပြာဇက်ကို ကူးကာ ပုသိမ်မှ ခရီးကြီးတွင် ထုံးစံအတိုင်း ထမင်းဝင်စားကြပြီး (၁)နာရီခွဲခန့်တွင် စထွက်သည်။ စကြော့–ညောင်တုန်း ဇက်ကို (၅)နာရီအမီ မောင်းကြရမည်ဖြစ်သည်။ ထမင်းစားပြီးနောက် ပြတင်းမှ မြင်ရသော လယ်ကွင်း၊ ကန်သင်းရိုး၊ သစ်ပင်၊ ချုံပုတ်၊ လူနေအိမ်တွေကို ငေးမကြည့်တော့ဘဲ ကျွန်တော် ငိုက်ရင်း ပါလာခဲ့ သည်။

ပန်းတနော် ဝင်ခါနီးမှ ငိုက်နေရာမှ ထကာ ရေသန့်ဘူးထဲမှ ရေနှင့် မျက်နှာသစ်ကာ ပတ်ဝန်းကျင်ကို ကြည့်ရသည်။ လယ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ကန့်သင်းရှိုးကို မတွေ့ရတော့။ တောရွာကလေးမှ လွမ်းစရာကောင်းသော အိမ်တွေကို ငေးရင်း မြေကွက်စွက်ကို စဉ်းစားလာသည်။ ယုံရမှာလား ဘာကို လက်ခံရမှာလဲ၊ ဖြစ်ခဲ့တာတွေကတော့ ထူးခြားတာ အမှန်ပဲ ဖြစ်သည်။

ကားက ပန်းတနော်မြို့ထဲကို ဝင်လာစ ပြုလာ၏။

ထိုစဉ်မှာပင် ကျွန်တော် ငေးကြည့်နေသည့် ညာဘက်အခြမ်းမှ ကလေးတွေကို တွေ့ရသည်။ ထို့နောက် ခွမ်းခနဲအသံ၊ ကားဘရိတ် အုပ်သံ၊ ကားပေါ်မှ ပါလာသော လူတွေအသံ၊ ကိုမျိုးမင်း အော်သံ။

ကား လမ်းနံဘေး ထိုးရပ်သွားပြီး ကိုမျိုးမင်းရှေ့မှ မှန်ချပ်ကြီး အက်ကာ ကျပ်စေ့ခန့် ပေါက်သွား၏။ ကံကောင်းသည်က မျက်မှန်တပ် ထားသောကြောင့် ကိုမျိုးမင်း မျက်နှာကို မှန်ကွဲစမထိ။ ကျွန်တော်တို့ ကားရပ်သည်နှင့် ကားပေါ်မှ ပြေးဆင်းကာ ခဲဖြင့်ပေါက်သော ကလေး တွေကို ရှာကြသည်၊ မတွေ့တော့။

ကားပေါ်မှာ ပြီးပြီထင်သော ကျောက်မောင်နှမမှ အသံတွေ ပြန်ကာ ပေါ်လာကြသည်။

ကားအောက်သို့ ဆင်းကာ မေးကြ ရှာကြသော်လည်း ဘယ် ကလေးကိုမှ မတွေ့ရ။ ကျွန်တော်တို့ကို ရွာမှ လူများက ထွက်တွေ့ကာ တောင်းပန်ကြပါသည်။ ကားပေါ်မှာ ပါလာကြသူတွေ အိပ်ချင်စိတ် ပြေကာ တော်တော်စိုးရိမ်နေကြ၏။ ကားဆရာကလည်း ကားကို သိသိ သာသာ အရှိန်လျှော့သည်။

ထို့ကြောင့် စက္ကော့-ညောင်တုန်း ဖက်ဆိပ်ကို နေဝင်(၆)နာရီ မှ ရောက်သည်။

အကြောင်းစုံသိထားသော ကားဆရာက ပွဲတစ်ပွဲပေးပေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသဖြင့် ကျွန်တော်တို့ ဖက်ပေါ်သို့ ကားမတင်မီ ရှုတင်မန်နေဂျာ ကိုတင်မောင်ဝင်းက ကန်တော့ပွဲအတွက် စီစဉ်ရသည်။

ကျွန်တော်တို့ ရင်တခုန်ခုန်၊ စိုးရိမ်စိတ်အပြည့်ဖြင့် ရန်ကုန်သို့ ည(၉)နာရီခန့်မှ ရောက်ကြပါသည်။ ဘာတစ်ခုမှတော့ ထပ်မဖြစ်တော့။ အိမ်ရောက်တော့မှ ကျွန်တော် သက်ပြင်းကို ချရသည်။ ကိုမျိုးမင်းက မောင်မိုးတို့ နန္ဒာတို့ထံ Pnone ဆက်ကာ အပြန်ခရီးအကြောင်း မေးသည်။ သူတို့ အေးအေးဆေးဆေး ပြန်ရောက်ကြောင်း မနက် ကိုမျိုးထံ Pnone ဆက်တော့ သိရ၏။


ချောင်းသာသို့ သွားခဲ့ရောက်ခဲ့သော ယနေ့အထိ ဆယ့်နှစ်ကြိမ်တွင် စိတ်အပင်ပန်းရဆုံး၊ ခေါင်းအစားရဆုံး၊ တစ်စုံတစ်ရာကို အထိတ်လန့်ရဆုံး၊ အစိုးရိမ်ရဆုံးခရီးအဖြစ် ကျွန်တော် မိတ်ဆွေ၊ အပေါင်းအသင်းများ၏ ဖြတ်သန်းမှုမှတ်တမ်းအရ ကျွန်တော် အမှတ်တရ ရေးပါသည်။

ထိုခရီးတွင် ပါဝင်ခဲ့ရသူအားလုံး ထိုအဖြစ်ကို ကျွန်တော့်လိုပင် အမှတ်ရနေကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ ဒါရိုက်တာနှင့်
ဆိုင်ကယ်စီးဦးထုပ်နဲ့ ရပ်နေတဲ့ ဝင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ဒါရိုက်တာနှင့်
ဆိုင်ကယ်စီးဦးထုပ်နဲ့ ရပ်နေတဲ့ ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ကျွန်တော်တို့ ခရီးထွက်ဖြစ်ကြတာ ထားဝယ်ဘက်ကို ပါ။

၁၉၉၄–၉၅ ကျောင်းသား အားကစားပွဲတော်ကို ထားဝယ်မြို့မှာ ကျင်းပတော့ ရုပ်ရှင်အစည်းအရုံးက နာမည်ကြီး မင်းသမီး မင်းသားတွေကို ထားဝယ်မြို့ကို လွှတ်ပါတယ်။ ကျောင်းသားအားကစားပွဲတော်နဲ့အတူ ပျော်ပွဲရွှင်ပွဲတွေမှာ ပါဝင်ကူညီဖို့၊ ညဘက် မြို့ခံလူထုကို ပြဇာတ်နဲ့ ဖျော်ဖြေဖို့ တာဝန်နဲ့ပါ။ မင်းသား မင်းသမီး အကုန်ပဲ ဆိုကြပါစို့။ ဒါရိုက်တာတော်တော်များများလည်း ပါကြပါတယ်။

ခပ်ယုံနှစ်ရက်နီးပါး ဖျော်ဖြေကြရမှာဆိုတော့ မင်းသမီး မင်းသား အတော်များများဟာ ထားဝယ်မှာ ကားရိုက်ဖို့ပါ တစ်ခါတည်း [illegible] ကြပါတယ်။ ထားဝယ်မြို့ကို ကိုယ့်စရိတ်နဲ့ကိုယ် ကားရိုက်ဖို့ကဲ လွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတော့ တစ်ဖက်လည်း ကူညီရင်း တစ်ဖက်ကလည်း အားတဲ့ အချိန်မှာ ငွေရှာရင်းပေါ့လေ...။

ဒီတော့ ကျွန်တော်တို့ရဲ့ မင်းသား မောင်လွင်မိုးက သူလည်း ကားရိုက်ဖို့ စိစဉ်ပါတယ်။ အဲဒီလို စိစဉ်ပြီးမှ အကြောင်းကြောင်းကြောင့် ကိုမျိုးမင်းက ထားဝယ်ကို မလိုက်ဖြစ်တော့ဘူး။ အားလုံးစီစဉ်ပြီးနေပြီ ဆိုတော့ မောင်မိုးက ကားရိုက်ပျက်လို့ မရတာကြောင့် နောက်ဆုံးမှာ သူကိုယ်တိုင် ဒါရိုက်တာရိုက်မယ်လို့ စီစဉ်ပါတယ်။ ကျွန်တော်က ဝတ္ထု ဇာတ်ညွှန်းတာဝန်ကို ယူရမယ်ပေါ့လေ။

ဒါနဲ့ မောင်မိုးက တစ်ည သူ့အိမ်ကို ကျွန်တော့်ခေါ်ပြီး ဇာတ် အကြောင်း ပြောကြ တိုင်ပင်ကြပါတယ်။ သူ ရိုက်ချင်တဲ့ ပုံစံနဲ့ ကျွန်တော့် မှာရှိတဲ့ဇာတ် ပူးပေါင်းကြတာပါ။ အတွဲတွေက လွင်မိုး၊ တင့်တင့်ထွန်း၊ အရိုင်း၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ဖိုးဖြူ၊ ကုသိုလ်ပါ။ ညှိကြရင်း နဲ့ နောက်ဆုံးမှာ 'ပန်းခရူ' ဆိုတဲ့ ဇာတ်ကို အကြမ်းဖျင်းရတယ်။ ဘာလုပ် မယ်၊ ဘယ်လိုရိုက်မလဲ၊ ဘယ်နေရာတွေမှာရိုက်မယ် စသည်ဖြင့် ပြောပြီး တော့မှ ဒါရိုက်တာက လက်သစ်က ည ၂နာရီလောက်မှ စိတ်ချ လက်ချ အိပ်နိုင်ပါတယ်။ ကျွန်တော်လည်း မောင်မိုးအိမ်မှာ ပထမဦးဆုံး အိပ်ဖြစ်တာပေါ့။

ဒီကားကို ဒါရိုက်တာလုပ်တာ မောင်မိုးရဲ့ ပထမဦးဆုံး အလုပ် ပါ။ ထားဝယ်မှာ ပြဇာတ်ဖျော်ဖြေရမယ့်တာဝန်၊ ဒါရိုက်တာအဖြစ် စီစဉ် ရမယ့် တာဝန်၊ မင်းသားအဖြစ် သရုပ်ဆောင်ရမယ့် တာဝန်တွေကြောင့် သူ စိတ်လေးနေဟန် တူပါတယ်။ ပြဇာတ်ကလို့ ပိုတဲ့အချိန်ကလေးမှ ပြေးပြီး ကားရိုက်ရမှာ မဟုတ်လား။

ကျွန်တော်နဲ့ အကြိမ်ကြိမ်ညှိပြီး မနက်မိုးလင်းတော့ မောင်မိုးက



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံနဲ့ ထားဝယ်ကို ထွက်သွားပါတယ်။ ကျွန်တော်က အိမ်မြှောင် အခန်းစဉ်အကြမ်းရေးပြီး သုံးနာရီလိုမှာ ထားဝယ်တက်မယ့်ကား မင်းသား မင်းသမီး မပါပါဘူး။ သူတို့အားလုံးက အခုအချိန်မှာ ထားဝယ်ရောက်နေ ပြီ၊ ကျွန်တော်နဲ့ စက်အဖွဲ့ပဲ ပါပါတယ်။ လမ်းမှာ စားစရိတ်အားလုံးကို မောင်မိုးက ကျွန်တော့်ကို ပေးထားခဲ့ကြောင်း ကားဆရာက ပြောပြီး ငွေအပ်တယ်။ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်က စက်အဖွဲ့ နှစ်ဖွဲ့ကို ထားဝယ်အရောက် ရှုတင်မန်နေဂျာလုပ်သွားရမှာပေါ့လေ။

ကားပေါ်က စက်အဖွဲ့နှစ်ဖွဲ့ရဲ့ ခေါင်းဆောင် ကင်မရာမင်း (Camera men)တွေက ကိုငွေစိုးနဲ့ ကိုကျော်ညွန့်ပါ။ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးပြီးသားမို့ ပြဿနာမရှိပါဘူး။ ရွှေညောင်ပင်ရောက်တော့ ရှုတင်ကားဆရာ ကိုအာထူးက ရွှေညောင်ပင် ပြချင်တယ်ဆိုလို့ ဝင်ကြပါ သေးတယ်။ အဲဒီကနေ ပဲခူးလမ်းအတိုင်း မောင်းကြတာပါ။ ခရီးထွက်စမို့ ထုံးစံအတိုင်း အားလုံး မြူးနေကြတာပါပဲ။

ည ကိုးနာရီကျော်ကျော်လောက်မှာ ကျွန်တော်တို့ ကျိုက်ထီးရိုး ကို ကျော်ပြီး သထုံကို ဝင်ပါတယ်။ နောက် စက်အဖွဲ့ရဲ့ ဗိုက်ဆာပြီ အော်သံတွေကြောင့် ကျွန်တော်တို့ သထုံမြို့အဝင်က သင့်တော်တဲ့ ဆိုင်ရှေ့မှာပဲ ရပ်ပြီး ထမင်းစားဖို့ ဆုံးဖြတ်ရပါတယ်။ ဗင်နတီကားလေး ရဲ့ ရှေ့ခန်းမှာ (၆)နာရီကျော်ကျော်နေခဲ့ရလို့ လူတစ်ကိုယ်လုံးလည်း ညောင်းကိုက်ပြီး အိစပြုနေပါပြီ။ နောက်ပြီး ကျောင်းသားအားကစား ပွဲတော်က ဒီဇင်ဘာလမှာ ကျင်းပတာမို့ အားလုံး အေးစိမ့်နေတဲ့ သထုံရဲ့ ဆောင်းနဲ့ တိုးကြပါတယ်။ ညောင်းတာရယ်၊ အေးတာရယ်၊ ဗိုက်ဆာတာ ရယ်၊ ဒီလောက်ဆို ဒီမောင်တွေ ဘာလုပ်မယ်ဆိုတာ ကျွန်တော်က သိနေပါပြီ။ သိနေ ထင်နေတဲ့အတိုင်းပဲ ကိုယ့်ဆရာတွေက အရေးဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"နီကိုရဲ့ ထမင်းဖိုးက ဘယ်လောက်လဲ"

"ဟ…စားကြလေ၊ ကျွန်တော် ရှင်းမှာပေါ့၊ အားလုံး ၂၅ ယောက် မဟုတ်လား"

"ဒီလိုကွာ…ငါနဲ့ ကျော်ညွှန့် တိုင်ပင်ထားကြတယ်၊ ဆာတဲ့လူစား၊ မဆာတဲ့လူ မစားနဲ့ကွာ၊ သူတို့ထမင်းဖိုးကို သတ်မှတ်ထားတဲ့ အတိုင်း ပေးလိုက်ဖို့ပါ"

အမှန်တော့ ၂၅ ယောက်ဖိုးပဲ ပေးရမှာ၊ စားလည်း ၂၅ယောက်ဖိုးပဲ ရှင်းရမှာပါ။ ကျွန်တော် ငွေအပိုကုန်စရာ မရှိပါဘူး။ ဘာကြောင့် ကျွန်တော် စဉ်းစားနေရသလဲဆိုတော့ ကျွန်တော် ပိုက်ဆံရှင်းပေးရင် သူတို့ သောက်ကြတော့မယ်။ ဒါ…ကျိန်းသေပဲ။ ခရီးကလည်း ပန်းစပြုပြီ မဟုတ်လား။

"ပေးမယ်ဗျာ…ဒါပေမဲ့ ကိုယ့်လူတော့ ကိုယ်တာဝန်ယူကြဗျာ"

သထုံဈေးထိပ်က ထမင်းဆိုင်ကလေးဟာ ကျွန်တော်တို့ လူစုနဲ့ ဆူညံသွားပါတယ်။ ကင်မရာအဖွဲ့က လူတွေ စားကြသောက်ကြတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူတို့ တစ်ယောက်ကို (၁၅ဝိ/–) ရတော့ သုံးယောက်ကို တစ်ဖွဲ့ပေါင်းပြီး ထမင်းနှစ်ပွဲ မှာကြတယ်။ ပိုတဲ့ (၁၅ဝိ/)ကို အရက်တစ်ပြားဝယ်ပြီး တီးကြတာပါပဲ။ အဲဒီတုန်းက (Rum)တစ်ပြားက ၉ဝိ/–ဆိုတော့ ပိုတဲ့ ၆ဝိ/–ကို ထမင်းလိုက်ပွဲ မှာကြပါတယ်။

ကျွန်တော်နဲ့ ကားဆရာ ကိုအာထူးကတော့ ထမင်းအတူစား ကြတယ်။ ကျွန်တော်တို့ကတော့ တာဝန်ရှိနေတော့ မသောက်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာက တော်တော်စကားနည်းတဲ့လူပါ။ ကျွန်တော်နဲ့လည်း ခင်ပါ
တယ်။ ဒါပေမဲ့ သထုံရောက်တဲ့အထိ သူနဲ့ ကျွန်တော် စကားသိပ်
မပြောဖြစ်ကြပါဘူး။ ထမင်းစားပြီးမှ သူက ပြောပါတယ်။

"နီကိုရဲ...တစ်ပိုင်းတော့ ဆွဲခဲ့ကွာ၊ လမ်းမှာ အရမ်းချမ်းလိမ့်
မယ်"

ကျွန်တော် တစ်ချက်စဉ်းစားပြီး Rum တစ်ပိုင်းကို ရေသန့်
ဘူးထဲမှာ စပါကလင်နဲ့စပ်ပြီး ပိုက်တပ်စပ်ခဲ့ပါတယ်။ ည(၁၀)နာရီ သထုံက
ထွက်ကြပါတယ်။ လမ်းမှာ ကားက အတော်ရှင်းပါတယ်။ တစ်ခါတစ်ရံ
ကုန်တင်ကားကြီးတွေ တစ်စင်းတလေတွေ့တာက လွဲလို့ ဘာမှ မရှိပါဘူး။
လမ်းဘေးတွေကလည်း မည်းမှောင်တိတ်ဆိတ်လို့ နှင်းကွဲမီးတပ်ထားတဲ့
ကျွန်တော်တို့ကားလေးရဲ့ ရှေ့လမ်းပေါ်က အလင်းရောင်ပဲ ရှိတာပါ။
အချမ်းကလည်း တစစပိုလို့တိုးပြီး အေးစက်လာပါတယ်။ ကားဆရာ
လည်း ရေသန့်ဘူးထဲက ပိုက်ကလေးစုပ်လိုက်၊ ဂီယာကလေးထိုးလိုက်နဲ့
ကားနောက်ပိုင်းက စက်အဖွဲ့တွေလည်း ကားထွက်ပြီး တစ်နာရီလောက်
အထိတော့ သီချင်းတွေအော်ဆိုပြီး မြူးတူးကြသေးတယ်။ နောက်ပိုင်းကြ
တော့ အရှိန်ကုန်လို့ပဲ ငြိမ်နေသလား၊ အရှိန်လွန်လို့ပဲ ကျုံလေသလားမသိ
ဆိတ်ကုန်ကြပါသည်။

အချမ်းရယ်၊ အမှောင်ရယ်၊ တိတ်ဆိတ်မှုရယ်ထဲမှာ ကျွန်တော်
လည်း မခံနိုင်တော့ဘူး။ ရေသန့်ဘူးကို စုပ်ရတော့တာပဲ။ သုံးလေး
စုပ်ပြီးမှ ကျွန်တော်လည်း အဆင်ပြေသွားတယ်။ စီးကရက်ကလေး
ဖွာလိုက်၊ ကားရှေ့မီးမှာ မြင်ရတဲ့ ကားလမ်းမကို ဖြတ်ပြေးတဲ့ သတ္တဝါ
ကလေးတွေ၊ ငှက်ကလေးတွေကို ကြည့်လိုက်နဲ့ ငြိမ်ငြိမ်ငွေ့ငွေ့ မောင်းလာ
လိုက်တာ ၁နာရီကျော်ကျော်မှာ မုတ္တမဇက်ဆိပ်ကို ရောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇက်ဆိပ်က မှောင်မည်းနေပြီး မနက်ဇက်ကူးဖို့ ညအိပ်စောင့်နေတဲ့ ကားတွေလည်း အများကြီးပါပဲ။ ဘာဆိုင်မှလည်း မဖွင့်၊ ဘာတည်းခိုခန်းမှလည်း မရှိဆိုတော့ ဒီညတော့ ဖြစ်သလိုအိပ်ရမယ်ဆိုတာ ကျွန်တော် နားလည်လိုက်တယ်။ ကားနောက်ခန်းမှာလည်း သူ့လူနဲ့သူ ပြည့်နေပြီ။ ရှေ့ခန်းမှာလည်း ကားဆရာနဲ့ ကျွန်တော်အိပ်ဖို့အထိ မကျယ်။ ဒါနဲ့ပဲ ကားထိုးရပ်ထားတဲ့နောက်က ကွပ်ပျစ်ကလေးမှာပဲ အနွေးထည်နှစ်ထည် ထပ်ဝတ်၊ ပါလာတဲ့ အခင်းခင်း၊ စောင်ခြုံပြီး အိပ်ရပါတယ်။

ကောင်းကင်ကို မော့ကြည့်တော့ ငြိမ်နေ၊ လက်နေတဲ့ ကြယ်တွေကို နှင်းတွေကြားထဲက လှမ်းမြင်နေရတယ်။ ကျွန်တော့်ဘဝမှာ အမိုးအကာမပါဘဲ ဒီလိုကောင်းကင်ကြီးကို ပေးအိပ်ဖူးတာ ပထမဦးဆုံး အကြိမ်ပါ။ ကျွန်တော့်ကိုယ်ကျွန်တော် အိပ်ပျော်မယ်လို့ကို မထင်တာ။ ဒါပေမဲ့ ခရီးက ပင်ပန်းတာရယ်၊ ထိုင်လိုက်ခဲ့ရလို့ တစ်နေကုန် ခြေတွေ ခါးတွေ ညောင်းနေတာရယ်ကြောင့် ခြေရောခါးရော ဆန့်နေရတာလေးကို အရသာတွေ့ရင်းနဲ့ပဲ ကျွန်တော် အိပ်ပျော်သွားလိုက်တာ ကျွန်တော့်ခါးနဲ့ ခြေထောက်ကို အတင်းလှုပ်နှိုးမှပဲ ကျွန်တော် နိုးတယ်။ နှိုးတဲ့ကောင်မလေးက မကျေမနပ်နဲ့ တစ်ခုခုပြောပါတယ်။ ဒါပေမဲ့ စကားက အတော်ဝဲတော့ ကျွန်တော် သေသေချာချာ နားမလည်ဘူး။ အနားမှာ ချထားတာတွေကြည့်တော့မှ ကျွန်တော် တက်အိပ်တဲ့ ကွပ်ပျစ်က မုန့်ဟင်းခါးဆိုင်ဆိုတာ သိရတာ။ လူတွေကလည်း ရှုတ်ယှက်ခတ်ပြီး တော်တော်စည်ကားနေပါပြီ။

ကျွန်တော်တို့ကား ပထမဦးဆုံးထွက်တဲ့ ဇက်နဲ့ပဲ ပါပါတယ်။ ဇက်က မြစ်ကို ဖြတ်တုန်း ဇင်ယော်ငှက်ကလေးတွေ လိုက်လာတာ မနက်ခင်း နှင်းဦးကွဲစနေရောင်မှာ ပျော်စရာ ကြည်နူးစရာပဲ။ ခေါင်းဆေး

www.burmeseclassic.com



ကျွန်းကိုလည်း အတော်နီးနီးက မြင်ရပါတယ်။ မော်လမြိုင်ဆိပ်ကိုကပ်ပြီး တော့ ချိန်းထားတဲ့ ဆိုင်ကို မောင်းကြရပါတယ်။ ချိန်းထားတယ်ဆိုတာက မော်လမြိုင်ကနေ ထားဝယ်အထိ မော်လမြိုင်က ကားဆရာတစ်ယောက် က မောင်းပို့မှာပါ။ ကျွန်တော်တို့ချည်းပဲ လာမှာကို စိတ်မချတဲ့ မောင်မိုးက မော်လမြိုင်ကားလမ်းတွေကို မောင်းနေကျ ကားဆရာကို စီစဉ်ပေးထား တာပါ။

ဒီတစ်ကြိမ်တော့ ကျွန်တော်ပါပေမယ့် ချိန်းထားတဲ့ ကားဆရာနဲ့ မလွဲပါဘူး။ အဲဒီလက်ဖက်ရည်ဆိုင်မှာပဲ ဒက်ထိဆုံပြီး လက်ဖက်ရည် သောက် ခဏနားပြီး (၁၀)နာရီလောက် ခရီးထွက်ကြပါတယ်။ သံဖြူဇရပ် မှာ ထမင်းစားပြီး သံဖြူဇရပ်ကနေ တောက်လျှောက်မောင်းပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက် ကြည့်လိုက်တိုင်း တွေ့ရတာ ရာဘာတွေပါ။ ဘယ်လောက်ကြည့်ကြည့် ဘယ်လောက်မောင်းမောင်း မဆုံးအောင်ပါပဲ။

ကားဆရာကလည်း ကျွန်တော်တို့နဲ့ သိပ်မရင်းနှီးတာကြောင့် လား၊ ပင်ကိုယ်စကားနည်းတာကြောင့်လား မသိဘူး စကားတစ်ခွန်းမှ မပြောပါဘူး။ (အာထူးကတော့ ဘေးမှာ အိပ်နေပြီ)။ ကားကိုပဲ တအား ဖိမောင်းနေတာ၊ တိတ်ဆိတ်ပြီး ပျင်းဖို့ကောင်းတဲ့ ကားထဲမှာ ကျွန်တော် ပျင်းလာတာနဲ့ ကားဆရာကို စကားစရတယ်။

"ကားဆရာ၊ မောင်းလို့ချည်လားဗျ"

"ခံ..."

ကျွန်တော့်ကို ပြန်လှည့်ကြည့်ရင်း မေးဆတ်ပြောတဲ့ စကား ကြောင့် ကျွန်တော် တော်တော်အံ့သြသွားတယ်။ ဘာဆက်ပြောရမှန်း လည်း မသိဘူး။ "ခံ"...တဲ့။ ကျွန်တော် မကျေမနပ်ဖြစ်သွားပေမယ့် ထပ်မပြောတော့ပါဘူး။ ကိုယ်နဲ့ကလည်း အခုပဲသိ၊ အခုမှ မြင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ကိုယ့်ကို ကူညီတဲ့သူ။ သူက ကားကို တအားမောင်းနေ၊ ကိုယ်ကလည်း ပျင်းလို့ စကားစကြည့်တာကို သူက "ခံ"တဲ့။ အေးလေ ခံရတော့မှာပေါ့။ ကိုယ့်ဒုက္ခနဲ့ ကိုယ်ကိုး။

"ခံ..."

အသံကြောင့် ကျွန်တော် ထပ်လှည့်ကြည့်တော့ သူက မေးဆတ်ပြီး ပြောတဲ့အသံပါ။ ကျွန်တော် တော်တော်စိတ်ရှုတ်သွားတာ အမှန်ပဲ။ စိတ်ရှုတ်တဲ့ ပထမအချက်က သူပြောတဲ့ စကားက ခပ်ရင့်ရင့် ပေမယ့် သူ့မျက်နှာ အဲဒီအိုက်တင်မရှိဘူး။ ဒုတိယအချက်က သူ့မျက်နှာ မှာလည်း ကျွန်တော့်လိုပဲ စိတ်ရှုတ်တဲ့ပုံစံ ဖြစ်နေတယ်။ နားမလည်တဲ့ပုံစံ ဖြစ်နေတယ်။ တတိယအချက်က သူက "ခံ"ဆိုလို့ ကျွန်တော် တိတ်ပြီး နေပြီ၊ ဘာဖြစ်လို့ ဒီခံကြီးကို ထပ်ပြောရတာတုန်း။

ကျွန်တော် မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ ကျွန်တော် သူ့ကို အားနာနေတယ်။ ဒါနဲ့ စိတ်ကို တင်းပြီး ထပ်ပြောရတယ်။ ပြဿနာ တက်ခါမှ တက်ရော၊ အားနာတဲ့ဒဏ်နဲ့ နားမလည်တဲ့ဒဏ်ကို ကျွန်တော် မခံနိုင်တာ အမှန်ပဲ။

"ကျွန်တော်ပြောတာက ကားအရမ်းမောင်းနေလို့ပါ၊ အဲဒါကို ပြောတာပါ"

"ခံ..."

သေရော...ဒါပေမဲ့ သူက ဒီတစ်ခါ "ခံ"မှာတင် မရပ်ပါဘူး။ ခေါင်းညိတ်ပြီး ဆက်ပြောပါတယ်။

"ခံ...ခံ မလွဲတောင်ကို ဖြတ်ရမှာလေ၊ အဲဒီကို ၃နာရီလောက် ရောက်ပြီး နေမဝင်ခင်ဖြတ်မှ ကောင်းမှာ၊ မိအောင်မောင်းနေတာ"

သူက ပြုံးရင်း ကောင်းကောင်းမွန်မွန်ပြန်ဖြေပါတယ်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပြောတဲ့ သူ့စကားက တော်တော်ထားဝယ်သံဝဲပေမယ့် ကျွန်တော် နားလည်နိုင်ပါတယ်။ "ခံ"ဆိုတာတော့ ဘာမှန်းမသိတာ အသေအချာပဲ။

"မလွဲတောင်က မောင်းရခက်လို့လား"

"ခံ..."

အပြုံးနဲ့ ခေါင်းညိတ်ပြီး ခံတဲ့အတွက် ကျွန်တော် ချက်ချင်း ဝင်းခနဲဖြစ်သွားတယ်။ "ခံ"ဆိုတာ ဟုတ်ကဲ့ (ဒါမှမဟုတ်) ဟုတ်ဆိုတာ ဖြစ်မှာပဲလို့။ ဒီတော့မှ ကျွန်တော် သက်ပြင်းချနိုင်တယ်။ သူ ထားဝယ် သားဆိုတာကို ကျွန်တော် မေ့နေတာကိုး။ အင်း...ကံကောင်းလို့ မခံရ တယ်ပေါ့လေ။

ဒီလိုနဲ့ တိတ်ဘာဆိတ် ကားမောင်းလာရင်း အတော်ကြာတော့ သူက ကျွန်တော့်ကို မေးတယ်။ စီးကရက် ရှိသေးလားတဲ့။ ကျွန်တော် "ခံ"လို့ ပြန်ပြောရင်း စီးကရက်တစ်လိပ်ထုတ် မီးညှိပြီးပေးတော့ သူက အားရကျေနပ်စွာ ပြုံးပြပါတယ်။

မလွဲတောင်ကို ၃နာရီကျော်ကျော်မှာရောက်ပြီး ဖြတ်ကြတော့ သူပြောသလိုပဲ တော်တော်အန္တရာယ်ကြီးပါတယ်။ ကျွန်တော်စီးတဲ့ ပြတင်း ပေါက်ဘက်က တောင်နံရံဆိုရင် ကျွန်တော် တောင်နံရံကိုပဲ ကြည့်နေ လိုက်တယ်။ ချောက်အလှည့်ရောက်ရင်လည်း ဟိုဘက်တောင်နံရံကိုပဲ ကြည့်နေရပါတယ်။ ကိုယ့်"ခံ"ဆရာကတော့ စီးကရက်ကလေးခဲပြီး ခပ်အေးအေးပဲ မောင်းသွားတယ်။ ကားဆရာ အာထူးတောင် ကြည့်ပြီး လန့်တယ်။ ဘာပဲဖြစ်ဖြစ် စနစ်တကျစီစဉ်ပေးတတ်တဲ့ မောင်မိုးကို ကြိတ်ကျေးဇူးတင်ရပါတယ်။

မလွဲတောင်က ဆင်းပြီးတော့ ရေဖြူ၊ ရေဖြူပြီးတော့ ထားဝယ် ကို မောင်းပါတယ်။ ထားဝယ်ကို ရောက်တော့ 'ရွှေဝယ်သို့ ရွှင်ရွှင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က မောင်မိုးရဲ့ မိတ်ဆွေ Store ဆိုင်ကြီးကို ခဏဝင်ပြီး ချိန်းထားတဲ့အတိုင်း မေးတော့ ထမင်းစားပြီး မောင်းမကန်ကို ဆင်းခဲ့ပါတဲ့။ ကျွန်တော်တို့ မောင်းမကန်မှာ တည်းရမှာဆိုပဲ။ ထမင်းစားပြီး မောင်းမကန်ကမ်းခြေက ဗိုလ်တဲကို ရောက်တော့ ည(၉)နာရီကျော်နေပြီ။ နာရီ(၃၀)ကျော် မနားတမ်း ခရီးနှင်ခဲ့ရတာမို့ ပျော်မြူးပြီး နောက်ပြောင်နေတဲ့ မောင်မိုးနဲ့ အပြိုင် မနွှဲနိုင်တော့ဘဲ အိပ်ရာထဲ လှဲအိပ်တာနဲ့ တချိုးတည်း အိပ်ပျော်သွားတာ အိပ်မက်တောင်မှ မမက်ပါဘူး။

မနက်မိုးလင်းလို့ အိပ်ရာကနိုးတော့ မောင်မိုးက "နီကိုရဲ... ဒီမှာလာကြည့်စမ်း"ဆိုလို့ သွားကြည့်တော့ ကြည်စိမ်းပြီး ပြာလဲ့နေတဲ့ မောင်းမကန်ပင်လယ်ပြင်ကြီးကို အေးခနဲ တွေ့ရပါတယ်။ နှစ်ထပ်ဘန်ဂလို အပေါ်ထပ်ဝရန်တာကနေ နံနက်ခင်းနေရောင်ခြည်ဖြာနေတဲ့ ပင်လယ်အစိမ်းကြီးကို ကြည့်ရတာ တော်တော်အရသာရှိပါတယ်။

"အားပါးပါး တယ်လှတဲ့ ပင်လယ်ကြီးပါလား၊ စိမ်းနေတာပဲ၊ ချောင်းသာက သူ့လောက် မစိမ်းဘူးနော်"

"ဟာ...မင်းကလဲ လွဲပြန်ပြီ၊ ငါ မင်းကို ပင်လယ်ကို ပြတာ မဟုတ်ဘူးကွ၊ ဟိုမှာ ဟိုဘက်ကိုကြည့်၊ အဲဒါကို ပြတာ"

သူ့ဂျိုင်းလောက်ပဲရှိတဲ့ ကျွန်တော့်ခေါင်းကို မောင်မိုးက လက်ဝါးနှစ်ဖက်နဲ့ဆွဲလှည့်ရင်း သူပြချင်တာကို တည့်ပေးပါတယ်။ မြင်ရတဲ့ မြင်ကွင်းက ခါးလောက်ရှိတဲ့ ရေအစပ်မှာ လှေတွေ ဆယ်စင်းလောက် ရပ်ထားပြီး လူတွေက လှေအနားမှာရှိပါတယ်။ တချို့လည်း ခေါင်းပေါ်မှာ တောင်းတွေရွက်ပြီး ကမ်းစပ်ကို ခပ်သုတ်သုတ်လာနေကြတယ်။ လာနေပုံက အပြိုင်အဆိုင် ကမ်းပေါ်ကို ပြိုင်ပွဲတစ်ခုလို လုတက်နေကြတယ်။ ကမ်းပေါ်ရောက်သူတွေကလည်း သောင်ပြင်ကို အလုအယက်ဖြစ်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ရေစိုနေတဲ့ လုံချည်တွေ တစွတ်စွတ်နဲ့၊ ယောက်ျားကနည်းနည်း အများစုက မိန်းကလေးတွေပါ။ သူပြတဲ့ မြင်ကွင်းကို ကျွန်တော် နားမလည်ပါဘူး။

"ဘာလုပ်ကြတာတုန်း၊ ဘာလဲ"

"မှတ်ထား၊ အဲဒါ ငါးယူကြတာလေ၊ ကီလိုမှာ ငါးကောက်သလို ပေါ့ကွာ၊ ဒီလေ့တွေက တစ်ညလုံး ပင်လယ်ထဲမှာ ငါးဖမ်းပြီး မနက်မှာ ဒီလိုပဲ ရောင်းတာ၊ ဒီနားလေးမှာ မောင်းမကန်ဈေးဆိုတာ ရှိတယ်၊ ဒီဈေးမှာ ရောင်းဖို့ အလုအယက် ပြေးကြတာ၊ ရန်ကုန်လို မဟုတ်ဘူး မှတ်ထား"

ထုံးစံအတိုင်း မျက်နှာမသစ်ရသေးခင် ဆရာ အလုပ်ခံရတာပါ။ ဒါပေမဲ့ သူပြတဲ့မြင်ကွင်းက တန်ပါတယ်။ ကျွန်တော် မမြင်ဘူးတာ အမှန်ပဲ။ ဒါနဲ့ပဲ ငေးကြည့်နေမိတယ်။ နာရီဝက်လောက်ကြာတော့ လူစု ကွဲသွားတော့မှ မျက်နှာသစ်၊ နံနက်စာစားရင်း ပတ်ဝန်းကျင်ကို လေ့လာ တော့ ကျွန်တော်တို့ တည်းတဲ့ ဗိုလ်တဲက ပင်လယ်ဘက် မျက်နှာမူရင် ညာဘက်အစွန်ဆုံး အောက်ထပ်ခြေတံရှည်၊ မြေစိုက်၊ ဗိုလ်တဲဘေးမှာ သီဟိုဠ်ပင်တွေ တောထနေတာ မျက်စိတဆုံးပါပဲ။

လေ့လာနေတုန်း လူစုကြ၊ လူစုကြဆိုလို့ ကျွန်တော်တို့ လူစု ကြတော့ ဒါရိုက်တာ မင်းသား ကျွန်တော်တို့၏ မောင်မိုးက မျက်နှာ ခပ်တည်တည်ကြီးလုပ်ပြီး တစ်ခါမှ မမြင်ဘူးတဲ့ ဘယ်ကားမှာမှ မပါတဲ့ ခလုပ်ဖူးလေတဲ့ အိုက်တင်နဲ့ ကျွန်တော်တို့ကို စကားပြောပါတယ်။

"ကျွန်တော် ပြောချင်တာက အဟမ်း...ကျွန်တော်တို့ ဒီကို လာတာ အပျော်ခရီးမဟုတ်ပါဘူး။ တာဝန်တွေ အလုပ်တွေနဲ့ လာတာပါ"

"အေးလေ...သိသားပဲ၊ ဟမ်းနီးမွန်းထွက်ရအောင် ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမှ မရသေးတာ"

ကိုအရိုင်းက လက်ခုပ်တီးရင်း အိုက်တင်နဲ့ ဝင်ပြောတော့ လူတွေ ပြုံးကြပါတယ်။ မောင်မိုးက ခပ်တည်တည်နဲ့ မျက်မှောင်ကျုံ့ ကြည့်ရင်း လေသံမာမာနဲ့ တားပါတယ်။

"ကိုရိုင်း ခဏလေးဗျာ...၊ ကျွန်တော် စကားအကောင်းပြော နေတာ"

ဒီတော့ ကိုအရိုင်းက ကြောက်လန့်သွားပုံလုပ်ပြရင်း အနားက ကျွန်တော့်နဖူးနဲ့ သူ့တင်ပါးကို လူရှင်တော်ရိုက် ရိုက်ရင်း "မှတ်ထား၊ ငြိမ်ငြိမ်နေ"လို့ ပြောပြီး ငြိမ်သွားပါတယ်။

"အင်း...အဲဒီတော့ ဟိုဟာလေ၊ ကျွန်တော့်မှာက ကိစ္စတွေ များတယ်။ ညဘက် ပြဇာတ်ကရမှာရယ်၊ ဒီကားကို သရုပ်ဆောင်ရမှာ ရယ်၊ ဒါရိုက်တာလုပ်ရမှာရယ်၊ ဒီတော့..."

"ငါတို့လည်း ဘာထူးလဲကွာ၊ ပြဇာတ်ထဲမှာ ပါတာပဲ၊ ပြီးတော့ မင်းကားမှာလည်း သရုပ်ဆောင်ရဦးမှာပဲ"

ကိုဖြူက မျက်မှန်ဖြုတ်ပြီး ဝင်ပြောတော့ ငှက်ပျောကြော်က ဝင်ဟောက်ပါတယ်။

"ဟ...သူက ရာထူးတစ်ခုပိုတယ်လေကွာ၊ ဒါရိုက်တာ ဒါရိုက် တာ"

ဒီတော့ ကင်းကောင်က ပါးစပ်ကြီးဖြဲပြီး ခြေလှမ်းကြဲနဲ့ ဝင်လာ ပြီး ကင်းကောင်လို ရင်ဘတ်ပုတ်ရင်း အော်ပါတယ်။

"ငါ့ကိုရော...ငါကျတော့ရော ငါလည်း တာဝန်သုံးခုနဲ့ ပါကွ၊ ရှုတင်မန်နေဂျာလေ၊ ငါ ရှုတင်မန်နေဂျာ"

ဒီတော့ ကိုအရိုင်းက ဝင်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက လက်ထောက်ဒါရိုက်တာကွ၊ ညကပဲ မောင်မိုးက ဘယ်လိုရိုက်မယ် ဘာညာ တိုင်ပင်သေးတာ"

"ဒါဆို ငါကလည်း လက်ထောက်ရှုတင်မန်နေဂျာကွာ၊ စေ့စွား ဖို့ငွေနဲ့ လက်ဖက်ရည်ကို ကင်းကောင်က ငါ့ကို လုပ်ခိုင်းထားတာ"

"အေး...ငါကလည်း ထမင်းချက်ဦးစီးကွ၊ အဲဒီဖွဲ့ကို ငါ တာဝန် ယူရတာ"

တစ်ယောက်တစ်မျိုးပြောသံတွေကြားမှာ မောင်မိုး တော်တော် ဒေါသဖြစ်သွားပုံ ရပါတယ်။

"အေး...လုပ်ချင်တာလုပ်ကြ၊ ပြောချင်တာ ပြောကြ၊ နေချင် သလိုနေကြ ရတယ်၊ ကားတစ်ကား ရိုက်မယ်လို့ တာဝန်ခံခဲ့ပြီးပြီ မရရင် ကိုယ့်ဘာသာကို ဖြေရှင်းကြ၊ လုပ်ချင်တာ လုပ်ကြ၊ ဒါပဲ"

ဝုန်းဒိုင်းပြောပြီး သူ့ကားကြီး စက်နှိုး မောင်းထွက်သွားပါတယ်။ မောင်မိုးစိတ်ဆိုးသွားမှန်း သိပေမယ့်လည်း ကျွန်တော်တို့အားလုံး အပြုံး မပျက်ကြပါဘူး။ တကယ်တော့ မောင်မိုး ပြောချင်တာ ဖြစ်စေချင်တာ ကို အားလုံး သဘောပေါက်ကြပါတယ်။ ခရီးလည်းထွက်ရင်း ကား တစ်ကားရိုက်လို့ ငွေလည်း ရရင်း ကိုယ့်လူတွေအတွက် ခေါင်းခံလာတဲ့ စေတနာကိုလည်း ကျွန်တော်တို့ သဘောပေါက်ပါတယ်။

ဒါပေမဲ့ ခက်တာက မောင်မိုးနဲ့ ဒီသူရဲလေးကောင်အဖွဲ့ဆိုတာ က သူငယ်ချင်းလို တွဲလာတာ။ နဂိုက ပျော်တတ်တဲ့ ဗီဇရှိတဲ့ မောင်မိုးနဲ့ လုံးလားထွေးလား နောက်လားပြောင်လား လင်မယားလို နေခဲ့ကြတာ။ တစ်ယောက်နဲ့တစ်ယောက် အကြားမှာ ခပ်တည်တည်ဆိုတာ မရှိ သလောက်ပါပဲ။ ဒါကို သူကလည်း သိတယ်။ သူ ခေါင်းခံထားတဲ့ကား သတ်မှတ်ရက်အတွင်း ပြီးရေးအတွက် ဒါရိုက်တာတစ်ယောက်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ ပထမဆုံးကားအတွက် ခပ်တည်တည်နေဖို့ ဆုံးဖြတ်ပြီး လုပ်ကြည့်တာပါ။

ကိုယ့်လူတွေကလည်း သူ ဒါရိုက်တာဆိုတာ ဟာသဖြစ်လေ နောက်လေပါပဲ။ မောင်မိုး တစ်ခွန်းပြောရင် တစ်ခွန်းပြန်နောက်နေကျ အလေ့ အကျင့်ကို ရုတ်တရက်မပြောင်းနိုင်ကြဘူး ဖြစ်နေတာ။ မောင်မိုး စိတ်ဆိုးသွားတာကို ကြည့်ခြင်းအားဖြင့် ဒီတစ်ပွဲမှာတော့ သူ ခပ်တည်တည် ကျဲချင်တယ်ဆိုတာ အားလုံး သဘောပေါက်ကြပါတယ်။

ဒီလိုနဲ့ စောင့်ရင်း နေ့ခင်းထမင်းစားချိန်အထိ ကိုယ်တို့ဆရာ ဒါရိုက်တာက ပြန်ရောက်မလာပါဘူး။ ဒီတော့ နောက်လိုက်မိတဲ့ ကျွန်တော်တို့ နည်းနည်းစိုးရိမ်စ ပြုလာပါတယ်။ မင်းအရင်နောက်တာ၊ သူ့အရင် ဖောက်တာတွေ တစ်ယောက်နဲ့တစ်ယောက် လွှဲချလာပါတယ်။

"အေးကွ၊ ဒီကောင် ဒီကားရိုက်တဲ့ကိစ္စကိုတော့ တော်တော် စိတ်ပူနေပုံ၊ အားထည့်ထားပုံ ရတယ်၊ ပင်လယ်ကို ဘယ်လိုရိုက်မယ်၊ ဘယ်အခန်းတွေ ဘယ်လိုစီစဉ်မယ်၊ ဆန်းအောင် ဘယ်ကင်မရာ Work တွေသုံးမယ်နဲ့ ငါ့ကို စရောက်ပြီး မင်းတို့ကို စောင့်နေကတည်းက ပြောနေတာ"

ကိုအရိုင်းက မျက်မှန်ကလေးပင့်ပြီးပြောတော့ အားလုံးရဲ့ စိတ်မှာ မနက်အပြစ်က ပိုကြီးသွားသလို ခံစားရတယ်။

"ဟုတ်တယ်…ဒါ သူ့ပထမဆုံးရိုက်တဲ့ကားကွ၊ ကွဲလို့မဖြစ်ဘူး"

"ငါတို့ကရော အဖြစ်ခံမလားကွ၊ အပျော်သဘောနောက်တာ ပြောင်တာပဲရှိတာပါ။ ဒါကတော့ နောက်နေကြပဲဟာ"

"အရင်လို သူက မင်းသားပဲဆိုရင်တော့ တစ်မျိုးပေါ့ကွာ၊ ဒီပုံစံနေကြတာ၊ ဒါပေမဲ့ သူက နာမည်ခံတဲ့ကိစ္စကြီးကွ၊ ဒါရိုက်တာ

www.burmeseclassic.com



ဆိုတာ ဒါရိုက်တာလိုတွေးပြီး ဒါရိုက်တာလို ပူနေတာပဲ မဟုတ်လား”

“ခဏပါကွာ…ပြီးရင် ပြန်လာမှာပါ”

အဲဒီလို ပြောကြရင်း စောင့်ပေမယ့် ကိုယ့်ဆရာက နေ့လည် ၂ နာရီလောက်အထိ ပြန်ရောက်မလာပါဘူး။ နောက်မိတဲ့ လူတွေ ပို စိတ်ပူစ ပြုလာပါပြီ။ ကျွန်တော်လည်း ဒီ Tampo ကြီးထဲမှာ နေရတာ ကျဉ်းကျပ်တာနဲ့ ထွက်ဖို့ ကြိုးစားပါတယ်။

“နောက်ကြတဲ့ထဲမှာ ကျုပ်မပါဘူးနော်၊ ကျုပ်က ဘာမှ ပြော တာ မဟုတ်ဘူး”

“အောင်မယ် မင်းလည်း လိုက်ရယ်တာပဲ၊ ပါတယ်…ဘာအခုမှ ကြောက်နေတာလဲ”

အင်း…ရယ်တော့ ရယ်မိခဲ့သလိုကိုး။ ဒီတော့ ခံပေါ့။ ကျွန်တော် က ခံ…ခံလို့ ခပ်ပြုံးပြုံးပြောရင်း သူတို့နဲ့ တစ်ဖွဲ့တည်းပဲ သဘောထား လိုက်ပါတယ်။ ၃ နာရီလောက်မှာ ကိုအရိုင်း၊ ကိုကင်း၊ ကိုဖြူ၊ ကိုကုသိုလ်၊ ကိုငှက်နဲ့ ကျွန်တော်တို့ ခြောက်ယောက် သောင်ပြင်ကို ထွက်ထိုင်ကြပါတယ်။ ဒီတစ်ခါတော့ မောင်မိုး တော်တော်စိတ်ဆိုးပုံ ရတယ်။ စိတ်ဆိုးရင် ခဏဆိုတဲ့ မောင်မိုး အခုထိမှ ပြန်မလာတာကိုး။ အဲဒီလိုပြောနေဆိုနေကြတုန်း ကျွန်တော်တို့ ဗိုလ်တဲနံဘေးကို သူ့ကားကြီး ဝုန်းခနဲဆိုက်လာတော့ အားလုံးလန့်သွားကြပါတယ်။

အသာငဲ့ကြည့်တော့ ရှေ့ခန်းတံခါးကို တအားဆောင့်ပိတ်ပြီး ကျွန်တော်တို့ဘက် တစ်ချက်ကြည့်ရင်း ဗိုလ်တဲပေါ် ခပ်သွက်သွက် တက်သွားတာ တွေ့ရတယ်။ အခြေအနေအရ ဒေါသဒီဂရီ ကျသေး မတူသေးပါဘူး။ ကိုအရိုင်းက မျက်မှန်ချွတ်ပြီး ပြောပါတယ်။

“ပြန်လာပြီကွ၊ အင်း…ငါပြောချင်တာကကွာ ဒါပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ စုစုစည်းစည်းနဲ့ လုပ်ကြရမှာပဲ၊ အရင်လက်တွဲခဲ့ကြတဲ့ ကားတွေ တုန်းကထက် ငါတို့က ဒီမှာ သူ့ကို ဒါရိုက်တာဆိုတဲ့ အမြင်ကိုပါ မြင်ပေးဖို့ လိုတယ်။ ဆိုလိုတာကကွာ ဒါရိုက်တာဆိုတာက သူ အော်ချင် လည်း အော်မယ်၊ ဝေါက်ချင်လည်း ဝေါက်မယ်၊ ဆူချင်လည်း ဆူမယ်။ ဒါ သဘာဝပဲ၊ ဒီတော့ ငါတို့က သူ့ကို သူငယ်ချင်းမင်းသားဆိုတာထက် ဒါရိုက်တာတစ်ယောက်လို့ မြင်ပေးရမယ်၊ သူပြောချင်တာ ပြောပါစေကွာ၊ ဒီတစ်ခါတော့ ငြိမ်သာ နေလိုက်တော့"

ကိုအရိုင်း စကားဆုံးတော့ ဘယ်သူမှ ဘာမှ ပြန်မပြောကြပါ ဘူး။ ဗိုလ်တဲဘက်လည်း လှည့်မကြည့်ကြပါဘူး။ ဘယ်အချိန်မှာ ဘယ်သူ က ကိုမိုးက ခေါ်တယ် ခဏလာပါဦးလို့ လာခေါ်မလဲပေါ့လေ။ တိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပါပဲ။ ကျွန်တော်တို့ ခြောက်ယောက် တိတ်တဆိတ် စောင့်နေကြပါတယ်။ ကျွန်တော်ကတော့ သောင်ပြင်က သဲတွေ လက်ထဲဆုပ်ပြီး လွှတ်ချနေလိုက်တယ်။ အားလုံး တိတ်ဆိတ်။

အဲဒီအချိန်မှာ...

"အီး...ယား" ဆိုတဲ့ အော်သံကြီးနဲ့ ကျွန်တော်တို့အားလုံးရဲ့ ခေါင်းပေါ်က ဝိုးခနဲ တစ်စုံတစ်ခု ဖြတ်သန်းသွားပါတယ်။ အားလုံး လန့်ဖျပ်ပြီး ခေါင်းတွေငုံ့ကြတော့ ကျွန်တော်တို့ရှေ့က သောင်ပြင်ကို ဘုတ်ခနဲကျတယ်။ အားလုံးမော့ကြည့်တော့...။

မောင်မိုး။

ဘောင်းဘီတိုကလေးနဲ့။

"ဘာလုပ်နေကြတာလဲ၊ လာကြလေ...ရေကူးမယ်၊ မနည်း ပြန်လစ်လာရတာ၊ ရောက်ကတည်းက ဒီနေ့မှ ရေထိရတာ၊ လာလေ ကိုအရိုင်း၊ ကင်း...လာလေ၊ ဟော့ကောင် နီကိုရဲ လာ...၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



အရပ်ကလေး တစ်ထွာနဲ့ အရမ်းမဆင်းနဲ့နော်။ ချောင်းသာလို မဟုတ်ဘူး။ မောင်းမကန်က သောင်ပြင်နက်တယ်၊ လာကြလေ"

ကျွန်တော်တို့ကို လှည့်ခေါ် အော်ရင်း သောင်ပြင်က သဲတွေနဲ့ ကျုံးကန်ရင်း သောင်စပ် ပြေးဆင်းသွားတယ်။ ဒီတော့မှ ကျွန်တော်တို့လည်း အံ့သြကြ၊ ဝုန်းခနဲ ထရပ်ကြ၊ အင်္ကျီတွေ ချွတ်ကြရင်း...

"ဘာ ဒါရိုက်တာလဲကွ၊ ဟော...ဘာလဲ"

"အရှူးဗျို့...အရှူး သောင်ပြင်ကို ဆင်းသွားတယ်၊ ဖမ်းကြပါ။ ဖမ်းကြ"

"ကိုယ်တို့လာပြီ၊ ကဲ ပြီ ဟော့..."

"ဟူးဟူး...ဟူး...ဟေးဟေး"

မောင်မိုးက အဲဒီလိုလူပါ။

www.burmeseclassic.com

www.burmeseclassic.com



"နီကိုရဲ...မနေ့က ၃ Scene ပဲ ပြီးတယ်ကွ၊ ၃ရက်ကို ပေါင်း (၁၁)Scene ပဲ ပြီးသေးတာ။ အားတဲ့အချိန် ရေးထားကွာ၊ ကိုမျိုးမင်းနဲ့လို အနားကပ်မှ မရေးနဲ့ကွ၊ ဒီမှာက မလွယ်ဘူး"

"ဟာ...ကျွန်တော် ရေးပေးပြီးတာ Scene ၂၀ ကျော်ရှိတယ် လေ...ကိုမိုးရ"

"ဆယ် ဆယ်ကွာ၊ တတ်နိုင်သမျှ မင်း ပြီးအောင်ရေး၊ မင်းပြီး သွားရင် ငါက တွက်ပြီး ရိုက်လို့ရတာပေါ့။ တစ်ယောက်မှ ပြောလို့မရ၊ ဟော့ကောင် ကင်း၊ မင်း ဒီကောင့်ကို နေ့ခင်းဘက် အရက်တွေ ဘာတွေ မတိုက်နဲ့နော်၊ ဘယ်မှလည်း မခေါ်နဲ့၊ ဒီဗိုလ်တဲမှာပဲ ထား"

"မခေါ်ပါဘူးကွာ၊ ငါလည်း ငါ့အလုပ်နဲ့ငါ ရှုပ်နေတာပါ"

မောင်မိုးက ဗိုလ်တဲ ဝရန်တာမှာ ပစ်လှဲချပါတယ်။ တကယ့်ကို ခြေပစ်လက်ပစ်ပါ။ အချိန်က ည ၁နာရီကျော်ပါပြီ။ သူတို့ ရွှေဝယ်သိဒ်ရိ ရုပ်ရှင်ရုံမှာ ပြဇာတ်သွားကပြီး ပြန်လာကြတာပါ။ တစ်ညလုံး ပြဇာတ် ကရတော့ Actor တွေ အကုန်ပင်ပန်းပြီးအိပ်၊ မနက်ဆို (၁၀)နာရီ လောက်မှ နိုး၊ ထမင်းစား ဟိုဟာဒီဟာနဲ့ ကားရိုက်က (၁၁) (၁၂) နာရီလောက်မှ တည်ဖြစ်၊ ညနေ(၄)နာရီဖြုတ်၊ ရေမိုးချိုးပြီး (၈)နာရီ ပြဇာတ်ကဖို့ ထားဝယ်ကို တက်ကြ။ ထားဝယ်နဲ့ မောင်းမကာန်က (၁၄)မိုင် ဝေးတာကိုး။

မောင်မိုးမှာက ဒါရိုက်တာလည်း လုပ်ရ၊ မင်းသားလည်း လုပ်ရ၊ ညလည်း ပြဇာတ်ကရ၊ ဒီကြားထဲ ဘယ်သူ့ကိုမှလည်း မနိုင်ဆိုတော့။

"ဒီလောက်ပင်ပန်းမှန်း သိရင် ငါမလုပ်ပါဘူးကွာ၊ ငါ့ကို မှားတာ"


www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးကလည်းကွာ…ဒီလောက်စိတ်ဓာတ်မကျပါနဲ့ အားလုံး ရှိနေတာပဲ၊ ၃ရက် (၁၁) Scene ကွာ၊ ကဲ…၉ရက်ဆို (၃၃) Scene ဒီမှာ ညဘက် Lamp မီးလောင်တဲ့အခန်း ရိုက်ရဦးမှာတွေ အများကြီးပဲကွ"

ကင်းလည်း ဘာမှ မပြောတော့ဘဲ သူ့စာရင်း သူပြန်တွက်နေပါတယ်။ ဒီလိုနဲ့ မောင်မိုး ပက်လက်ကြီးနေလိုက်တာ အိပ်ပျော်သွားလို့ မနည်းနှိုးပြီး အခန်းထဲ ပို့ရတယ်။

မောင်းမကန်ဇာတ်က ကမ်းခြေနဲ့လိုက်အောင် ကျွန်တော် စိစဉ်ထားတာပါ။ သတ္တဗေဒဘွဲ့လွန်ကျောင်းသားတွေ စာတမ်းတင်ဖို့အတွက် ရိက္ခာအပြည့်နဲ့ ကျွန်းလေးတစ်ကျွန်းမှာ ရေသတ္တဝါတွေ လေ့လာနေတုန်း သင်္ဘောမှောက်ရင်း မသေဘဲ ကျွန်းပေါ်ကို ရောက်လာတဲ့ မင်းသမီး (တင့်တင့်ထွန်း)ကို ကယ်။ မတင့်က ယောက်ျားလေး ခြောက်ယောက်နဲ့ လူသူမရှိတဲ့ ကျွန်းပေါ်မှာနေရတဲ့ သူ့ဘဝကို သူ ကာကွယ်တဲ့အနေနဲ့ အရူးဟန်ဆောင်ရတယ်။ ရူးနေမှန်းသိတော့ မောင်မိုးတို့က ကရုဏာနဲ့ စောင့်ရှောက်။ အကောင်းကြီးက ရူးရတော့ မရူးတတ် ရူးတတ်နဲ့ မတင့်က ဒုက္ခတွေ အရူးဟန်ဆောင်ပြီးပေး။ မောင်မိုးတို့ ခံရ။ အဲဒီမှာ မောင်မိုးရဲ့ စေတနာကို မတင့် နားလည်။ နောက်ဆုံး ပြန်ခါနီးမှ မတင့် အကောင်းမှန်းသိ၊ ချစ်သွားကြ။ ကားက ဟာသကလေး နှောထားတဲ့ အချစ်ကားလေးပါ။

ဒါပေမဲ့ လူမရှိတဲ့ ကျွန်းဆိုတဲ့အတွက် မောင်းမကန်ကမ်းခြေမှာ တချို့ လိမ်ရိုက်၊ ကျန်တဲ့တစ်ဝက်ကို မောင်းမကန်ကနေ (၁၂)မိုင် လောက်ဝေးတဲ့ မျှော်ရစ်ဆိုတဲ့ ရွာကလေးရှိတဲ့ ကျွန်းမှာ သွားရိုက်ကြတာ။ အဲဒီကျွန်းက တော်တော်လှပါတယ်။ ကျွန်တော် တွေ့ခဲ့ဖူးသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတွေထဲမှာ အလှဆုံးပဲ။ အဲဒီကျွန်းကို သွားရိုက်ရင် တစ်နေ့(၂) Scene ပဲ ပြီးပါတယ်။ (၁၂)နာရီလောက်မှသွားပြီး ညနေ(၄)နာရီအမီ ပြန်ရတာကိုး။

ဒီလိုနဲ့ လေးရက်မြောက်နေ့ကျတော့ မောင်မိုးတို့ ဉာဏ်နီ ဉာဏ်နက်တွေ သုံးလာပါတယ်။ ချမ်းချမ်းနဲ့ ကွေးနေတဲ့ လူတွေကို မနက်(၈) နာရီမှာ မျက်နှာရေလောင်းပြီး နိုးတာပါ။ အိပ်တဲ့ကောင် ခံပဲ။ ပထမနေ့ ဆိုတော့ အားလုံး အိပ်မှုန်စုံဖွားနဲ့ ခံကြရပါတယ်။ ကိုအရိုင်းဆို တဗျစ် တောက်တောက်နဲ့ ဘာမှလည်း ပြောလို့ မရဘူးလေ။ ဒီလောက်ချမ်းနေတဲ့ ဒီဇင်ဘာလကြီးရဲ့ ရာသီဥတုကြမ်းတဲ့ မောင်းမကန်ပင်လယ် ကမ်းစပ်မှာ မနက် ၈နာရီ မျက်နှာကို ရေနဲ့အလောင်းခံရတာ ဆိုးတာပေါ့။ ခေါင်းအုံးတွေ၊ စောင်တွေ စိုကုန်လို့ ပြန်အိပ်လို့လည်း မရတော့ဘူး။ မောင်မိုးကတော့ ရေပုန်းကြီးကိုင်ပြီး အေးအေးပဲ။

"နောက်နေ့ (၈)နာရီ ထပါ။ မထရင် ရေလောင်းမယ်၊ အလောင်း မခံချင် ထ၊ ဒါမှ...ရမှာ"

(၈)နာရီမှာ မျက်နှာရေအလောင်းခံရပြီး (၉)နာရီမှာ ဦးနှောက် အခြောက်ခံရပြန်ပါတယ်။ မောင်မိုးက အိုက်တင်အပြည့်နဲ့ မှာတမ်းခြွေ တော်မူတာကိုး...။

၃ရက်ကို (၁၁)Scene သာ ပြီးကြောင်း၊ အားလုံး ကိုယ့်တာဝန် ကိုယ်ကျေရန်လိုကြောင်း၊ ကားရိုက်ချိန် သိပ်မရှိကြောင်း။ ဒီနေ့အနည်းဆုံး (၆) Scene ပြီးရန် လျာထားကြောင်း၊ ဒီကားမျိုးက ဒီမှာ မပြီး၍ ရန်ကုန်တွင် ပြန်ရိုက်ရန် မလွယ်ကြောင်းတွေပါ။

"ကျွန်တော် တစ်ခု ထပ်တားချင်တာက ကိုယ့်အခန်းပါသည် ဖြစ်စေ မပါသည်ဖြစ်စေ ကားရိုက်လို့ မပြီးမချင်း ဘယ်သူမှ အရက်



www.burmeseclassic.com

www.burmeseclassic.com



မသောက်ကြဖို့ပါပဲ"

"မသောက်ပါဘူးကွာ၊ ဘယ်သူက သောက်လို့လဲ"

ကင်းကောင်က ဝင်အော်ပါတယ်။

"ဘာမသောက်ရမှာလဲ၊ မနေ့က ခင်ဗျားကို ကားရိုက်ဖို့ ခေါ်တော့ မျက်နှာက နီနေတယ်"

"ဟ…မောင်မိုး၊ မင်းနဲ့ငါ ပင်လယ်မှာ တွဲခဲ့တဲ့ကား ဘယ်နှကားရှိပြီလဲ၊ ငါ့မျက်နှာက နေထိရင် နီတယ်လေ၊ ရဲတယ်လေ၊ မင်းသိသားနဲ့ကွာ…"

"မင်း သောက်ပါတယ် ကင်းရာ…၊မင်းကို ငါက ရှုတင်မန်နေဂျာဆိုပြီး အားလုံးလွှဲထားတာ၊ မင်းက စသောက်တော့ နီကိုရဲတို့ဘာတို့ကို ဘယ်လိုထိန်းမလဲ"

"မသောက်ပါဘူးကွာ…မင်း မှားနေပြီ၊ ငါ လုံးဝမသောက်ဘူး"

ကျွန်တော့်နာမည်ပါလာတော့ ကျွန်တော်လည်း ဝင်ရတော့တယ်။ နေလို့ မဖြစ်တော့ဘူးလေ…။

"ဟုတ်ပါတယ်…ကိုကင်းက ပင်လယ်နေထိရင် မျက်နှာနီနေကျပဲ၊ မနေ့က မသောက်ပါဘူး၊ ကျွန်တော်တို့လည်း ရှိနေတာပဲ၊ ကိုမိုး မှားတာ နေမှာပါ"

မောင်မိုး တစ်ချက်တော့ တွေသွားတယ်။

"ကဲ…ထားတော့၊ မသောက်ဘူးနော်…သေချာလား"

"သေချာတယ်၊ ချာတာမှ ချာချာကို လည်နေတာ၊ ဝိုးခနဲ ဝိုးခနဲ"

"တော်ပြီ၊ ဒီနေ့ ခင်ဗျား မျက်နှာနီမနီ ထပ်ကြည့်မယ်"

"ကြည့်…ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အရက်ကိစ္စကြီး ပြီးပါတယ်။ မောင်မိုးက ဒီနေ့ မောင်းမကန် ကမ်းခြေနဲ့ ဒီဗိုလ်တဲရှေ့မှာပဲ (၆)Scene ပြီးအောင် ရိုက်မယ့်အကြောင်း ပြောပါတယ်။ ဒီတော့မှ ခုနက အရက်ကိစ္စပြဿနာတက်တုန်း မျက်နှာ ထွက်သစ်နေတဲ့ ကိုအရိုင်းက ပြောပါတယ်။

"မင်းက ဒီနေ့ ဒီဗိုလ်တဲရှေ့မှာပဲ (၆) Scene ရိုက်မယ် မဟုတ်လား"

"ဟုတ်တယ်လေ...ကျွန်းပေါ်မှာ အကောင်ဗလောင်တွေရှာတဲ့ အခန်းရယ်၊ မတင့်ကို ဆယ်တဲ့အခန်းရယ်၊ ပြီးတော့..."

"နေပါဦး...နေပါဦး၊ မင်း ဗိုလ်တဲရှေ့ကိုလည်း ထွက်ကြည့်စမ်း ပါဦး"

"ဟ...ဘာဖြစ်လို့လဲ"

"ပင်လယ်ကြီး ရွှေ့သွားလို့လား"

ကိုအရိုင်းစကားကြောင့် ကျွန်တော်တို့ ဝရန်တာကိုထွက်တော့ ပင်လယ်ကြီးကတော့ ရွှေ့မသွားပါဘူး။ ဒါပေမဲ့ ဗိုလ်တဲရှေ့မှာ လူက (၄၀၀)လောက် ရောက်နေတာပါ။ ပါးစပ်အပေါင်းသားနဲ့ မောင်မိုးကို အောက်ကလူတွေ တွေ့တော့ ဟေး...ခနဲအော်ကြ၊ လက်ခုပ်တီးကြပါ တယ်။ ဝေါခနဲပြေးလာပြီး ဗိုလ်တဲအပေါ် တက်တဲ့ လှေခါးဆီ ပြေးကပ် လာကြပါတယ်။

မောင်မိုးလည်း "သွားပါပြီကွာ" ရေရွတ်ရင်း အောက်က အားပေး တဲ့ ပရိသတ်ကို လက်ပြနှုတ်ဆက်ရပါတယ်။ ဖြစ်ပုံက ကျောင်းသား အားကစားပွဲတော်အတွက် လာကြတဲ့ မင်းသမီး မင်းသား အကုန်နီးပါးက သက်ဆိုင်ရာရဲ့ အစီအစဉ်နဲ့ ထားဝယ်မြို့ပေါ်မှာပဲ တည်းကြပါတယ်။ ကျွန်တော်တို့တစ်ဖွဲ့ပဲ မောင်းမကန်မှာ တည်းကြတာပါ။ ရောဒ်ကာစ



www.burmeseclassic.com

www.burmeseclassic.com



ရက်တွေတုန်းက လူမသိကြပေမယ့် အခုကြတော့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ သိပြီး ဒီနေ့မှ ရောက်လာတာပါ။

လာကြည့်ကြတာမှ ဗိုလ်တဲရှေ့နဲ့ သောင်အစပ်ကြားက ကွက်လပ်မှာ အခင်းတွေ ထိုင်စရာတွေနဲ့ကို လာကြည့်ကြတာပါ။ ဒီလူအုပ်နဲ့ ကျွန်တော်တို့ လိမ်ရိုက်ဖို့ တော်တော့်ကို မလွယ်ပါဘူး။ မျက်နှာကို ရေနဲ့လောင်းထားပြီး မောင်မိုး နိုးခဲ့တာ အလကားဖြစ်ပြီပေါ့။

စိတ်ဓာတ်ကျပြီး မောင်မိုးပြန်ဝင်တော့ များစွာသော ပရိသတ်က ဟေးခနဲ အော်ကြပြန်တယ်။ ကျန်ခဲ့တဲ့ ကိုအရိုင်းတို့ ကင်းတို့ ကိုကုသိုလ်တို့က လက်ပြ၊ အောက်က ပရိသတ်ကလည်း လက်ပြရင်း တဟေးဟေးနဲ့ ပေါ့လေ…။

ဒီကြားထဲ ကိုကုသိုလ်တို့က ထားဝယ်သီချင်းကို ဆိုပြပါသေးတယ်။

"သောင်ပြင်မှာ လှိုင်းလုံးကြီး လှိုင်းစီးမလောမီး
စီးလိုရရှင်…
ရ…အရှင်…ရအရှင်" ဆိုတဲ့ သီချင်းပါ။

မြန်မာ့အသံမှာ အဲဒီနှစ်က ခဏခဏလွှင့်လို့ ရနေတဲ့ သီချင်းပါ။ နယ်ခံပရိသတ်ကလည်း သူတို့နယ်က သီချင်းကို ဝရန်တာကနေ သရုပ်ဆောင်တစ်ယောက်က ဆိုပြတော့ ပိုသဘောကျတာပေါ့ဗျာ။ ဘာရမလဲ၊ သူတို့ကလည်း ပြန်ဟစ်နဲ့ ပျော်စရာကြီးကို ဖြစ်ကုန်တာပါပဲ။

စိတ်ဓာတ်ကျသွားတဲ့ မောင်မိုးက "ကဲ…ဝရန်တာကလူတွေ ခေါ်စမ်းပါဦးကွာ၊ ဘာလုပ်ရင် ကောင်းမလဲလို့" ဆိုတာနဲ့ ကျွန်တော် ထွက်ခေါ်လို့ ကိုအရိုင်းတို့ ဝင်လာကြတော့ အောက်က ပရိသတ်က ဟေးခနဲ အော်ကြပြန်တယ်။ ဒီဟေးကတော့ မကျေနပ်လို့ အော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ။

"ကဲ…ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

အဲဒီအချိန်မှာ အပေါ်ထပ်လှေကားကို စက်အဖွဲ့က ကောင်လေးတွေ တားနေတဲ့ကြားက လူတစ်ယောက် အတင်းတက်လာပါတယ်။ "ကိုကင်းကောင်တို့နဲ့ တွေ့ဖို့"…လို့ သူက အော်နေတာနဲ့ ပေးတက်လို့ရောက်လာတော့ ဒုက္ခရောက်ပြီဆိုတာ သိရတယ်။

"ကိုကင်းကောင်၊ မနေ့က ဓာတ်ပုံတွေ ရပြီဗျ၊ ရော့…"

မောင်မိုးက စကားစတုန်း ဝင်လာတဲ့ ဝင်ဖျက်တဲ့ကိစ္စကို မကျေမနပ်ဖြစ်ရင်း ဓာတ်ပုံတွေ ဆွဲယူပြီး ကြည့်ပါတယ်။ ဓာတ်ပုံက ကျွန်တော်ရယ်၊ ကင်းကောင်ရယ်၊ ကုသိုလ်ရယ် ရေမကူးခင် သောင်စပ်မှာ အရက်သောက်ဖို့ပြင်တုန်း ဓာတ်ပုံဆရာလာတာနဲ့ အမှတ်တရ ရိုက်ထားတဲ့ပုံပါ။ ပုံထဲမှာ ကင်းက အမြည်းထုပ်ကလေးကိုင်လို့ ရှေ့မှာက Rum ပုလင်း။

"ဟင်…ကင်း…မင်း အရက်မသောက်ဘူးဆို၊ ပင်လယ်လေနဲ့နေကြောင့်ဆို၊ ဒီမှာ ဒါ…ဘာလဲ"

"… … …"

"နီကိုရဲ"

"ဒီလိုကွာ…မောင်မိုး၊ ငါတို့ ရေမကူးခင် ချမ်းမှာစိုးတာနဲ့…"

ကိုကုသိုလ်ရဲ့စကားမဆုံးခင် ဗိုလ်တဲခေါင်မိုးပေါ်ကို ဝုန်းခနဲ ဒိုင်းခနဲ ခဲတွေ ကျလာပါတယ်။ အားလုံး ထိတ်လန့်သွားကြတယ်။ အားလုံး တအံ့တသြနဲ့ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ၊ မေးကြတော့ ဝရန်တာက စက်အဖွဲ့က ဖြေပါတယ်။

"ကိုမိုးတို့ မထွက်လို့ ပေါက်တာတဲ့၊ ထွက်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ပြဿနာပဲ၊ ကဲ…ဒီကိစ္စ ဘယ်လိုရှင်းကြမလဲ၊ ဓာတ်ပုံနဲ့ လက်ပူးလက်ကြပ်ပဲ၊ မင်းတို့ကွာ…ငါ့ကို နည်းနည်းလေးမှ နားမလည် ကြဘူး။ ဒီမှာ နောက်ကို သူတို့ အရက်သောက်တဲ့ပုံဆို လုံးဝ ရိုက်မပေးနဲ့ ကြားလား"

အမြဲတမ်းနောက်နေကျ မောင်မိုး နောက်ပြောတာ မဟုတ်ပါဘူး စိတ်တွေရှုပ်ပြီး မှားဟောက်တာပါ။ ဒေါသထွက်နေတဲ့ လေသံနဲ့ဆိုတော့ မျက်နှာရမလားဆိုပြီး လာပေးတဲ့ ဓာတ်ပုံဆရာလည်း စိတ်ညစ်ကြောက် လန့်သွားပုံ ရပါတယ်။ ဒီတော့မှ ကိုအရိုင်းက ဝင်ပြောရတယ်။

"ဘာဆိုင်လို့တုန်း မောင်မိုးရာ…၊ မင်းပြောရမှာ ဒီကောင်တွေကို အရက်မသောက်ဖို့ပဲ ပြောရမှာ၊ ဓာတ်ပုံဆရာနှင့် ဘာဆိုင်လို့တုန်းကွာ"

"မလိုချင်ဘူးကွာ၊ အရက်လည်းမသောက်နဲ့ ဓာတ်ပုံလည်း မရိုက်နဲ့၊ ဒါပဲ"

ဒါကတော့ မှားမှန်းသိပေမယ့် ငါ ဒါရိုက်တာဆိုတဲ့သဘောနဲ့ ခပ်တည်တည်ပြောတာပါ။ ဘာတွေဆက်ပြောရမှန်းမသိချိန်မှာ လူအုပ်က ထပ်အော်ပြီး ခဲနဲ့ ထပ်ထုပြန်တယ်။ အမြဲတမ်းပျော်နေရွှင်နေတတ်တဲ့ မောင်မိုးမျက်နှာဟာ စိတ်ညစ်ခြင်းများစွာနဲ့ အိုစာရင်း ရှေ့ကို ထွက်ရ ပြန်ပါတယ်။

သူ့အပြုံးနဲ့လက်ပြတော့ ပရိသတ်က ဟေးခနဲ အားပေးပြန်ပါ တယ်။ အကွက်တွေ့သွားပြီဖြစ်တဲ့ ပရိသတ်က အောက်ကနေ "သောင်ပြင်မှာ လှိုင်းလုံးကြီး"…သီချင်းကို အော်ပါတယ်။ ဝရန်တာကို မထွက်ရင် ခဲနဲ့ပေါက်ပြီး ခေါ်တတ်လို့ သူရဲလေးကောင်အုပ်စုရော မောင်မိုးရော အခန်းထဲထိုင်နေရပြီး တစ်လှည့်စီ ဝရန်တာကို ထွက်ပြီး အလှည့်ကြ ချပ်ကြရ၊ လက်ပြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်တော့ဘူးကွာ၊ ဒီပုံစံနဲ့ ဒီမှာတော့ လုံးဝ ရိုက်လို့မရတော့ဘူး။ ဒီနေ့ မရိုက်လို့လည်း မပြစ်ဘူးနော်၊ မျှော်ရစ်ကို သွားရိုက်မယ်ကွာ၊ (၃)ခန်းလောက်ပြီးလည်း မဆိုးဘူးပေါ့"

မောင်မိုးစကားကြောင့် အားလုံး တော်တော် စိတ်ညစ်သွားကြတယ်။ မျှော်ရစ်ဆိုတာက သွားရတဲ့ခရီးကလည်းကြမ်း၊ လူသူမရှိတဲ့ သောင်စပ်မှာ ရိုက်ရတာဆိုတော့ နားစရာနေရာကလည်း မရှိနဲ့၊ သွားရတဲ့ လမ်းက ကတ္တရာလမ်းမဟုတ်ဘဲ မြေလမ်းဆိုတော့ ပြန်လာရင် ဖုန်မှုန့်တွေက တစ်ခေါင်းလုံး ဖြူဖွေးနေတာကိုး။ ဒီမှာ ကားရိုက်ဖို့က မလွယ်တော့ဘူးဆိုတာကိုလည်း အားလုံး နားလည်ကြတာနဲ့ ညည်းညည်းညူညူနဲ့ပဲ မျှော်ရစ်ကို လစ်ဖို့ ပြင်ကြရတယ်။

ခဏကြာတော့ ဝိုင်းအုံအော်ဟစ်နေကြတဲ့ ပရိသတ်ကြားကပဲ သူတို့ တိုးဝှေ့ပြီး မျှော်ရစ်ကို လစ်ကြရတယ်။ ကျွန်တော်ကတော့ ဇာတ်ညွှန်းရေးစရာတွေ ကျန်တယ်ဆိုတဲ့ ဆင်ခြေနဲ့ ရအောင်နေခဲ့တယ်။ မောင်မိုးတို့ ထွက်သွားကြပေမယ့် ဘန်ဂလိုရှေ့က ပရိသတ်ကတော့ လျော့မသွားကြပါဘူး။ အိမ်လည်း မပြန်ကြဘူး၊ ဖွဲကောင်းကောင်းနဲ့ စောင့်နေကြပါတယ်။ ဘန်ဂလိုရှေ့မှာ ရုပ်ကင်၊ ပုဇွန်ကင်၊ ငါးကင်ရောင်းတဲ့ လူတွေ၊ အုန်းရှာလပါတ်ရည်နဲ့ အသုပ်သည်တွေ ရောက်လာကြတယ်။ နာရီပိုင်းအတွင်း ဈေးတန်းကလေးတစ်ခု ရောက်လာတာကို အံ့သြပြီး ဝရန်တာထွက်ကြည့်တော့ အောက်က စောင့်နေတဲ့ ပရိသတ်ကြီးက ကျွန်တော့်ကိုပါ ဟေးခနဲအော်ပြီး နှုတ်ဆက်ကြပါတယ်။

ကျွန်တော်လည်း ကြောင်ပြီး လက်တွေဘာတွေ ပြန်ပြရတယ်။ အံ့မယ်၊ လူတွေအများကြီးက နှုတ်ဆက်တာ ခံရတော့ တစ်မျိုးပဲဗျ။ ရင်ထဲမှာ ဘာလိုလို ညာလိုလိုနဲ့။ ဒါနဲ့ ကျွန်တော်လည်း မနေနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပြန်ဝင်လာရတယ်။ ကျွန်တော် ပြန်ဝင်တာကြတော့ ခဲတွေဘာတွေနဲ့ ပစ်ပြီး ထပ်ထွက်ဖို့ မတောင်းဆိုကြပါဘူး။

ဒီလိုနဲ့ နေ့လယ်ခင်းလောက်မှာ အောက်က ပရိသတ်ကြီးရဲ့ လှုပ်ရှားသံ၊ အော်ဟစ်သံ၊ ပြေးလွှားသံတွေ ကြားရလို့ ထွက်ကြည့်တော့ ထက်ထက်မိုးဦး ရောက်လာတာပါ။ ကိုမိုးက ကမ်းခြေဘန်ဂလိုမှာ တည်းတာ သိတော့ လှည့်ဝင်လာတာ။ ဘန်ဂလိုပေါ်ရောက်အောင် ခက်ခက်ခဲခဲ တက်လာပြီးမှ ကိုမိုးမရှိကြောင်း ကျွန်တော် ပြောရတယ်။ အောက်ကလူအုပ်ကြီးနဲ့ဆိုတော့ ရုတ်တရက် ပြန်ထွက်လို့မရနိုင်ဘူး။ အဲဒီအချိန်မှာ သူတို့ချစ်တဲ့ မထက်ကို တွေ့ချင်ကြည့်ချင်ကြတဲ့ ပရိသတ်ကြီးက ထိန်းမရတော့ဘဲ ဘန်ဂလိုလှေကားပေါ် အတင်းတက်ကြတယ်။ ကျွန်တော် အော်လို့ တားလို့လည်း မရဘူး။

မထက်လည်း အထဲဝင်းတံခါးကို အတင်းပိတ်ဖြစ်နေတုန်း ဒုန်းခနဲ အသံကြားရပြီး ဘန်ဂလိုကြီး တုန်သွားပါတယ်။ ကျွန်တော်လည်း ထိတ်လန့်ပြီး ထွက်ကြည့်တော့ လူတည်းခိုတာ သိပ်မရှိလို့ ဆွေးစပြု နေတဲ့ ဘန်ဂလိုလှေကားကြီး ကျိုးကျတာပါ။ အနည်းအကျဉ်း ပွန်းသွားတာ၊ နာသွားတာက လွဲလို့ ဘာမှမဖြစ်တာ ကံကောင်းလို့ပါ။ ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်။

အခက်အခဲတစ်ခုက မထက် ပြန်ဆင်းလို့မရတော့တာဘဲ။ မထက်ကလည်း ခဏလှည့်ဝင်လာပြီး ထားဝယ်ကို ပြန်တက်ရမှာ။ သူ့မှာ အချိန်က သိပ်မရှိဘူး။ လှေကားကျိုးသွားပုံက တကယ့်ထက်ပိုင်းပြတ်ပါ။ အပေါ်မှာ နှစ်ထစ်လောက် ကျန်ခဲ့တယ်။ အောက်မှာတစ်ထစ် လက်တန်းတစ်ဖက်က တွဲလောင်းကျပြီး ကြားက လှေကားထစ်တွေ အားလုံး မြေပေါ်မှာ ဂျုံးဂျုံးကျသွားအောင်ကို ကျိုးတာ။ လှေကားကျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေလို့ လှေကားနား လူရှဲသွားပေမယ့် ထက်ထက်မိုးဦးရှိနေတယ်ဆိုတဲ့ အတွက် ပရိသတ်က လျော့မသွားပါဘူး။

ဘယ်လိုပြန်ဆင်းရမလဲ တိုင်ပင်တုန်း ထုံးစံအတိုင်း ခေါင်မိုးပေါ် ကို ခဲကျပါတယ်။ အော်သံကြီးကိုလည်း ကြားရတယ်။ မထက် တော်တော်လန့်သွားပုံ ရတယ်။ ကျွန်တော်က ရှင်းပြရင်း တောင်းပန်ရ တယ်။

"မထက် ဝရန်တာ ခဏထွက်ရပ်ပြလိုက်ပါ။ မရပ်မချင်း ဒီလိုပဲ ထုတာ၊ လှေကားကျိုးပြီး ခေါင်မိုးပါ လန်သွားရင် ကျွန်တော်တို့ ပွဲပြတ် သွားလိမ့်မယ်"

မထက် ရှေ့ထွက်ရပ်ပြတော့ ပရိသတ်က ကျေနပ်ကြပါတယ်။ ဒီလိုနဲ့ ငါးမိနစ်နားပြီး တိုင်ပင် တစ်မိနစ်လောက် ထွက်ရပ်ပြ နှစ်သိမ့်ရင်း မထက်ပြန်ဖို့ စဉ်းစားကြတော့ နောက်ဘက်က လှေကားတစ်ခုရှိကြောင်း သိရတယ်။ အဲဒီလှေကားက ဘန်ဂလိုအပြင်ဘက်မှာ ထွက်နေတဲ့ အမိုး မရှိတဲ့ လှေကားသေးကလေးပါ။ မိုးရေနဲ့ နေရောင်ထိဖန်များပြီး မပြုပြင် တော့ လှေကားသစ်သားတွေ ပွထပြီး ဆွေးနေတဲ့လှေကား။ အောက်ခြေ က ပြတ်ထွက်ပြီး ကျိုးနေပြီ။ လုံးဝ ချုံးချုံးကျသွားတဲ့ လှေကားထက် စာရင်တော့ အသုံးပြုဖို့ စွန့်စားနိုင်တယ်ပေါ့။

"ကဲ…မထက် ခဏနေရင် ရှေ့ထွက် နှုတ်ဆက်ထား၊ ကျွန်တော် နောက်ကဆင်းပြီး ရှေ့မှာ ရပ်ထားတဲ့ ကားကို နောက်ဘက် လှေကားနား ခေါ်ထားမယ်"

"နောက်ဘက်ထွက်လည်း နောက်မှာအုံမှာ၊ ပြုတ်ကျရင် မလွယ် ဘူးနော်"

စိုးရိမ်မယ်ဆိုလည်း စိုးရိမ်လောက်ပါတယ်။ နောက်လှေကားက



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့အပြင် တစ်ယောက်ဆင်းလှေကားကျဉ်းကလေးကိုး…။ ဒီတော့ ကျွန်တော် ဇာတ်ညွှန်းရေးရတယ်။

"ဒီလိုလုပ် မထက်၊ ကားရောက်လာပြီးရင် မထက် ထွက်လာက်ပြ၊ ပြီးရင် အင်္ကျီအပေါင်းလဲပြီး နောက်ကနေထွက်၊ သူတို့ မထက် ရှိနေတုန်းပဲဆိုပြီး ငြိမ်နေတုန်း လစ်ပေါ့"

"အင်း…ဒုက္ခပဲ၊ ပရိသတ်အားပေးတာက ကြောက်စရာကြီးနော်၊ ဒီမျိုး တစ်ခါမှ မကြုံဖူးဘူး"

ဟုတ်ပါတယ်၊ ပရိသတ်ဆိုတာ အနုပညာသမားတစ်ယောက်ကို ချစ်ပြီဆိုရင် တွေ့ချင်မြင်ချင်စိတ် အင်မတန်ကြီးကြပါတယ်။ သူတို့ နေထိုင်တွေ့နေကြရတဲ့ ဖန်သားပြင်ပေါ်က ပုံရိပ်ထက် အဲဒီပုံရိပ်နဲ့ တစ်ထပ်တည်းတူတဲ့ မူလ လူစစ်စစ်ကို တွေ့ချင်မြင်ချင်စိတ်က တော်တော်ကို ကြောက်စရာ ကောင်းပါတယ်။

ကျွန်တော့်ဇာတ်ညွှန်းအတိုင်း ကားသွားခေါ်၊ မထက်က လက်ထောက်ပြ၊ အင်္ကျီအပေါင်းတစ်ထည်လဲပြီး နောက်ဘက်လှေကားကို ခုန်တုန်ယင်ယင်နဲ့ ကြိုးစားဆင်းပြီး ထွက်သွားရတယ်။ ကျွန်တော် ဆက်ပြင်းချပြီး စိတ်အေးလို့ ဆယ်မိနစ်လောက်ပဲ ကြာပါတယ်၊ ပြဿနာ တစ်ခုနဲ့ ထပ်ရင်ဆိုင်ရတယ်။ ခေါင်မိုးပေါ် ခဲနဲ့ ပစ်ကြတာပါ။

ကျွန်တော် ထွက်ပြီး မထက်မရှိကြောင်း ရှင်းပြပေမယ့် ပရိသတ်ကြီးက မရတော့ပါဘူး။ ရှိနေတယ်လို့ပဲ ထင်ကြတယ်။ ထက်ထက်ကို ခေါ်ပေးပါချည်းပဲ အော်ကြတယ်။ ကျွန်တော် ထွက်ရပ်နေရင် ခဲနဲ့မပစ်ကြပေမယ့် ဝင်တာနဲ့ ဆော်တာပဲ။ ဒါနဲ့ ကျွန်တော်လည်း ဝရန်တာမှာပဲ တစ်ညနေလုံး ရပ်နေရတယ်။ ဇာတ်ညွှန်းတွေ ဘာတွေလည်း မရေးဖြစ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com


မောင်မိုး ပြန်ရောက်လာတော့ မျက်လုံးတော်တော်ပြူးသွားတယ်။ ဖြစ်သမျှ ရှင်းပြပြီးတော့ လှေကားအတွက် ထားဝယ်ကို ကားလွှတ် လက်သမားရှာ သစ်ဝယ်ပြီး ညချင်းပြင်ရတယ်။ မပြင်လို့လည်း မဖြစ်ဘူး လေ…။ နောက်ဘက်လှေကားကလည်း ယဲ့ယဲ့ရှိတော့တာကိုး။ ညဘက် အားလုံးကိစ္စပြီးလို့ ထားဝယ်ကိုတက်၊ ပြဇာတ်ကပြန်လာတော့ မောင်မိုးက

"နီကိုရဲ ရေးပြီးသမျှတွေ ပေးကွာ၊ မနက်အတွက် ကြိုဖတ်ထား ရအောင်"

"အာ…ဘာမှမရေးရသေးဘူးလေ၊ ဝရန်တာမှာ တစ်ညနေလုံး ထွက်ရပ်နေရတဲ့ဟာ"

ကျွန်ုပ်တို့ ဒါရိုက်တာ မျက်နှာအတော်အိုသွားပါတယ်။

"တော်ပါပြီကွာ…၊ နောက် ဒီလူတွေနဲ့ဆို ဒါရိုက်တာ မလုပ်တော့ ပါဘူး" ဆိုတဲ့ ညည်းချင်းဟောင်းကို ဆက်ညည်းပါတယ်။

နောက်တစ်နေ့မှာ နေ့ရောညပါ ရိုက်ကြပါတယ်။ မရိုက်လို့က လည်း မဖြစ်တော့ဘူးလေ…၊ ပြန်ရမယ့်ရက်က နီးနီးလာနေပြီ။ ရိုက် စရာက အတော်ကျန်နေသေးတာကိုး။ ညဘက်ရိုက်ကြတဲ့ အခန်းတွေက ကျွန်းပေါ်မှာ။ မတင့် နေမကောင်းဖြစ်လို့ ပြုစုတဲ့အခန်းရယ်၊ မတင့်ကြောင့် မောင်မိုးနဲ့ အိပ်ကြတဲ့ Camp (ရွက်ထည်တဲ) မီးလောင်တဲ့အခန်းရယ် နောက်နေ့ ပြန်ရတော့မယ်ဆိုတော့ မတင့်ကို သံယောဇဉ် တွယ်နေတဲ့ မောင်မိုး ညဘက် ဆွေးခန်းတွေပါ။

ပြဇာတ်က ပြန်လာကြတော့ ရိုက်ဖို့နှက်ဖို့ ပြင်ကြဆင်ကြပါတယ်။ မီးကြိုးဆွဲ၊ ရွက်ဖျင်တဲထိုး၊ စကားတွေကျက် လူစုနဲ့ ဆယ့်တစ်နာရီ လောက်မှ ရိုက်ကြရပါတယ်။ မောင်မိုး ဒါရိုက်တာလေနဲ့ပြောရင်တော့ လေးယောက်က နောက်လိုက်၊ ဟာသလုပ်လိုက် မောင်မိုးလည်း မ…


www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ပြန်နောက်လိုက်နဲ့ တစ်ခန်းကို ရိုက်တာ တစ်နာရီလောက် ကြာပါတယ်။

ဒီလိုနဲ့ ညနှစ်နာရီလောက်မှာ နောက်တစ်ခန်းရိုက်ဖို့ ပြင်ဆင်တုန်း မတင့်နဲ့အဖွဲ့က မီးပုံနားမှာ မီးလှုံရင်း စောင့်ကြရပါတယ်။ ထားဝယ် ဆောင်းထက် မောင်းမကန်ဆောင်းက ပိုပြီးချမ်းတယ်။ နှင်းက အေးတဲ့ အပြင် ပင်လယ်ဘက်က လေက အမြဲတိုက်နေတော့ မီးပုံနားကပ်နေမှပဲ ရပါတယ်။

မီးလှုံနေကြတုန်း မတင့်က ဟိုမှာကြည့်စမ်း ဘာလဲမသိဘူးလို့ ပင်လယ်ကို ကြည့်တော့ မှောင်နေတဲ့ ကမ်းစပ်မှာ မီးပွင့်ကလေးတွေ လှုပ်လှုပ်နေတာကို မြင်ရတယ်။ ဒီလောက်အေးပြီး လှိုင်းတွေတဝေါဝေါ ရိုက်နေတဲ့ ပင်လယ်ကမ်းစပ်မှာ ဘာလေးတွေလဲပေါ့လေ...။

ဆယ်မိနစ်လောက်ကြာမှ အဖြေသိရတယ်။ ညဘက် ငါးဖမ်းတဲ့ လှေကလေးတွေ ကမ်းကို ပြန်ကပ်လာကြတာ။ လှေကလေးတွေအားလုံး က ကမ်းစပ်မှာ မရပ်ဘဲ လူတစ်ယောက် ခါးမြှုပ်စလောက်ရှိတဲ့ ရေစပ်မှာ ရပ်ပြီး အဲဒီလှေပေါ်က မည်းမည်းကလေးတွေ တရွေ့ရွေ့ ကမ်းကို တက်လာနေတာ နှင်းဆနဲ့ ဖွေးအုံနေတဲ့ ပင်လယ်လအလင်းမှာ မြင်နေရတယ်။ ဘာလေးတွေလဲပေါ့။ ဝိုင်းကြည့်နေကြတဲ့ထဲက ကိုအရိုင်းက သိချင်စိတ်များပြီး ကမ်းစပ်နား ကပ်သွားပါတယ်။

အဲဒီမည်းမည်းကလေးတွေက နှင်းဆရောနေတဲ့ လရိပ်ထဲမှာ ဘူတပုံစံလည်း မဟုတ်ကြဘူး။ လာနေတာကတော့ လူလိုပဲ။ နည်းနည်း ကပ်လာတော့ ကိုအရိုင်းလည်း လန့်လာပုံရတယ်။ အားတင်းတဲ့အသံနဲ့ [illegible]အော်တယ်။ ကားရိုက်ရင် မီးထိုးတဲ့ Sun Gun နဲ့ လှမ်းထိုးလိုက်သူ ကလည်း ထိုးပေးကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ဘယ်သူလဲကွ၊ ဘာလဲ၊ ရပ်…ဘယ်သူလဲ"

အဲဒီမည်းမည်းအစုကလေး ခဏငြိမ်သွားတယ်။ လှိုင်းတွေက ပြေးရိုက်နေကြတယ်။ ခဏကြာတော့မှ မည်းမည်းအရိပ်အစုထဲက မည်းမည်းတစ်ခု ရှေ့ကို ထွက်လာနေတာ တွေ့ရတယ်။ ကျွန်တော်တို့ တစ်ဖွဲ့လုံးလည်း စိတ်ဝင်စားပြီး ဝိုင်းကြည့်နေကြပါတယ်။

"ဘယ်သူလဲလို့ မေးနေတယ် မဟုတ်လား"

ကမ်းစပ်က ကိုအရိုင်း နောက် နည်းနည်းလှမ်းဆုတ်ပြီး အော်တာပါ။

"ကျွန်တော်တို့ပါဆရာ"

"ဘယ်က ကျွန်တော်တို့လဲကွ"

"ကျွန်တော်တို့ပါဆရာ၊ ဆရာ့ဦးထုပ် ပေးပါ"

"ဟော…"

ပြန်ပြောတဲ့စကားကြောင့် ကိုအရိုင်း အတော်ကြောင်သွားပါတယ်။ ဆောင်းအအေးကြောင့် ကိုအရိုင်းက နားကာနဲ့ ဂုတ်ကာပါတဲ့ ဂျပန်ဦးထုပ် ဆောင်းထားပါတယ်။ ကျွန်တော်တို့ပါဆိုတာ ထားတော့၊ ဦးထုပ် ပေးပါဆိုတာကို ဘယ်သူမှ နားမလည်ကြဘူး။

"ဦးထုပ်က ဘာလုပ်ဖို့လဲကွ"

"ဟာ…အဲဒါဆိုလည်း အင်္ကျီပေးဆရာ"

"ဟော…ဘုရား…ဘုရား။ ဦးထုပ်မဟုတ်တော့ အင်္ကျီ ဟုတ်လား။ မင်းတို့ ဘယ်သူတွေလဲလို့ မေးနေတယ်"

ကျွန်တော်တို့ တအံ့တသြကြည့်နေတုန်း ကိုအရိုင်းနားကို မည်းမည်းလူက တိုးကပ်သွားပါတယ်။ ဘာတွေပြောတယ်ဆိုတာ ကျွန်တော်တို့ မကြားရတော့ပါဘူး။ ခဏကြာတော့ ကိုအရိုင်းက ဦးထုပ် ချွတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ မည်းမည်းလူက ရေထဲပြန်ဆင်းသွားပြီး ကိုအရိုင်းဆီ ပြန်တယ်။ ပြီးတော့ ကိုအရိုင်း ဝမ်းသာအားရ ဦးထုပ်ပိုက်ပြီး ကျွန်တော်တို့ မီးပုံဆီ ပြေးချလာတာပဲ။

“ပုစွန်တွေကွ၊ ပုစွန်တွေ၊ ဒီကောင် ပုစွန်တွေ ပေးသွားတာ”

အားလုံး ဝိုင်းအုံကြည့်ကြတော့ ကိုအရိုင်းဦးထုပ်ထဲမှာ လျှံကျမတတ် လက်သုံးလုံးလောက်စီရှိတဲ့ ပုစွန်တွေပါ။ လတ်တာမှ စိမ်းပြီး ကွေးချည်ဆန့်ချည် လုပ်နေကြတုန်း။ ည ၂ နာရီမှာ ဗိုက်ဆာစပြုနေတဲ့ လူတွေအားလုံး ဝမ်းသာသွားကြပါတယ်။

ကျွန်ုပ်တို့ ဒါရိုက်တာကြီးလည်း ပင်လယ်စာကို မနေနိုင်တော့ဘဲ ကိုအရိုင်းဦးထုပ်ထဲက ပုစွန်တစ်ကောင် ကောက်ကိုင်ပြီး ပုစွန်အမျိုးအစားခွဲ၊ ဘယ်လိုစားရကြောင်း ပြောပြီး မီးပုံအစပ်က မီးခဲထဲ ပစ်ထည့်ပြီး စားပြပါတယ်။ ရလာတဲ့ ပုစွန်က အကောင်သုံးဆယ်လောက်ပဲ ရှိတော့ စားရတာ သိပ်မဝဘူးပေါ့။ ကျွန်တော်ကတော့ ပုစွန်ကို ဘာပုစွန်မှ မစားတော့ ဘယ်လိုနေလည်း မသိပါဘူး။ အရမ်းကောင်းတာပဲလို့တော့ အားလုံးပြောကြပါတယ်။ ပုစွန်မီးဖုတ်တဲ့ အနံ့ကလည်း သင်းနေတာပဲ။ ပုစွန်ကုန်သွားတော့ စားရတာမဝတဲ့ မတင့်က မကျေမနပ်နဲ့ ပြောပါတယ်။

“ဟိုက အင်္ကျီပေးပါဆိုတော့ မချွတ်ပေးဘူး၊ အင်္ကျီသာဆို အများကြီးရမှာ”

“ဟ...နင့်ဂျီးတော်ပဲ၊ ဘာမှန်းမှ မသိတာပါ၊ ပင်လယ်ထဲက ဘက်လာပြီး အင်္ကျီပေးပါဆိုတာ ငါက ပေးရဲပါ့မလား”

“နောက်နေ့ကြရင် လုံခြည်ပါ ချွတ်ပေးလိုက်ဗျာ၊ ဒါမှ အားလုံး စားလို့ဝမှာ”

မောင်မိုးစကားကြောင့် အားလုံးရယ်ကြပါတယ်။ ဒီညတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ ဒါရိုက်တာလည်း ပုစွန်ကင်နဲ့ ကျေနပ်ပြီး ရိုက်ကွင်းနားလိုက်ရတယ်။

နောက်နေ့ညှ ရိုက်ကွင်းကျတော့ ညတစ်နာရီကျော်တာနဲ့ အားလုံးက ပင်လယ်ပြင်ကို မျှော်နေပါပြီ။ လရောင်နဲ့ နှင်းတွေဝေနေတဲ့ ပင်လယ်ထဲမှာ မီးပွင့်ကလေးကို ရှာကြတယ်။ အဲဒီနေ့က ကိုအရိုင်းက သူ့အခန်းမပါသေးလို့ အိပ်နေတယ်။ တစ်နေ့လုံး ကားရိုက် ပြဇာတ်ကနဲ့ တော်တော်ပင်ပန်းနေလို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေတဲ့ ကိုအရိုင်းကို သွားနှိုးကြပြီး ကမ်းစပ်မှာရပ်ဖို့ တောင်းဆိုကြတယ်။

နှိုးလို့ မထတော့ ညာသံပေးပြီး ခြေထောက်ကနေ ဒရွတ်တိုက်ဆွဲထုတ်ကြတယ်။ မောင်မိုးကလည်း ရေခွက်ကြီး တကိုင်ကိုင်နဲ့ပေါ့။ တောင်းပန်လို့လည်း မရ၊ ပြန်အိပ်လို့လည်း မရ၊ ဒေါသဖြစ်လို့လည်း မရ ဆိုတော့ ကိုအရိုင်း ထရပါတယ်။

"မင်းတို့ သွားရပ်ပြီး အော်လည်း ရတာပဲကွာ"

"မရဘူး၊ ခင်ဗျားအသံကို သူတို့က မှတ်မိနေပြီဗျ"

"ဟုတ်တယ်၊ ခင်ဗျားအသံကမှ ဩဇာပါတာ"

"ဩဇာပါတာ မဟုတ်ဘူး၊ သနားစရာကောင်းတာ၊ ဒါကြောင့်မို့ ဟိုက ပေးသွားတာပေါ့ကွ"

တစ်ယောက်တစ်ပေါက်ပြောရင်း ကိုအရိုင်းကို ဦးထုပ်တွေ ဝိုင်းဆောင်းပေးကြပါတယ်။ ကင်းကောင်က နီးဦးထုပ် ဆောင်းပေးတယ်။ မတင့်က...

"ဟာ...နီးဦးထုပ်က အနားပဲကျယ်တာ၊ စောက်က ဂျပန်ဦးထုပ်က ပိုနက်တာ။ ဒါပဲဆောင်း"

နီးဦးထုပ်ဖြုတ်ပြီး ဂျပန်ဦးထုပ် ကိုအရိုင်းခေါင်းပေါ် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်တစ်ခါ ဂျပန်ဦးထုပ်ဖြုတ်ပြီး Nike ဦးထုပ် ဆောင်းပြန်တယ်။ နောက်ဆုံး ကိုဖြူ (ဖိုးဖြူ)ကလား မသိဘူး ဆိုင်ကယ်စီးတဲ့ ဦးထုပ်ကြီး ယူလာပြီး ဆောင်းပေးတော့ အားလုံး သဘောတူလက်ခုပ်တီးကြတယ်။

"ဒါကြီးတော့ မလုပ်ကြပါနဲ့ကွာ၊ ဆိုင်ကယ်ဦးထုပ်ကြီး ဆောင်းပြီး ညဘက်ကြီး ကမ်းစပ်ရုပ်ရတာ ဘယ်လိုမှ အဆင်မပြေလို့ပါ"

"မရဘူး၊ အဲဒါပဲဆောင်း"

"ဆိုင်ကယ်ပါ မင်းအနား ထားပေးထားမယ်ကွာ"

နောက်ဆုံး ဂျပန်ဦးထုပ်ဆောင်းပြီး ဆိုင်ကယ်ဦးထုပ် လက်မှာကိုင်ဖို့ ဈေးတည့်သွားလို့ ကိုအရိုင်းကို ပင်လယ်ကမ်းစပ် တွန်းထုတ်လာရတယ်။

"အေး…ပုစွန်က ပုစွန်ပဲနော်၊ ကားရိုက်က ကားရိုက်ပဲ၊ ဒီည ပြီးအောင်ရိုက်မယ်"

ကျွန်ုပ်တို့ ဒါရိုက်တာ ဘာပဲအော်အော်ပါ၊ ရိုက်ကွင်းတစ်ခုလုံးက ပင်လယ်ကမ်းစပ်က ဆိုင်ကယ်ဦးထုပ်နဲ့ ပင်လယ်ထဲက မီးတွင်းကလေးကိုပဲ စိတ်ဝင်စားကြပါတယ်။ ကိုအရိုင်းခမျာ ကမ်းစပ်မှာ ရုပ်ရတာ အေးလွန်းလို့ ခဏခဏ လာမီးလှုံရတယ်။

နောက်ဆုံးတော့ ကိုအရိုင်းရဲ့ "ဘယ်သူတွေလဲကွ၊ ခဏရပ်" ဆိုတဲ့ အသံကြီးကို အောင်မြင်စွာ ကြားရပါတယ်။ မည်းမည်းတွေ ကပ်လာ ဦးထုပ်နှစ်လုံးနဲ့ ကိုအရိုင်း ပြေးလာ။

ဒီနေ့ညတော့ ကြိုတင်ကြံစည်ထားကြသူတွေက ဝါးသိတ်တွေ လုပ်ထားကြလို့ မနေ့ကလို ပြာလူးတဲ့ပုစွန်မီးဖုတ်မဟုတ်တော့ဘဲ ပုစွန်တင်ကို ကောင်းကောင်း အားရပါးရစားကြရပါတယ်။ ကျွန်ုပ်တို့ ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်နေနိုင်တော့မလဲ၊ ရိုက်ချက်တွေ၊ ဇာတ်လမ်းတွေ၊ Camera Work တွေ မေ့ပြီး သူ့ကိုယ်တိုင် ပုစွန်တွေကင် ဝင်နွှဲပါတယ်။

ကျွန်တော်ကတော့ ပုစွန်မကြိုက်လို့ မစားခဲ့ပါဘူး။ အဲဒီမှာ စားခဲ့ကြသူတွေအားလုံးကတော့ မောင်းမကန်ကမ်းခြေက ဆိုင်ကယ် ဦးထုပ်နဲ့ခံပြီး စားရတဲ့ ပုစွန်ကင် အလွန်ပင်ကောင်းကြောင်း ဒီနေ့အထိ ပြောနေကြတုန်းပါပဲ။


ခက်ခဲပင်ပန်းလှသော ခရီးကြမ်း၊ မနားမနေပင်ပန်းခဲ့ကြသော ခရီးလမ်းဖြစ်သော်လည်း လူ့သဘာဝအရ မပျော် ပျော်အောင် နေခဲ့ကြဖူးတဲ့ ခရီးတစ်ခုအဖြစ် အားလုံးရဲ့အမှတ်တရ ကျွန်တော် ရေးရပါတယ် ခင်ဗျာ။

နီကိုရဲ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com